www.burmeseclassic.com

BURMESE CLASSIC .com

ဒါကြည်ဝေါ်

# ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ



www.burmeseclassic.com

မြို့မစာအုပ် - ၄၁

# ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ

အကြည်တော်

**တော်ဝင်မြို့မ**
စာအုပ်တိုက်
၇၇(ခ)၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း - ၃၇၉၅၇၃

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**စီစဉ်ထုတ်လုပ်သူ**

ကိုမိုး

စာမူခွင့်ပြုချက်အမှတ် — ၁၆၇၉/ ၂၀၀၃(၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် — ၁၄၆၂/ ၂၀၀၃(၁၂)

**မျက်နှာဖုံးဒီဇိုင်း**

ကိုဆန်း

**ထုတ်ဝေသူ**

ဦးလှိုင်ဝင်းမိုး (မြဲ ၀၃၉၀၀)

၇၇/ ခ၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်)

အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်။

**အတွင်းဖလင်**

ကိုသစ် (ဗ.ဇ)

**စာအုပ်ချုပ်**

ကိုတင်အေး

**ပုံနှိပ်ခြင်း**

ပထမအကြိမ် — ၂၀၀၄ ခုနှစ်၊ ဧပြီလ

**အုပ်ရေ**

(၁၀၀၀)

**တန်ဖိုး**

၈၀၀ ကျပ်

www.burmeseclassic.com

## မာတိကာ


| စဉ် | အမည် | စာမျက်နှာ |
|---|---|---|
| ၁။ | အာနိုးနှင့်ကြော်ငြာ | ၁၁ |
| ၂။ | ပြုတ်ထွက်ထားသော ကျောရိုးဆစ်ကလေးများ | ၂၅ |
| ၃။ | အားနာခြင်းအမှု | ၃၉ |
| ၄။ | မူပိုင်ခွင့်၊မယ်ဒိုလင်နှင့်ရော့(စ်)စတီးဝပ် | ၄၉ |
| ၅။ | ဂျာနယ်လစ် | ၇၁ |
| ၆။ | ပြန်လည်ခံစား ဂန္ထဝင်ဝတ္ထုများ | ၈၁ |
| ၇။ | မော်ဂန်နှင့် ဒန္ထဝင် | ၉၇ |
| ၈။ | ကိုယ်ပျောက်ခန္ဓာပဋ္ဌလက်တိုက်ကွက် | ၁၁၅ |
| ၉။ | သူ့ကို တစ်ခါမြင်ကတည်းက ရာဇဝင်ထဲက လူကြီးမှန်းသိပါတယ် | ၁၂၉ |

www.burmeseclassic.com

# အကြည်တော်



**ဘို င် အို ဂ ရ ပ် ဖီ**

**အကြည်တော်**

| | |
|---|---|
| ရုပ်သက် | – ၆၀ နှစ် |
| စိတ်သက် | – ၄ နှစ် |
| လူသက် | – ၃၁ နှစ် |
| အတန်းပညာ | – ရေးတတ် ဖတ်တတ် |
| အလုပ်အကိုင် | – လူပျို |
| ဝါသနာ | – အရေးနှင့်အချွတ် |
| အကြိုက်ဆုံး | – ပေါင်းခံအမြှပ်လက်ဖက်ရည် |
| မကြိုက်ဆုံး | – ပေါင်ပိန်ပိန် |
| အနာဂတ်ရည်မှန်းချက် | – မေးခွန်းမရှင်းပါ |
| နေရပ်လိပ်စာ | – အတိအကျမသိပါ |
| ဆောင်ပုဒ် | – မနက်ဖြန်အထိ ရွှေ့လို့ရတဲ့အလုပ်ကို ဒီနေ့မလုပ်ပါနဲ့ |


www.burmeseclassic.com

ကျွန်တော့်တွင် ကျွန်တော်မသိသော ကျွန်တော့်ကလောင် တစ်မျိုးရှိ၏ ။ထိုကလောင်ကိုကျွန်တော်မသိရခြင်းအကြောင်းရင်းမှာ ထိုကလောင်အမည် မဂ္ဂဇင်းဂျာနယ်များတွင် ဒေါင်းဒေါင်းပြေးနေချိန် အကြည်တော်ဆိုသော ကလောင်သစ်ကလေး မပေါ်သေး၍ဖြစ်၏ ။ထိုကလောင်သည် အလွန်အို၏ ထိုကလောင်သည် အလွန်စပ်စုသောဉာဉ်ရှိ၏ ။ ထိုကလောင်၏ ရေးဟန်များမှာ ရေးကျ၏ ။သို့သော်ထိုကလောင်ရှင်သည် အလွန်ရယ်ရွှင်ဖွယ်ကောင်းအောင် ရေးသားတတ်သူဖြစ်သည်။ထိုကလောင်ရှင်၏ ရေးဟန်သည်ကျွန်တော်တို့လိုလူငယ်များ၏ ဟန်မျိုးမဟုတ်ဘဲ ရေးရိုးစွဲနေသောသက်ကြားအိုဝါရင့်စာပေသမားများဟန်ဖြစ်သည်။

ယခု သူရေးသားခဲ့သောစာပေများကို ကျွန်တော်ပြန်လည်ထုတ်နုတ်တင်ပြရခြင်းအကြောင်းရင်းမှာလည်း သူ၏ စာများကိုကျွန်တော်ကိုယ်တိုင်ကြိုက်နှစ်သက်လွန်းလှ၍ပင်ဖြစ်၏ ။အကယ်၍များ ဤစာပေများသည်ပရိသတ်နှင့်အကြိုက်နှင့်ကိုက်ညီပါက ကျွန်တော်ကို ချီးမွမ်း၍ ပရိသတ်အကြိုက်နှင့်မကိုက်ညီပါက ထိုအချိန်ကရေးသားခဲ့သော ‘ အဘ ကိုကိုကြီး ’ ကိုသာအပြစ်တင်ကြပါရန် . . .

အကြည်တော်

www.burmeseclassic.com



# အဘကိုကိုကြီး

**ဘို င် အို ဂ ရ ပ် ဖီ**

**ကိုကိုကြီး**

| | |
|---|---|
| ရုပ်သက် | – ၃၁နှစ် |
| စိတ်သက် | – ၈ နှစ် |
| လူသက် | – မှန်း၍မရ |
| အတန်းပညာ | – ဘုန်းတော်ကြီးကျောင်းသင်ရိုးကျွတ် |
| အလုပ်အကိုင် | – စဉ်းစားဆဲ |
| ဝါသနာ | – အက်တာအို |
| အကြိုက်ဆုံး | – နေစောင်းချိန် |
| မကြိုက်ဆုံး | – ကလေးအနီး |
| အနာဂတ်ရည်မှန်းချက် | – ကံစီမံရာပေါ့ |
| နေရပ်လိပ်စာ | – မေ့နေသည် |
| ဆောင်ပုဒ် | – လူမစွမ်းတော့ နတ်ကလည်းဖာသိဖာသာပေါ့ |

www.burmeseclassic.com

အကြည်တော်ဆိုသောကလောင်အမည်ကို ကျွန်ုပ်စာရေးသက် အတော်ရမှစတင်ပေါ်ပေါက်လာ၏။ သူနှင့်ကျွန်ုပ်ဆိုသည်မှာ ကျွန်ုပ်နှင့် သူကဲ့သို့ပင်။ထို့ကြောင့် အကြည်တော်မှ ကျွန်ုပ်၏ မဂ္ဂဇင်းဂျာနယ်များတွင် ပါရှိပြီးဖြစ်သော ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများအပါအဝင် အခြားဝတ္ထုများအား စာအုပ်အဖြစ် စုစည်း၍ပြန်လည်ထုတ်မည်ဆိုသည့် အခါ၌ကား ကျွန်ုပ်မှာ ငြင်းဆန်စရာစကားမရှိတော့။ သူ့အား ကျွန်ုပ်၏ခေါင်းကို ဖြည်းညင်းစွာဖြင့် သုံးရက်ဆက်တိုက်ငြိမ့်ပြလိုက်ရ၏။

သို့ပေမင့်ကာ ပြောစရာရှိသေးအံ့။ ဤစာမူများမှာ လွန်လေပြီးသော နှစ်ပေါင်းများစွာက ရေးသားခဲ့သည့်အတွက် စာအရေးအသာများ ရှေးဆန်၍ ပရိသတ်အကြိုက်နှင့်မကိုက်ညီပါဆိုငြားအံ့၊ စာအုပ်ဖြစ်အောင် လုပ်ခဲ့သော အနီအကြည်တော်ကိုသာအပစ်တင်ရန်နှင့် ကြိုက်လှချေလှတကား၊ နှစ်သက် လှချေတကား၊ လက်ကမချနိုင်ပါတကားဟု ဆိုကြပါမူ ကျွန်ုပ်ကိုကိုကြီး၏ ဉာဏ်ပါရမီ နှင့်ပညာသဘာကို ချီးမွမ်းကြပါကုန်။

နားနှင့်မနာ ဖဝါးနှင့်သာနာပါ ပရိတ်သတ်တို့. . . ။

**ကိုကိုကြီး**

www.burmeseclassic.com



www.burmeseclassic.com

# အခန်း ၁ ကြော်ငြာ

"ဒေါက် . . . ဒေါက် . . . ဒေါက်"

"ဘာကိစ္စတုံး"

"ကျွန်တော် ကြော်ငြာဒါရိုက်တာစိန်အုံးပါ"

လုံးဝထင်မှတ်စရာမရှိသော အသားမည်းမည်း၊ သွားကျဲကျဲ၊ ဆံပင်အရောင်မွဲမွဲ၊ အရပ်နည်းနည်းပုသူ လူတစ်ဦး ကျွန်ုပ်၏ အိမ်ရှေ့တွင် မိမိကိုယ်မိမိကြော်ငြာဒါရိုက်တာဟု မိတ်ဆက်ရင်း တွေ့လိုက်ရ၏။

"အိမ်ထဲဝင်လကွယ်"

ထိုသူငယ် ကျွန်ုပ်၏အနောက်မှ ခေါင်းငုံ့၍ လိုက်လာ၏။ ခေါင်းငုံ့လိုက်ခဲ့ခြင်းမှာ ကျွန်ုပ်အား ရိုသေလှ၍တော့မဟုတ်။ ကျွန်ုပ်၏ အိမ်ခေါင်မှာ အရပ်ပုလွန်းသော အနီးသူငယ် ခေါင်းမလွတ်၍ဖြစ်ပြီး အရှေ့မှ ဦးဆောင်သွားနေသော အရပ်ရှည်သည့် ကျွန်ုပ်ပင် ဖင်တွန်းဖင်တွန်းနှင့် ဧည့်ခန်းသို့ တရွေ့ရွေ့နှင့် ဦးဆောင်ခေါ်သွားရ၏။

"ဂွတ်"

ခင်းထားသော ဝါးခြမ်းပြား ကျိုးသံကြောင့် အနီးသူငယ် တုန်တုန်ယင်ယင်ဖြင့် . . .

"အဘအိမ်က ခိုင်ပါတယ်နော်"

ကျွန်ုပ်လည်း အေးဆေးစွာ အဖြေပေးလိုက်၏။

"ကံတရားပေါ့ကွယ်၊ ကဲ . . . လာရင်းကိစ္စကို ဆိုစမ်းပါဦး"

ထိုသူငယ် ကျွန်ုပ်၏ ခြောက်ပေပတ်လည် အိမ်တစ်အိမ်လုံးကို ဝေ့ကြည့်ရင်း . . .

"ကျွန်တော် ကြော်ငြာလေးတစ်ခု ရိုက်ချင်လို့ပါ"

"ဟဲ့ . . . အဲသဟာနဲ့ ငါ ဘာဆိုင်သတုံး"

ထိုသူငယ် ဟန်ပါပါတစ်ချက်ပြုံးရင်း . . .

"ဒီလိုပါ အဘ၊ ကျွန်တော် အခုရိုက်မယ့် ကြော်ငြာက နည်းနည်းကြီးကျယ်တယ်။ ကုန်ပစ္စည်းကိုလည်း ကမ္ဘာကိုဖြန့်မယ်ဆိုတော့ ကြော်ငြာကိုလည်း တစ်ကမ္ဘာလုံးသိအောင် ကမ္ဘာကျော် မင်းသားနဲ့ ရိုက်ချင်လို့ပါ"

"ဟဲ့ . . . အဲသဟာနဲ့ ငါဘာဆိုင်ပြန်သတုံး"

ထိုသူငယ် မည်းညစ်ညစ်လက်ကို ကာပြရင်း . . .

"ရှင်းပြမယ်လေ။ အဲသည်လို ကမ္ဘာကျော်တွေ ငှားဖို့ဆိုတာ အဘတို့လို ရှေ့မီနောက်မီ လူတွေနဲ့ ငှားမှ ရမှာမို့ အဘကို အကူအညီလာတောင်းတာပါ"

"သြော် . . . ဒါကြောင့်ကိုး။ ဒါနဲ့ မောင်ရင်တို့က ဘယ်သူ့ကို ငှားချင်တာတုံး"

ထိုသူငယ် ခါးကိုဆန့်ရင်း . . .

"အာနိုး"

"ဂျွတ်"

ကျွန်ုပ်မပြောနှင့် ဝါးကြမ်းခင်းပင် နာမည်ကြားရုံနှင့် လန့်ပြီး ကျိုးသွားပုံရ၏။

"နို့ မင်းသမီးကရော"

"မင်းသမီးကတော့ နိုင်ငံခြားမင်းသမီး မငှားနိုင်တော့ဘူး။ ဒီက နာမည်ကြီး ကြော်ငြာမင်းသမီးနဲ့ပဲ တွဲရိုက်မယ်"

ကလစ် . . . ကလစ် . . . ကလစ်

ကျွန်ုပ်၏ အိမ်မဟာကြီး အနည်းငယ် ယိုင်ကျသွားသည်။ အင်း... တလွဲတွေတော့ ဖြစ်ပြီထင့် . . .

"ဒါနဲ့ ကြော်ငြာမယ့် ကုန်ပစ္စည်းက"

ထိုသူငယ် မျက်လုံးမှေးစင်း၍ ကျွန်ုပ်ကို ဟန်ပါပါကြည့်ပြီး...

"ဝက်ခွာခြောက်စွပ်ပြုတ်"

"ဂုန်း"

www.burmeseclassic.com

အိမ်ပြန်သွားကတည်းက ဤကိစ္စ အကူအညီပေးမိသည်မှာ မှားယွင်းပြီဖြစ်ကြောင်း မရိပ်မိခဲ့၍ ယခုလို အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ရောက်ခဲ့ခြင်းပင်။ ကျွန်ုပ်တို့ ရောက်ခဲ့ပြီး သိပ်မကြာခင်ပင် လေယာဉ်ပျံတစ်စီး ထိုးဆိုက်လာသည်။ ထိုလေယာဉ်ပျံကြီးပေါ်မှ ကျွန်ုပ်၏ မိတ်ဆွေကြီး အာနိုးပါရှိခဲ့လေ၏။ အာနိုးကြီး ကျွန်ုပ်ကို မြင်သည်နှင့် . . .

"ဟယ်လို အဘ နေကောင်းတယ်နော်" ဟု အင်္ဂလိပ်သံ ပီပီသသဖြင့် နှုတ်ဆက်သဖြင့် . . .

"ပို့သသော မေတ္တာကြောင့် ကျန်းခံ့သာလို့ မာပါရဲ့ဗျာ။ ဩော်… ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူက မောင်ရင်နဲ့ ကြော်ငြာရိုက်မယ့် ဒါရိုက်တာ စိန်အုံးပါ"

အာနိုးလည်း ကျွန်ုပ်ဘေးမှ ကြော်ငြာဒါရိုက်တာ စိန်အုံးကို

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ဒါနဲ့ ကြုံတုန်းတစ်ခါတည်း ပြောရဦးမယ်။ ကျွန်တော် ဒီကြော်ငြာအတွက် အချိန် (၁)လပဲ ပေးနိုင်မယ်"

"ဘာဗျ"

စိန်အုံး ဘာကို ဒေါသထွက်သွားသည်မသိ။ မိုးကြိုးပစ်သလို အသံကြီးနှင့် အာနိုးထံပြေးသွားပြီး ကျွန်ုပ်အထင် အာနိုး၏ကုပ်ကို လှမ်းဆွဲလိုက်ဟန်တူ၏။ သို့သော် အရပ်ပုလွန်းသော စိန်အုံး အရပ်မြင့်မားလွန်းသော အာနိုး၏ ချက်စပ်ကိုသာဆွဲမိ၍ အာနိုးတစ်ချက်တွန့်သွား၏။ ကလိထိုးသလို ဖြစ်၍ ယားသွားပုံရ၏။

"ခင်ဗျား စကားကို ဆင်ခြင်ပြောပါ။ ကျုပ်က ကြော်ငြာ ဒါရိုက်တာ မလုပ်ခင်ကတည်းက လက်ဖက်ရည်ဆိုင်မှာ ပလာတာရိုက်လာတဲ့ကောင်ဗျ။ ရိုက်သက်က ရင့်နေပြီ။ ဒီလိုကြော်ငြာကို မပြောနဲ့၊ ဗီဒီယိုတောင် (၂) ရက် တစ်ကားနှုန်း ရိုက်နေတာ။ ဒီကြော်ငြာကို တစ်ရက်တည်း အပြီးရိုက်မယ်။ မနက်ဖြန် ပိုက်ဆံယူပြီးပြန်"

ပြတ်သားလှပေစွ။

* * *

www.burmeseclassic.com

ရိုက်ကွင်းအတွက် ပြင်ဆင်ပြီးသော အာနိုးကြီးကို ကျွန်ုပ်လွန်စွာ အားကျမိ၏။ မေးရိုးကားကား၊ လက်မောင်းသားထွားထွားတွင် ဆေးအမည်းများ ဆေးအနီများဖြင့် အစင်းကြောင်းကြီးများ ဆွဲထားပြီး ကွန်မန်ဒိုဝတ်စုံဖြင့် လွန်စွာကြီးမားသော သေနတ်အတုများကို ခန္ဓာကိုယ်အနှံ့အပြား ချိတ်ဆွဲထားသောကြောင့် သူ၏ ရုပ်ကို ပိုအသက်ဝင်စေ၏။ သို့သော် . . .

"ဟေ့လူ အာနိုး ခင်ဗျား ဘယ်လို လုပ်လာတာလဲ"

ကြော်ငြာဒါရိုက်တာ စိန်အုံးမှ မကျေမနပ်နှင့် ငေါက်၏။

"ဗျာ . . . ဘာဖြစ်လို့လဲ"

"ခင်ဗျား ဘယ်လိုပြင်ထားတာလဲ"

"ကွန်မန်ဒိုလေဗျာ။ ကျုပ် အုတ်နံရံတွေကို သေနတ်နဲ့ ပစ်မယ်လေဗျာ။ အဲဒီအထဲက ဝက်ခွာခြောက်စွပ်ပြုတ်ထုပ်ကို ဆွဲထုတ်လိုက်မယ်လေဗျာ။ မကောင်းဘူးလား"

"ဟာ . . . မကောင်းဘူး။ သင်ရိုးအဟောင်းတွေ လာရွတ်ပြမနေနဲ့။ အခုခေတ်မှာ လူတွေ ဘာကိုကြိုက်တယ်ဆိုတာ မသိဘဲနဲ့ ခင်ဗျားကို ရှင်းပြရတာနဲ့ပဲ အချိန်ကုန်တယ်။ မာမီရေ . . . အာနိုးကို လှလှလေး ပြင်ပေးလိုက်"

ဘယ်အချိန်ထဲက ရောက်နေမှန်းမသိသည့် အလှဖန်တီးရှင် (၂)ဦး ပြေးထွက်လာပြီး . . .

"ကမ္ဘာကျော်သာဆိုတယ် ပါးလည်း မဖောင်းဘူး" ဟုဆို၍

အာနိုးကို အတင်းဆွဲခေါ်လေရာ . . .

"ဟ . . . ဟ . . . မလုပ်နဲ့လေဗျာ။ အဘကျွန်တော့်ကို ကယ်ပါဦး။ ဒီမှာ ဘာတွေလဲ မသိဘူး"

ကျွန်ုပ်အား လှမ်း၍ အကူအညီ တောင်းသော်လည်း ကျွန်ုပ် မည်သို့မျှမကူညီနိုင်။

သြော် ရုပ်ရှင်ထဲမှာ ရန်သူထောင်ပေါင်းများစွာကို သတ်ဖြတ်တတ် သည့် ကွန်မန်ဒိုကြီး အလှဖန်တီးရှင်ကျတော့ ကြောက်သား။

မကြာပါ။ အာနိုး ငိုမဲ့မဲ့နှင့် ထွက်လာ၏။ မိတ်ကပ်အဖုံဖုံ၊ နှုတ်ခမ်းနီ ပါးနီများနှင့် အင်္ကျီကျပ်ကျပ် ဘောင်းဘီရှည် ချက်ပြုတ်နှင့် ဘယ်လိုမှ ကြည့်ရှု၍ မျက်စိပသာဒမဖြစ်။

"အဘ လုပ်ပါဦးဗျ။ ဒီမှာ ကျုပ်ပုံကိုလည်း ကြည့်ပါဦး။ အလှဖန် တီးရှင်ကြီးလို ဖြစ်နေပြီ"

ကျွန်ုပ်လည်း သက်ပြင်းချရုံအပြင် ဘာမှ မတတ်နိုင်တော့။

"သဗ္ဗေသတ္တာ၊ ကမ္မသကာပေါ့ကွယ်"

ထိုစဉ် . . .

"မင်းသမီးလာပြီ မင်းသမီးလာပြီ"

ဟော . . . မြန်မာကြော်ငြာ စူပါစတား မင်းသမီးလေး ရောက် လာပါပြီ။ သူတစ်ဦးတည်းမဟုတ်။ သူနှင့်အတူ သူ၏ ယောကျ်ားလေးပါ ပါလာ၏။ ဒါရိုက်တာ စိန်အုံး မင်းသမီးကားဆီသွားပြီး ကားတံခါးကို ပြေးဖွင့်ကာ ပါးစပ်ကို အစွမ်းကုန်ဖြဲရင်း . . .

"မင်းသမီး နည်းနည်းနောက်ကျတယ်နော်"

မင်းသမီးလေးက ဒါရိုက်တာကို ဂရုမစိုက်ဟန်ဖြင့် . . .

ကျွန်မ (၂)နာရီပဲ အချိန်ပေးနိုင်မယ်။ နောက်ရိုက်ကွင်းတွေ ရှိသေးတယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ . . . ။ အခုစတော့မှာပါ"

"ရေစိမ်မယ်နော်။ အိုက်နေပြီ"

"စိတ်ချ မင်းသမီး၊ စိမ်ရစေမယ်။ ဟေ့ . . . အာနိုး"

"ဗျာ"

"ရိုက်ကွင်းစမယ်"

"ဟုတ်"

ရိုက်ကွင်းစမယ်ဆို၍ အာနိုး ကင်မရာရှေ့သွားပြီး သူ၏ ကမ္ဘာကျော်

www.burmeseclassic.com

ကြွက်သားများကို ညှစ်၍ ခပ်မာမာရပ်နေ၏။

"ဟာ . . . ဟော့လူ၊ ဘယ်လိုရပ်နေတာလဲ"

ဒါရိုက်တာက ငေါက်သည်။ အာနိုးမှာ အူလည်လည်ဖြင့် . . .

"ဒီမှာ ကြွက်သားလေဗျ။ ကြွက်သားပြထားတာ။ ဒီစွပ်ပြုတ်စားရင် ဒီလို အားရှိမယ်ဆိုတာလေ"

ဒါရိုက်တာ စိန်အုံးစိတ်ညစ်သွားဟန် တူသည်။

"ခင်ဗျားကို ဘယ်သူလုပ်ခိုင်းလို့လဲ၊ ဟိုဘက်လှည့်"

"ဗျာ"

"ဟိုဘက်လှည့်လေဗျာ"

အာနိုး ကင်မရာကို ကျောခိုင်း၍ တစ်ဖက်သို့လှည့်၏။

"အဲ . . . ဟုတ်ပြီ။ တင်ပါးပေါ်ဝက်ခွာခြောက်ထုပ်ကိုင်ထားတဲ့ လက်ကိုတင်ထားလိုက်။ အေး . . . အေး ဟုတ်ပြီ။ ကင်မရာက တင်ပါးကို ချိန်ထား။ ဟုတ်ပြီ . . . ဟုတ်ပြီ၊ ကဲ . . . ရိုက်မယ် အာနိုး တင်ကိုလှုပ်ပြီး ကမယ်"

"ဗျာ"

"ဟာ . . . တင်လှုပ်ပြီး 'က' လေဗျာ"

"ဟာဗျာ . . . ကျွန်တော်မှ မလှုပ်တတ်တာဗျ"

"ဟာ . . . ကျွတ်"

ဒါရိုက်တာ စိန်အုံး စိတ်ညစ်သွားပုံရ၏။

"ခင်ဗျားကလည်းဗျာ၊ ကမ္ဘာကျော်လည်း ဆိုသေး တင်လေးတောင် မလှုပ်တတ်ဘူးလား။ ကဲ . . . မင်းသမီး တင်တစ်ချက်လောက်လှုပ်ပြလိုက်"

မင်းသမီးက သူ့ယောကျာ်းနှင့် ဘာတွေပြောပြီး သဘောကျနေသည် မသိ။ လှည့်ပင်မကြည့်ဘဲ တင်ကို လှုပ်ပြသည်။

"ဒက်ဒက်ဒက် ဒက်ဒက်ဒက်ဒက် ဒက်ဒက်ဒက်ဒက်ဒက်ဒက်" ကွယ်. . . မြန်လိုက်လေခြင်း။ အာနိုးကြီး ပါးစပ်အဟောင်းသားပင် ဖြစ်သွားလောက်အောင် တအံ့တသြကြည့်သည်။ ပြီးနောက် ကျွန်ုပ်အား လှမ်းခေါ်ပြီး . . .

"အဘ အဲဒီမင်းသမီး တင်ပါးမှာ ဘာတွေတပ်ထားလဲ။ မော်တာတွေ၊ စက်တွေပါလားဟင်"

ကျွန်ုပ်လည်း သေချာအောင် ရှင်းပြရတော့သည်။

"အော်ရီဂျင်နယ်ပါကွယ်"

အာနိုး ပါးစပ်အဟောင်းသားဖြင့် . . .

"လှုပ်သွားတာ မသိလိုက် မသိဘာသာလေး။ ထင်တောင်မထင်ရဘူး။ ဒါပေမယ့် တော်တော်မြန်တယ်နော်"

"အေး ဒါတောင် နမူနာပဲရှိသေးတယ်"

"အင် . . ."

အာနိုးပို၍ အံ့သြသွားဟန်တူ၏။

"ကဲ . . . ရိုက်မယ်။ အားလုံး ဖယ်ထားပေးကြပါ။ အာနိုး ခုနပုံစံအတိုင်း ပြန်လုပ်မယ်"

ဒါရိုက်တာစိန်အုံး၏ အသံကြောင့် ကျွန်ုပ်လည်း ရိုက်ကွင်းလွတ်ရာသို့ ရှောင်ပေးလိုက်ရ၏။ ကျွန်ုပ်၏ မိတ်ဆွေ အာနိုးကြီး အစွမ်းကုန်ကြိုးစား၏။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် အကြိမ်ပေါင်းများစွာ ရပြီ။ တစ်ခန်းတော့ အောင်မြင်သွားပြီ။ ဒါရိုက်တာ စိန်အုံး စိတ်ကြိုက်ဖြစ်ချိန်ဝယ် အာနိုးကြီးတော့ လမ်းလျှောက်လျှင်ပင် ဖင်တစ်ခါခါနှင့် ဖြစ်သွားပြီ။

"ကဲ . . . နောက်တစ်ခန်း ဆက်ရိုက်မယ်။ အာနိုး ရေကန်ထဲ ဆင်းပါ"

"ဗျာ . . ."

"ရေကန်ထဲဆင်းလေ"

"ဝက်ခွာခြောက်နှင့် ရေကန် ဘာဆိုင်လို့လဲ"

"ဟာ . . . ခင်ဗျား တယ်လျှာရှည်ပါလား။ ဆိုင်ဆိုင် မဆိုင်ဆိုင် ခေတ်အကြိုက်ဗျ။ ခေတ်အကြိုက်၊ ပြောနေကြာတယ် ကဲကွာ . . ."

"ဝုန်း . . ."

လွန်စွာ စိတ်ဆတ်လှသော ကြော်ငြာဒါရိုက်တာ စိန်အုံးပေတကား။ သည်းမခံနိုင်တော့ရှာ့ထင့်။ ခြေမြန်လက်မြန်ပင် အာနိုးကြီးကို ရေကန်ထဲ တွန်းချလိုက်လေ၏။

"ကဲ . . . မင်းသမီးလေး၊ ရေကန်ထဲဆင်းပါ"

မင်းသမီးလေး ရေကန်ထဲ ဆင်းသွား၏။

"အာနိုးကြီးက ရေငုပ်နေမယ်။ ပြန်ပေါ်လာမှ ရိုက်မယ်။ ကဲ... ရယ်ဒီရိုက်မယ်"

ဆိုသည့် အသံကြားသည်နှင့် မင်းသမီးမျက်နှာပေါ်တွင် ကျွန်ုပ်တစ်ကြိမ်တစ်ခါ မတွေ့ခဲ့ဖူးသော အပြုံးကို အံ့သြစရာကောင်းလောက်အောင် တွေ့လိုက်ရ၏။

www.burmeseclassic.com

ချိုမြလေခြင်း၊ အေးမြလေခြင်း၊ လှပလေခြင်း။ ကလေးငယ်တစ်ဦး၏ အပြုံးမျိုး။ ယောကျ်ားတစ်ယောက်ပြီး တစ်ယောက် ယူထားသည်မှာ မယုံနိုင်ဖွယ်ရာ အမှုအရာမျိုး။

ဟော . . . အာနိုးကြီး ရေပေါ် 'ဘွား' ခနဲ ပြန်ပေါ်တက်လာပြန်၏။ ကြီးမားသော လက်မောင်းကြီးနှစ်ဖက်ကို ကွေးပြီး ဂဏန်းလက်မကြီးသဖွယ် ပြုလုပ်၍ ပြန်ပေါ်တက်လာသည်မှာ ကြက်သီးမွေးညင်းပင် ထလောက်စရာ။ သို့သော် . . .

"ဟေ့လူ . . . ဘယ်လိုလုပ်တာလဲ"

ကြော်ငြာဒါရိုက်တာစိန်အုံး ဒေါသတကြီးအော်၏။

အာနိုး မျက်စိသူငယ် နားသူငယ်ဖြင့်

"ဒီမှာလေဗျာ . . . လက်မောင်းကြီး"

"ခင်ဗျားကို ဘယ်သူက လုပ်ခိုင်းလို့လဲ"

"ခင်ဗျာ"

"ခင်ဗျာတွေ ဘာတွေ လုပ်မနေနဲ့။ ရေပေါ်က ပြန်ပေါ်လာရင် မင်းသမီးကို နှုတ်ခမ်းလေးစူပြီး မျက်စောင်းလေး ထိုးမယ် ဟုတ်ပြီလား"

"ခင်ဗျာ . . . နှုတ်ခမ်းစူပြီး မျက်စောင်းထိုးရမယ်။ ဟာဗျာ... ကျွန်တော်မှ မလုပ်တတ်ဘဲ"

"ဟာ. . . နှုတ်ခမ်းစူပြီး မျက်စောင်းထိုးတာပဲ ဘာခက်လို့လဲ။ ဒီလိုလေဗျာ။ ဒီလို . . ."

ကန်ပေါင်ပေါ်တွင် ရပ်ကြည့်နေသော မင်းသမီးယောကျ်ားမှ ဝင်၍ လုပ်ပြသည်။

ဟုတ်လိုက်လေခြင်း။ အာနိုးလိုက်လုပ်ကြည့်သည်။ မရ။ မင်းသမီးယောကျ်ား ပို၍ စိတ်ဆိုးသွားသည်ထင့်။

"အဲလို မဟုတ်ဘူးလေဗျာ။ ဒီလိုလေ ဒီလို . . . ဒါလေးတောင် မလုပ်တတ်ဘဲ ကမ္ဘာကျော်လာတာ ကမ္ဘာသူကမ္ဘာသား နစ်နာတယ်"

"ဟုတ်ပ"

မင်းသမီးလေးက ထောက်ခံသည်။

"ဟာဗျာ . . . ကျွန်တော် မလုပ်တတ်ဘူးဗျာ။ ပိုက်ဆံမရရင် နေပစေတော့ ကျွန်တော် မရိုက်တော့ဘူး"

အာနိုးငိုကြီးချက်မနှင့် ရေကန်ပေါ်ပြန်တက်လာသည်။ ကြော်ငြာဒါရိုက်တာစိန်အုံး ပျာပျာသလဲ ဖြစ်သွားသည်။

"ဟာ . . . အဲသည်လိုတော့ မလုပ်နဲ့လေဗျာ။ ကျုပ်တို့က စာချုပ်စာတမ်းနဲ့ လုပ်ထားတာနော်။ အဘ ကြည့်ပြောပါဦးဗျာ"

ကျွန်ုပ်ဘက်လှည့်၍ အကူအညီတောင်းသဖြင့် ကျွန်ုပ်လည်း ဝင်ပြောရလေပြီ။

"ဟုတ်သားပဲ မောင်အာနိုးရယ်။ ပြီးတော့မှာပဲ ဆက်လုပ်လိုက်ပါ"

"ဟာဗျာ . . . ကျွန်တော်မှ မလုပ်တတ်တာ"

"သြော် . . . မောင်ရင်ရယ်။ ဘယ်လောက်များ ခက်လို့လဲ။ ဒီလိုလေး ဒီလိုလေး"

နေ့စဉ် ကြော်ငြာများတွင် တွေ့နေရသည့် မြန်မာ့နည်း မြန်မာ့ဟန်မို့ ကျွန်ုပ်လည်း အလွတ်နီးပါးရနေပြီဖြစ်သော ထိုအမူအရာကို အိုကြီးအိုမနှင့် မရှက်မကြောက်ပင် လုပ်ပြလိုက်ရ၏။ အဆင်ပြေဖို့သာ အရေးကြီးနေပြီကိုး။ အာနိုး ကျွန်ုပ်ကို စကားပင် မပြောနိုင်လောက်အောင် တအံ့တသြကြည့်ပြီး...

"ဟင် . . . အဘလည်း လုပ်တတ်တယ်။ ဟာဗျာ . . . ကျုပ်ကိုက အသုံးမကျတာဖြစ်မှာပါ။ ဟီး . . . ဟီး . . ."

ဆို၍ ငိုပြီး ကန်ထဲဆင်းသွားပြီး ထိုအမူအရာကို ကြိုးစား၍လုပ်၏။ နှုတ်ခမ်းကို အရင် စူကြည့်သည်။ နောက်တစ်ဆင့် မျက်စောင်းထိုးကြည့်သည်။ နောက်နှစ်ခုစလုံး ပေါင်းပြီး တစ်ခါတည်းလုပ်ကြည့်သည်။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် အကြိမ်ပေါင်းများစွာ။ ရပြီ။ နောက်တစ်ခန်းတော့ အောင်မြင်သွားပြီ။ အာနိုးကြီးလည်း မျက်လုံးစွေလုလု ဖြစ်သွားပြီ။ ဒီအတိုင်းနေလျှင်တောင် တွေ့သည့်လူကို မျက်စောင်းတထိုးထိုး၊ တင်တလှုပ်လှုပ်နှင့် အသည်းယားချင်စဖွယ် ဖြစ်သွားပြီ။ ယောကျ်ားအချင်းချင်းပင် ရင်ခုန်ရပါလားကွယ်။

ထိုဇာတ်လမ်းသည် ထိုမျှနှင့်မပြီး။

"ကဲ . . . နောက်တစ်ခန်း ဆက်ရိုက်မယ်"

အာနိုးကြီး ကြော်ငြာဒါရိုက်တာ စိန်အုံး၏ အသံကြားသည်နှင့် တုန်တက်သွားသည်။

"ဟာ . . . ထပ်ရိုက်ဦးမယ်"

ဒါရိုက်တာက အေးဆေးစွာပင်

"ရိုက်ဦးမယ်။ နောက်ပိုင်းက အမူအရာတွေက လွယ်ပါတယ်။ ဘာမှ မခက်ဘူး။ မင်းသမီးနဲ့ အာနိုး ဟိုသောင်ပြင်မှာ နေရာယူပါ"

အာနိုးနှင့် မင်းသမီးသောင်ပြင်တွင် နေရာယူပြီး . . .

 www.burmeseclassic.com 

"အေး . . . ဟုတ်ပြီ။ မင်းသမီးအရှေ့ကပြေးမယ် အာနိုးက အနောက်ကလိုက်မယ် ပြေးတဲ့နေရာမှာ ခြေထောက်နှစ်ချောင်းခွင်ခွင်လေး အနောက်ကို ပစ်ထားပြီး သဲပြင်ကို ယက်ယက်ပြီး ဘဲတွေလိုပြေးမယ်။ တင်ကိုလည်း နောက်စိမထိတထိ ကောက်ထားရမယ်"

"ဟာဗျာ . . . အဲဒီမျိုးတွေ ကျုပ်မလုပ်တတ်ပါဘူးဆို"

ဒါရိုက်တာစိန်အုံး စိတ်ညစ်သွားပြန်သည်။

"ကျွတ် . . . ဘာများ ခက်လို့လဲဗျာ။ မင်းသမီးတစ်ချက် လောက် လှုပ်ပြလိုက်ပါဦး"

မင်းသမီး နမူနာလုပ်ပြသည်။ ဟုတ်လိုက်လေခြင်း။ မြန်မာစာလုံး နငယ်ပင် မြင်လျှင် ထိုင်ငိုလောက်သည့် ပုံစံမျိုး။ အာနိုးကြိုးစား၍ လုပ်ကြည့်သည်။ မရ။ အတန်တန်ကြိုးစား၏။ သို့သော် မရ။ ဘေးနားတွင်ရပ်ကြည့် နေသော မင်းသမီးယောကျ်ားမှာ စိတ်မရှည်တော့ဟန်တူ၏။

"အဲလို မဟုတ်ဘူးလေဗျာ။ ဒီလိုလေဗျာ . . . ဒီလို . . . ပြေး တာက ဒီလိုလေ"

အာနိုးကြီး ငိုပြီ . . .

"ဟာဗျာ . . . ကျုပ် မလုပ်နိုင်ဘူးဗျာ။ ခင်ဗျားတို့ လုပ်တတ်ရင် ကိုယ့်ဘာသာလုပ်ကြတော့။ ကျွန်တော် ဒီကြော်ငြာကို ဆက်မရိုက်နိုင်တော့ ဘူး။ ဟီး . . . ဟီး . . . ဟီး"

ကြော်ငြာဒါရိုက်တာ စိန်အုံး ဒေါသထွက်သွားသည်။

"ဟာ . . . ရမလားဗျ။ ခင်ဗျားကို ကျုပ်တို့က စာချုပ်စာတမ်းနဲ့ စရန်ပေးပြီး ငှားထားတာ"

"စရန်ပြန်ပေးမယ်ဗျာ။ မရိုက်တော့ဘူး ဟီး. . .ဟီး . . ."

"ဟာ . . . ပြန်မယူဘူးဗျာ။ ခင်ဗျား ဒီကြော်ငြာပြီးအောင် ရိုက်ပေးရမယ်။ အဘကြည့်ပြောပါဦးဗျ။ ကျွန်တော်တို့ တရားစွဲလို့ ရတယ် နော်"

ကျွန်ုပ်လည်း ဘာမှ မပြောလိုတော့။ သက်ပြင်းသာ ချနေလိုက် တော့၏။

"စွဲစွဲဗျာ အဘ၊ အဘကိုအားနာလို့ ကျုပ်ဒီလောက်ထိ လိုက်လုပ် ပေးနေတာ သူများမြင်လို့မှ မသင့်တော်တဲ့ အမူအရာမျိုး။ ကျုပ် ဆက်မလုပ် နိုင်တော့ဘူး။ ပြန်မယ် ဟီး ဟီး"

"ဟာ ပြန်လို့ ဖြစ်မလားဗျ။ ပြီးအောင်ဆက်ရိုက်သွားပေး"

"မရိုက်ဘူးဗျာ။ ပြန်မယ်"

"。 。 。 。 。"

"。 。 。 。 。"

စသည်ဖြင့် အငြင်းအခုံဖြစ်ပြီး မည်သို့ပြေလည်သွားသည်ကို ကျွန်ုပ်မသိတော့။ ကျွန်ုပ်လည်း စိတ်ညစ်ညူးလွန်းလှ၍ ပြုံနေသော ကျွန်ုပ်အိမ်သို့သာ ပြန်လှည့်လာခဲ့တော့၏။ ထိုကြော်ငြာသည်လည်း ထွက်မလာတော့။ သို့သော် ကျွန်ုပ်မိတ်ဆွေကြီး အာနိုးထံမှ ကျွန်ုပ်ထံ ပေးစာတစ်စောင် ရောက်လာ၏။ ထိုစာကိုဖတ်ရင်း ကျွန်ုပ်နဖူးမှ ချွေးဥများမှာ ခြေမသို့ တတောက်တောက်ကျဆင်းလာတော့၏။

**အဘကိုကိုကြီးခင်ဗျား**

အဘတို့ရဲ့ ကြော်ငြာသရုပ်ဆောင် အမူအရာများကို မလိုက်နိုင်၍ ကြော်ငြာကိစ္စ ပျက်သွားခဲ့ရပါတယ်။ ဒါပေမယ့်လည်း (၂) ရက် (၃)ရက်နဲ့ ဗီဒီယိုတစ်ကားပြီးအောင် ရိုက်နိုင်ကြောင်း ဟောလိဝုဒ်မှ ဒါရိုက်တာများကို ပြောပြခဲ့ပါတယ်။ မည်သည့်အဆင့်မြင့် နည်းပညာများ သုံး၍ ရိုက်ကြောင်း သိလိုလေ့လာလိုလှ၍ မကြာမီပင် ကမ္ဘာကျော်သူဌေး ဒါရိုက်တာ စတီဗင်စပီးဘာခ်ဦးဆောင်သော ဒါရိုက်တာအဖွဲ့ လာရောက်မည်ဖြစ်ပါတယ်။ အဘပဲ သိလိုသည်များကို လိုက်လံရှင်းလင်းပြသပေးပါရန် အနူးအညွတ် ပန်ကြားလိုက်ပါတယ်။

**လေးစားလျက်**

**အာနိုး**

❖ ❖ ❖

www.burmeseclassic.com



# ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ

"ဒေါက် ... ဒေါက် ... ဒေါက်"

လာပြန်ပြီ။ ပြိုကျသွားသော အိမ်ကလေး ပြန်ပြင်ဆောက်ထားသည်မှာ မကြာသေး။ ဧည့်သည်က လာပြန်ပြီ။ ကျွန်ုပ်လည်း စိတ်ပျက်လက်ပျက်ဖြင့် တံခါးဆွဲဖွင့်လိုက်ရာ အိမ်ပေါက်ဝ၌ ရုပ်ရည်သန့်သန့်ပြန့်ပြန့်အင်္ဂလိပ်ကြီး နှစ်ဦးကို တွေ့ရ၏။

"ဘာကိစ္စရှိလို့လဲ"

ထိုသူနှစ်ဦးသည် ခါးကို ကိုင်းညွတ်၍ ...

"ကျွန်တော်တို့ ဟောလိဝုဒ်က စူပါဒါရိုက်တာ ဂျိမ်းကင်မရွန်နဲ့ စတီဗင်စပီးဘတ်(ခ်)တို့ပါ။ ဘဘရဲ့မိတ်ဆွေ ကမ္ဘာကျော်ရုပ်ရှင် မင်းသားအာနိုးရဲ့ ပြောပြချက်ကြောင့် ကျွန်တော်တို့ မြန်မာဗီဒီယိုရိုက်ကူးနည်းကို လာလေ့လာတာပါ"

"အိမ်း. . .စိတ်ဝင်တစား လေ့လာချင်သပဆိုတော့လည်း ကူညီရတာပ"

ကျွန်ုပ်လည်း အနီးဒါရိုက်တာ နှစ်ဦးကို ကျွန်ုပ်၏ မိတ်ဆွေကြီး စိန်အုံးရှိရာ တစ်ခြံတည်းသော ရုပ်ရှင်စတူဒီယိုခြံထဲသို့ ခေါ်သွားရလေ၏။

(ထိုသူများ ပြောသည့်စကားများကို အင်္ဂလိပ်လို ဖော်ပြပါက စာဖတ်

သူများ မျက်စိရှုပ်မည်စိုး၍ မြန်မာလိုသာ ရေးပြထားပါသည်။)

ကျွန်ုပ်တို့ကို မြင်သည်နှင့် မောင်စိန်အုံးမှာ အပြေးအလွှားထွက်ကြို လေသည်။

"ဟာ...အဘတို့ ရိုက်ကွင်းလာကြည့်ကြတာလား"

"အိမ်းလကွယ်...ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူတို့က ဟော လိဝုဒ်စူပါဒါရိုက်တာ ဂျိမ်းစ်ကင်မရွန်နဲ့ စတီဗင်စပီးဘတ်လေ. . ."

ကျွန်ုပ် မိတ်ဆက်ပေးလိုက်သည်ကို မြန်မာစူပါဒါရိုက်တာ စိန်အုံးမှ အားရဝမ်းသာဖြင့်. . .

"ဟာ. . .ဟုတ်လား အခန့်သင့်လိုက်လေဗျာ။ ဒီမှာလည်း မင်းသမီး အဖေခန်းလိုနေတာနဲ့ အတော်ပဲ။ ခင်ဗျားတို့ထဲက တစ်ယောက် ယောက် ဝင်သရုပ်ဆောင်ပေးပါဦး။ ဟောလိဝုဒ်က စူပါဒါရိုက်တာတွေဆိုတော့ အမူအရာ သင်ပေးစရာ မလိုတော့ဘူးပေါ့"

"ဗျာ. . ."

ထိုသူနှစ်ဦး တအံ့တသြဖြစ်သွားကြ၏။

"လုပ်ပါဗျာ။ တစ်ခန်းထဲပါ။ ဒီအခန်းပြီးရင် သေပြီ။ နောက်ထပ် ပါစရာမလိုတော့ဘူး"

ထိုသူနှစ်ဦး အကြောက်အကန် ငြင်း၏။

"ဟာ မလုပ်ပါနဲ့ဗျာ ကျုပ်တို့က အင်္ဂလိပ်တွေဗျ"

"ဟာ...ဒါက ဇာတ်လမ်းဇာတ်ညွှန်းပြင်လိုက်ရင် ရပါတယ်။ တစ်ခန်းတော့ ကူညီပါဗျာ"

ထိုသူနှစ်ဦးလည်း အကြောက်အကန်ငြင်းပြန်၏။

"ကျုပ်တို့က မြန်မာစကားလည်း တတ်တာမဟုတ်ဘူးနော်"

"နားမလည်လည်း ရပါတယ်ဗျာ။ ဘာစကားမှလည်း ပြောရမှာ မဟုတ်ဘူး။ မင်းသမီးအဖေ နေရာဝင်ထိုင်နေရုံပဲလုပ်ပါဗျာ . . . တစ်ခန်း တည်းပါ. . . "

နောက်ဆုံးတော့ အပြောကောင်းလှသော မောင်စိန်အုံး၏ အလိုကျ အနည်းငယ်စိတ်ပျော့သော ဟောလိဝုဒ် စူပါအော်စကာဆုရ ဒါရိုက်တာဂျိမ်း ကင်မရွန်မှ မြန်မာပြည်ရောက်ရောက်ချင်း မြန်မာဗီဒီယိုဇာတ်ကားထဲတွင် မင်းသမီးအဖေခန်းမှနေ၍ သမီးအား လင်ပေးစားရေးကို ဝင်ဆွေးနွေးပေးရ လေတော့၏။

"ဒီအခန်းမှာ မင်းသားက မင်းသမီးကို လာတောင်းမယ်။ ဝါရင့်

သရုပ်ဆောင်တွေချည်းပဲဆိုတော့ ဘာမှ သင်ပြစရာ လိုမယ်မထင်ဘူး။ ဒိုင်ယာလော့ခ်တွေကိုလည်း စိတ်ရှိသလိုသာပြော ကဲ … စရိုက်မယ်”

ဒါရိုက်တာက စရိုက်မယ်ဆိုသည်နှင့် ကင်မရာအဖွဲ့အားလုံး ခါးတောင်းမြှောင်နေအောင် ကျိုက်ပြီးသား။ သူတို့က ဒီမင်းသား ဒီအခန်းမျိုးမှာ ဘယ်လို သရုပ်ဆောင်တတ်တယ်ဆိုတာ သိနေတာကိုး။ မင်းသမီးအဖေနေရာ သရုပ်ဆောင်ရသည့် ဂျိမ်းကင်မရွန်က အိမ်ရဲ့ ဧည့်ခန်းဆိုဖာပေါ်မှာ။ မင်းသမီး (ဤအခန်းတွင် သူ့သမီး) က သူ့ရှေ့ခုံမှာ ရွရွလေးထိုင်လို့။ မင်းသားက အိမ်ဝမှာ။ ကင်မရာမင်းတွေကလည်း အသင့်။

‘‘ကဲ…စမယ် ဖိုး…သရီး…တူး…ဝမ်း…အက်ရှင်’’

အက်ရှင်ဟူသည့် အသံကြားသည်နှင့် မင်းသားမှ လက်နှစ်ဖက်မြှောက်၍ ဤသို့ ကြုံးဝါး၏။

“ငါသည် မည်သူ့ချစ်ခြင်းကိုမှ မစော်ကား။ ငါ၏ချစ်ခြင်းကို စော်ကားသည်ကိုလည်း လက်မခံ” ဟုအော်ဟစ်ပြီး အိမ်တွင်းသို့ပြေးဝင်လာ၏။ ပြီးနောက် အပြင်ကုတ်အင်္ကျီကို ချွတ်၍ မင်းသမီးအဖေ (ဂျိမ်းကင်မရွန်) မျက်နှာသို့ ပစ်ပေါက်လိုက်ကာ မင်းသမီးဘေးသို့ စွတ်ခနဲ ပြေးထိုင်ပြီး…

“ကျွန်တော် ဦးသမီးနဲ့ မေတ္တာမျှနေပြီ၊ မေတ္တာမျှနေပြီ” ဟု ထပ်မံအော်ဟစ်၍ အိမ်ပေါ်ထပ်လှေကားသို့ ရုတ်တရက် ပြေးတက်သွားပြန်သည်။ မင်းသားပြေးတက်သွားသည့်နောက် ကင်မရာအဖွဲ့မှလည်း တဝုန်းဝုန်း တရုန်းရုန်းနှင့် လိုက်ပြေးနေရလေသည်။ လှေကားထစ်တစ်ဝက်ခန့်အရောက်တွင် ရုတ်တရက် ရပ်ပြီးနောက်ပြန် ပြန်ပြေးဆင်းလာပြီး ဂျိမ်းကင်မရွန် (မင်းသမီးအဖေ)ကို ကြက်ဖက ကြက်မကို ရစ်သလို စောင်းကန်းစောင်းကန်းနှင့် တစ်ပတ်ဖမ်းရစ် လိုက်လေသည်။

ဤတွင် ဂျိမ်းကင်မရွန်ကလည်း သမီးတောင်းခန်းကို ဖိုက်တင်ပလေးခန်းထင်၍လားတော့မသိ။ သူတတ်ထားသော ကရာတေးကွက် တစ်ကွက်ကို ထဆွဲ၍ အသင့်အနေအထားဖြင့် စောင့်နေလေ၏။ ပီပြင်ပေစွ။

“အဲဒါ ဦးသဘောတူလား…။ သဘောတူလား”

ဂျိမ်းကင်မရွန် မဖြေ။ မင်းသားကိုသာ မျက်ခြည်မပြတ်ကြည့်ရင်း အသင့်နေ နေသည်။ မင်းသားမှ ဂျိမ်းကင်မရွန်၏ အမူအရာကို မထီတရီ ကြည့်ပြီး ကြက်ဖရစ်သလို စောင်းကန်းစောင်းကန်းနှင့် တစ်ပတ်ရစ်ကာ စွတ်ခနဲ ပြေးဝင်သွား၍ –

“အဲဒါ ဦးသဘောတူ . . .”

"ခွပ်"

"အောင်မယ်လေးဗျ"

စကားပင်မဆုံးလိုက်။ မြန်လိုက်သည့်လက်သီး။ ကောင်းလိုက်သည့်ထိချက်။ ဂျိမ်းကင်မရွန်၏ လက်သီးမှာ တိကျစွာပင် မင်းသား၏ မေးရိုးပေါ် ကျရောက်သွားရာ မင်းသား၏ ငယ်သံပါ အော်သံကြောင့် အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြကုန်၏။

"ဟေ့လူ . . . ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ"

စိန်အုံး၏ အမေးကို ဂျိမ်းကင်မရွန်က မအူမလည်ဖြင့် . . .

"ထိုးလိုက်တာလေဗျာ"

စိန်အုံး ပိုဒေါသထွက်သွား၏။

"ဘာလို့ ထိုးလိုက်တာလဲ"

ဂျိမ်းကင်မရွန်မှ မျက်လုံးပေကလပ် ပေကလပ်နှင့်...

"မသိဘူးလေ။ ဒါဖိုက်တင်ခန်း မဟုတ်လား"

"ဟာ...ဘယ့်နှယ် ဖိုက်တင်ခန်းရမှာလဲ။ လပ်(ဖ်)ဆင်းဗျ။ လပ်(ဖ်)ဆင်း"

"ဗျာ...လပ်(ဖ်)ဆင်း . . . ဟုတ်လား . . . မသိဘူးလေဗျာ။ ဒီလောက် အော်ကြီးဟစ်ကျယ် ဖြစ်နေမှတော့ ဖိုက်တင်ခန်းမှတ်တာပေါ့။ ကျွန်တော်မှ သူပြောတာ နားမလည်ပဲ"

ဟုတ်ပေစွ...မှန်ပေစွ...အိုင်အမ် မြန်မာစကားမတတ်နဲ့ တွေ့သွားသည်ကိုး။

စိန်အုံးလည်း ဂျိမ်းကင်မရွန်ကို ဘာမှ မပြောတော့ဘဲ မင်းသားကိုသာ မသိနားမလည် အတွေ့အကြုံမရှိသူ အူတူတူနိုင်ငံခြားသားမို့ ခွင့်လွှတ်ပါရန် အကြိမ်ကြိမ်တောင်းပန်နေလေ၏။ အခြေအနေအားလုံး ပြန်လည်ငြိမ်သက်မှ ...

"ကဲ...ကဲ ခုနအခန်းကို ပြန်ဆက်ရိုက်မယ်။ ဂျိမ်းကင်မရွန်က သဘောတူတယ်။ သဘောတူတယ်လို့ ပြောလိုက် ... ဒါပဲ"

ဂျိမ်းကင်မရွန်က သဘောတူတယ်ကို မြန်မာလို အကြိမ်ကြိမ် ရွတ်ကြည့်၏။ ရပြီဆိုတော့မှ ထိုအခန်းကို ဆက်ရိုက်၏။ မင်းသားကလည်း ဝါရင့်မင်းသားဆိုတော့ နပ်သည်။ အထိုးခံရသည့်တိုင် အက်တင်ပြန်လုပ်၍...

"တွန့်တိုမနေစမ်းပါနဲ့ အန်ကယ်။ မကျေနပ်ရင် နောက်ပါးတစ်ဖက်ပါ ဆက်ထိုးလိုက်စမ်းပါ"

www.burmeseclassic.com

ဟုဆို၍ မျက်နှာကို ထိုးပေးရာ ဂျိမ်းကင်မရွန်ကလည်း အော်စကာ ဒါရိုက်တာပဲ။ ဒါမျိုးတော့ ဘယ်ခေလိမ့်မတုံး။ အရှေ့က ဆက်တီခုံကြီးကို ဝုန်းခနဲ ကန်ချလိုက်ပြီး လက်နှစ်ဖက်မြှောက်၍ အသံနက်ကြီးဖြင့်...

"သဘောတူတယ်။ သဘောတူတယ်"

ဟု ထအော်ရာ ဘေးနားကြည့်နေသော ကျွန်ုပ်ပင် ကြက်သီးမွေးညင်း ဖျန်းခနဲ ထသွားချေတော့သည်တမုံ့။ အရသာရှိလိုက်သည့် လပ်(ဖ်)ဆင်း။

"ကဲ...နောက်တစ်ခန်း ဆက်ရိုက်မယ်။ ဆေးရုံမှာ မင်းသမီးအဖေ သေတဲ့ အခန်း . . ."

"ဗျာ. . .ကျုပ်တို့ ဆေးရုံလိုက်ရဦးမှာလား"

ဂျိမ်းကင်မရွန်၏ စိုးရိမ်တကြီးအမေးကို စိန်အုံးမှ မခိုးမခန့်ပြုံးရင်း...

"မလိုပါဘူး။ ဆက်တင်အတတ်ပညာကို ကြုံတုန်းလေ့လာသွား။ ဆက်တင် အတတ်ပညာသာတတ်ရင် ဘယ်နေရာမဆို ဆေးရုံဖြစ်တယ်။ ကဲ...ပြင်ကြဟေ့"

ဆက်တင် အလုပ်သမားများ အလုပ်ရှုပ်ကုန်၏။ တချို့က ခုတင်များ တွန်းရွှေ့ကာ တချို့က လိုက်ကာများ ဆွဲကြနှင့်။ (၁၀)မိနစ်ခန့်အကြာတွင် စိန်အုံးပြောသော ခုတင်နှစ်လုံးခွဲဆန့် ဆေးရုံကြီးဖြစ်သွား၏။

"ဆရာ တိုင်မှာ ချိတ်ဖို့ ဆေးပုလင်းမရှိဘူးဆရာ"

ဤကိစ္စမျိုးတွေက စိန်အုံးအတွက် လွယ်သည်။

"ဒါများကွာ။ ဟိုအခန်းထောင့်က ဝီစကီပုလင်းကို တိုင်မှာ ကောက်ထိုးချပြီး ပိုက်တပ်လိုက်ရင် ဆေးပုလင်းဖြစ်ပြီပေါ့။ မင်းတို့ အဲသည်လို ဉာဏ်မကောင်းလို့ ငါ့လို ဒါရိုက်တာ မဖြစ်တာ"

မှန်ပေစွ။ ဝီစကီပုလင်းကိုယူ၍ တိုင်တွင် ဇောက်ထိုးထားပြီး ဂုန်နီအိတ်ကြိုးအဆွေးဖြင့် ဖမ်းချည်ထားလိုက်၏။ ထိုဆေးပုလင်းချည်လိုက်မှ ဂျိမ်းကင်မရွန်လည်း သရုပ်ဆောင်ရသည်မှာ ပိုပြီး ပီပြင်သွား၏။ ကြည့်လေ... ခုတင်ပေါ် ပက်လက်လှန်အိပ်ရင်း ဂုန်နီအိတ်ကြိုး အဆွေးဖြင့် ချည်ထားသော ဝီစကီပုလင်းက ဘယ်အချိန် သူ့နဖူးပေါ် ကျလာမည်ကို မျက်ဖြူလန်လောက် အောင်ကြည့်ရင်း ဇောချွေးများ ပြန်ထွက်နေပုံမှာ အခုချက်ချင်းပင် ဆုံးသွားနိုင်သည့်ပုံမျိုး။

"အိုကေ...စပိဘုတ်ကကုတ်အင်္ကျီအဖြူဝတ်ပြီး ခေါင်းဝင်ခါပေး"

"စပီးဘတ်(ခ်)လုပ်ပါကွယ်"

"ဘုတ်ဖြစ်ဖြစ် ဘတ်ဖြစ်ဖြစ်ဗျာ ခေါင်းဝင်ခါပေး"

"ဗျာ"

"ဆရာဝန်ဝင်လုပ်ပေးဖို့ ပြောတာ လူနာဂျိမ်းကင်မရွန်ကို ကြည့်ပြီး မရတော့ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ ခေါင်းဝင်ခါပေး"

"မ…မလုပ်နဲ့လေဗျာ။ ကျုပ်က အင်္ဂလိပ်ကြီးလေဗျာ"

ကျွန်ုပ်လည်း မနေသာတော့။

"အိမ်းလကွယ်။ ကျွန်ုပ်တို့ဆီမှာ အင်္ဂလိပ်ဆရာဝန်မှ မရှိဘဲ"

မောင်စိန်အုံးမှ စိတ်ပျက်သွားဟန်ဖြင့်…

"ဩော်…အဘရယ်။ ခေတ်မမီဘူးလို့ ပြောရင်လည်း စိတ်ဆိုးဦးမယ်။ ဒါလေးများ သူ့အဖေကို စင်ကာပူမှာ ဆေးရုံသွားတင်တယ်လို့ ဇာတ်ပြောင်း လိုက်ရုံပေါ့"

"ဟယ် မင်းဇာတ်ထဲမှာ မင်းသမီးက ရေထမ်းရောင်းတယ်ဆို။ ဘယ်က ပိုက်ဆံရလို့ စင်ကာပူမှာ ဆေးရုံသွားတင်ရမှာတုံး"

"ခက်ပါဘိ အဘရယ်။ ကြားထဲမှာ မင်းသမီးထီပေါက်တဲ့ အခန်း တစ်ခန်းထည့်ပေးလိုက်ရုံပေါ့။ ကိုင်း…ဇာတ်ရှိန်တောင် ပိုမမြင့်သွားဘူးလား။ ကဲ…ကဲ…ပြောနေကြာတယ်။ ဆက်ရိုက်မယ်"

ဟုဆို၍ ဘေးဘီဝေ့ကြည့်နေကတည်းက ကျွန်ုပ်ရိပ်မိပြီ။ ဒီအတိုင်း ဆက်နေလျှင် ကျွန်ုပ်ကိုပါ ဝင်ရောက် သရုပ်ဆောင်ခိုင်းပေရော့မည်။ ထို့ကြောင့် စိန်အုံးအလစ်တွင် ရိုက်ကွင်းနှင့် ဝေးရာသို့ လှမ်းအထွက်…

"အဘ . . ."

"ဟဲ့ . . . ပလုတ်တုတ် ထိပြီ"

စိန်အုံး၏ ခေါ်သံကြောင့် ကျွန်ုပ်ပို၍ပင် ငိုချင်သွားမိ၏။ သို့သော် စိန်အုံးမှာ ကျွန်ုပ်၏ ငိုမဲ့မဲ့သဏ္ဍာန်ကိုကြည့်၍ အားရဝမ်းသာဖြင့်…

"အဲဒီမျက်နှာပေးကိုကြိုက်တာ ကောင်းတယ်ဗျာ။ အခု မင်းသမီး အဖေသေတဲ့အခန်းမှာ တစ်ခန်းလောက် ဝင်ငိုပေးစမ်းပါ"

ကျွန်ုပ်ပို၍ ငိုချင်သွားမိ၏။

"ဟဲ့ . . . ငါက ဘာကိစ္စအသားလွတ်ဝင်ငိုပေးရမှာတုံး"

"အသားလွတ် မဟုတ်ပါဘူး အဘရာ။ မင်းသမီးအဖေ ငယ်ငယ်က ဆိုးလို့ အမွေဖြတ်ထားတဲ့ မင်းသမီးရဲ့ အဘိုးဆိုပြီး ထည့်လိုက်မယ်။ ကဲ . . . ဇာတ်က ပိုမပီပြင်သွားဘူးလား"

ပီပြင်ပေစွ။ တကယ်ရိုက်တော့ တကယ်ပီပြင်သွား၏။ ကျွန်ုပ်လည်း ငိုချင်ရက်လက်တို့မို့ လှိုက်လှိုက်လှဲလှဲ ငိုမိ၏။ ဆရာဝန်လုပ်ရသည့် စတီဗင်

www.burmeseclassic.com

စပီးဘတ်(ခ်)မှာလည်း ဘာတွေ ဘယ်လိုတွေးမိသည်မသိ။ တစ်ချိန်လုံး သက်ပြင်းတချချ။ ခေါင်းတရမ်းရမ်း။ လူနာလုပ်သည့် ဂျိမ်းကင်မရွန်မှာလည်း သူ့ခေါင်းပေါ်မှ ဂုန်နီအိတ်ကြိုးအဆွေးဖြင့် ချည်ထားသော ဝီစကီပုလင်း ဘယ်အချိန်ကြိုးပြတ်၍ နဖူးပေါ်ကျလာမည်ကို မျက်ဖြူလန်လောက်အောင် တုန်တုန်ယင်ယင်ကြည့်ရင်း ဇောချွေးများ ပြန်ထွက်နေသည်မှာ အခုချက်ချင်း ပင် 'ဝုန်း'ဆို ဆုံးသွားနိုင်သည့်ပုံမျိုး။

'ကဒ်'

အားလုံးအကောင်းဆုံး အက်ရှင်ရလိုက်၏။ ပီပြင်ပေစွ။

"ကဲ ရိုက်ကွင်းကတော့ ပြီးပြီ။ ဒီညကားဆက်မယ်။ ကားဆက်တာက ပညာပါတယ်။ အဘတို့ လေ့လာချင်လိုက်လေ့လာ"

မှန်ပေစွ။ ဇာတ်ကားကောင်းတစ်ကားဖြစ်ရန်အတွက် ကားဆက်သည့်နေရာတွင်လည်း အရေးကြီး၏။ ထို့ပြင် ဤမျှစုတ်ပြတ်သတ်အောင် ရိုက်ထားသော ဇာတ်ကားကို မည်သို့နာမည်ကြီးဒါရိုက်တာဖြစ်အောင် ကားဆက်ထားသည်ကို သိလိုလှသဖြင့် ကျွန်ုပ်တို့အားလုံး ကားဆက်ရာသို့လိုက်ခဲ့၏။

ပညာပါလိုက်သည့်ဖြစ်ခြင်း။ စိန်အုံးမှာကားဆက်သည့်နေရာ ရောက်ချိန်တွင် အတော်ရေချိန်ကိုက်နေပြီ။ ထို့ကြောင့် ကားဆက်သည့် အော်ပရေတာကို အာလေးလျှာလေးဖြင့် . . .

"မင်းဘာသာ မင်းကြိုက်သလိုဆက်။ ငါတော့အိပ်ပြီ"

ဟုဆို၍ အော်ပရေတာခန်းရှိ တစ်လုံးတည်းသော ခုံတန်းပေါ်တွင် ပညာသားပါပါ နေရာယူအိပ်နေလေတော့၏။ အော်ပရေတာမှာလည်း လွန်စွာ စိတ်ဆတ်သူဖြစ်ရချိမ့်တကား။ ဇာတ်ကားကို ဇာတ်လမ်းဇာတ်ညွှန်းမပါဘဲ ထင်သလိုသာ လုပ်တော့၏။ ကြည့်လေ . . . သူ ကားဆက်ထားပုံ။

မင်းသမီးလေး ရေထမ်းလာစဉ် မင်းသားလေး စီးလာသောကားနှင့် တိုက်မိမလို ဖြစ်သွားပြီး မင်းသမီးလေး ထီပေါက်သွားသည်။ ထို့ကြောင့် မင်းသားလေး၏ မျက်နှာကို ငွေထုပ်နှင့်ပစ်ပေါက်၍ အိမ်ပေါ်မှ နှင်ချရာ ဂျိမ်းကင်မရွန်က "သဘောတူတယ် . . . သဘောတူတယ်"ဟုထအော်၏။ ထိုစဉ် ဘာမဆိုင်ညာမဆိုင် ငိုမဲ့မဲ့နှင့် ကျွန်ုပ်မျက်နှာကြီးတစ်ချက်ပေါ်လာ၏။ ထို့နောက် မင်းသားလေးမှ တက္ကသိုလ်ကျောင်းဝင်းအတွင်း လူရွှင်တော်လေးဦးနှင့် မရယ်ရသော ပြက်လုံးတစ်ခု ထိုင်ပြောနေစဉ် နူတ်ခမ်းမွေးနှင့် လူနှစ်ဦး ချုံပုတ်ဘေးတွင် ဂဠုန်လား၊ နဂါးလားဟု မေး၏။ နောက်တစ်ဦးမှ ဂဠုန် နဂါးဟု ပြန်ဖြေလိုက်ရာ ကုတ်အင်္ကျီအဖြူနှင့် စတီဗင်စပီးဘတ်(ခ်)မှ

ခေါင်းခါ၏။ ပြီးနောက် မင်းသားနှင့် မင်းသမီး ပါးစပ်တလှုပ်လှုပ်နှင့် ပန်းခြံထဲ လိုက်ကနေပြန်၏။ ထိုစဉ် အော်ပရေတာမှ ရွှေညာဇာတ်တော် စူးရောက်စွာဖြင့် နိုင်ငံခြားဇာတ်ကားမှ ကျားက သမင်ကိုစားသည့်အခန်း ဖြတ်ထည့်လိုက်သည်။ ထိုစဉ် ဘာမဆိုင်ညာမဆိုင် ငိုမဲ့မဲ့နှင့် ကျွန်ုပ်မျက်နှာကြီးပေါ်လာပြန်၏။ ထိုသို့ ဇာတ်ကားကို စိတ်ဝင်တစား ဆက်နေရင်းမှ အော်ပရေတာမှ ကျွန်ုပ်ဘက်လှည့်ပြီး . . .

"အဘတို့က လူရင်းတွေမို့ ခင်နေလို့ ကျွန်တော်အခန်းပိုထည့်ထားပေးတာ" ဟု ဆိုလေရာ ကျွန်ုပ်မှာ မျက်ရည်များပင် ဝိုင်းသွားလောက်အောင် ခံစားရသဖြင့် . . .

"တို့ကို ဒီလောက်ကြီးလည်း မခင်ပါနဲ့ကွယ်"

ဟုပင် ပြန်ပြောလိုက်မိ၏။

"ဟာ အဘကလည်း ကျွန်တော်က တကယ်ခင်တာပါဗျ။ မယုံရင်ကြည့်နေ . . . ကျွန်တော်အဘမျက်နှာကြီးတစ်ခန်းထပ်ထည့်လိုက်မယ်"

ဟုဆိုပြီး ကျွန်ုပ်၏ ငိုမဲ့မဲ့ မျက်နှာကြီး ဘာမဆိုင် ညာမဆိုင် ထပ်ထည့်လိုက်သောကြောင့် ကျွန်ုပ်လည်း မနေသာတော့။

"တို့များကို ဘာလို့ ဒီလောက်ကြီးခင်နေတာမလွန်လွန်းဘူးလား . . . ဟင့်"

"မလွန်ပါဘူး အဘရယ်။ လိုတောင် လိုနေသေးတယ်။ ဟော ကြည့် ဒီအခန်းမှာလည်း အဘမျက်နှာကြီး ထပ်ထည့်လိုက်ဦးမယ်"

"သြော်ကွယ် . . . ဘာကြောင့်အဘကို တစ်ဖက်သတ်ခင်ရနေရသလဲကွယ်"

ထိုစဉ် . . .

"အဟင့် . . ."

ရှိုက်သံ။ မကျယ်လွန်းသောရှိုက်သံ။ သို့သော် ရင်ထဲက လာသောရှိုက်သံ။ ရှိုက်သံလာရာလှည့်ကြည့်လိုက်သည်။

'ဂျိမ်းကင်မရွန်'

မျက်ရည်အဝိုင်းသားနှင့် ငိုချင်စိတ်ကို ကြိတ်မှိတ်မျိုသိပ်နေရသည့်ဟန်။ သူလည်း ကျွန်ုပ်လိုပင် ခံစားနေရသည်။ မတတ်သာသည့်အဆုံး အားပေးပြုံးကို မဲ့မဲ့လေးသာ ပြုံးပြလိုက်ရ၏။ ဘတ်(ခ်)ကတော့စိတ်အနည်းငယ် ခိုင်ပုံရ၏။ မျက်ရည်ဝိုင်းသော်လည်း တံတွေးကိုသာ သုံးလေးကြိမ်မျိုချလျက် ငိုသံမပါအောင် ထိန်းရင်း . . .

"အဘ ဇာတ်ကားက စာတန်းလည်းမထိုးသေးပါလား"

ထိုတော့မှ ကျွန်ုပ်လည်း သတိထားမိ၏။

"အိမ်း . . . ဟုတ်လား။ ဟော့ . . . သူငယ် မင်းဇာတ်ကား စာတန်းလည်းမထိုးသေးပါလား"

"ဟာ . . . ဟုတ်သားပဲ။ ကျွန်တော်မေ့နေတာ အဘပြောမှ သတိရတယ်။ ဒါကြောင့် အဘကိုခင်တာ။ အဘမျက်နှာကြီးကို တစ်ချက်ထည့်ပြီး စာတန်းထိုးလိုက်မယ်"

ပြောသည့်အတိုင်း လုပ်တဲ့ သူငယ်ပေပဲ။ ငို့မဲ့မဲ့ ကျွန်ုပ်မျက်နှာကြီးပေါ်၌ လေးထောင့်ပုံ၊ ပန်းပွင့်ပုံ၊ မီးပန်းပုံ စသည်ဖြင့် ပုံစံအမျိုးမျိုးနှင့် စာတန်းများ ထွက်လာလေသည်။

"ဒါရိုက်တာ စိန်အုံး (ရင်ကွဲနာ)"

"မင်းသား (..) မင်းသမီး (..)"

"တေးရေး တေးဆို စိန်အုံး (ရင်ကွဲနာ)နှင့် ကိုကိုကြီး"

"ဟဲ့ . . . "

"ရက်(ပ်)အဆိုတော် ဂျိမ်းကင်မရွှန်နှင့်"

"ဟဲ့ . . . ပလုတ်တုတ် . . . စပိဘတ်(ခ်)"

"ဟော့ . . . သူငယ် ကျွန်ုပ်တို့လည်း သီချင်းမဆိုရပါဘဲနဲ့"

အော်ပရေတာသူငယ်မှ သွေးအေးစွာပင် . . .

"လာမယ်လေ ဘဘ လာမယ်။ မယုံရင် ကြည့်နေ"

ဟုဆို၍ စာတန်းထိုးပြီး ကားဆက်နေပြန်၏။ ထိုအထဲတွင် ကျွန်ုပ်တို့ နောက်ဆုံးသရုပ်ဆောင်ထားသော ဂျိမ်းကင်မရွှန် (မင်းသမီးအဖေ) သေသည့်အခန်းကို မြင်မှ ကျွန်ုပ်ပို၍ ငိုချင်သွားမိ၏။ ကျွန်ုပ်ကိုယ်ကျွန်ုပ်လည်း လွန်စွာ အငိုထူမှန်း ထိုတော့မှ သိတော့၏။ ကြည့်လေ။

ကျွန်ုပ်ငိုထားပုံ ခုတင်ဒီဘက်မှ လိုမ့်ငိုလျှင် ဟိုဘက်ခုတင်အောက် ရောက်သည်အထိ အငိုမတိတ်သေး။ ဒို့အပြင် ခုတင်ဘေးဆောင့်ကြောင့်ထိုင်ငိုလိုက် ဆေးရုံတိုင်ပေါ် ဖက်တက်၍ ငိုလိုက်နှင့်အတိုင်းထက်အလွန် အငိုထူနေပုံကို ကြည့်ပြီး ကျွန်ုပ် ပုလဲခ ရပြန်လေပြီ။ ကျွန်ုပ်ပင်မက ဂျိမ်းကင်မရွှန်မှာလည်း ဝီစကီပုလင်းကို မျက်ဖြူလန်လောက်အောင်ကြည့်ရင်း ဇောချွေးပြန်နေပုံကိုကြည့်ပြီး တဟင့်ဟင့်တဟီးဟီးနှင့် မျက်ရည်တွေရော နှပ်ချေးတွေပါ သတိလက်လွတ်ဖြင့် မျက်နှာကို အကြောင်းမဲ့ ပွတ်သတ်နေသောကြောင့် မျက်နှာ တစ်ခုလုံး ညစ်ပတ်ပေကျံနေပြီ။ ကျွန်ုပ်လည်း မခံစားနိုင်တော့၍–

"သူငယ် မင်းဇာတ်ကား မပြီးသေးဘူးလားကွယ်"

"ဇာတ်ကားပြီးချင်တာများ အဘရယ်။ အလွယ်လေးကြည့်နေ။ အဘမျက်နှာကြီးတစ်ချက်ထည့်ပြီး ဇာတ်သိမ်းလိုက်မယ်"

ဟုဆို၍ ငိုမဲ့မဲ့ ကျွန်ုပ်မျက်နှာကြီး တစ်ချက်ထည့်ပြီး နိုင်ငံခြားဇာတ်ကားမှ လေယာဉ်နှစ်စင်း ကောင်းကင်တွင် ခေါင်းချင်းဆိုင်တိုက်သည့် အခန်း ဖြတ်ထည့်လိုက်၏။ နောက်တစ်ခန်းတွင် မင်းသားနှင့် မင်းသမီး ဝိညာဉ်ချင်းပေါင်းပြီး ပန်းခြံထဲ လျှောက်ပြေးနေသော အခန်းဖြင့် ဇာတ်သိမ်းလိုက်ရာ . . .

"ဝါး . . ."

အော်ငိုပြီ။ စိတ်ခိုင်သည်ဟု ထင်ရသော စတီဗင်စပီးဘတ်(ခ်) ငိုပြီ။ ငိုတာမှ ကလေးများ လိုတာမရသည့်အခါ ခြေဆောင့်ဆောင့်ငိုပုံမျိုး။

"ဘာဖြစ်လို့ အခုမှ အော်ငိုရတာလဲဟင်"

ကျွန်ုပ် အမေးကို စပီးဘတ်(ခ်) မှ ချက်ချင်းအဖြေမပေးနိုင်ဘဲ ဆုံးအောင်ငိုပြီးမှ တစ်ချက်နှစ်ချက် ရှိုက်ရင်း . . .

"ခုန လေယာဉ်နှစ်စီးခေါင်းချင်းဆိုင်တိုက်တဲ့ အခန်းဟာ ကျွန်ုပ်ဟိုမှာ အော်စကာရတဲ့ ဇာတ်ကားထဲက အခန်းဗျ . . . ဝါး . . ."

ခံစားရလွန်းလှထင့် ထပ်ငိုပြန်၏။ ကားဆက်သည့် အော်ပရေတာမှ စပီးဘတ်(ခ်) ငိုနေသည်ကို ကြည့်ပြီး . . .

"တောက် ဒီလိုမှန်းသိရင် ဒါရိုက်တာစိန်အုံး(ရင်ကွဲနာ)နှင့် တွဲဖက်ဒါရိုက်တာ စတီဗင်စပီးဘတ်(ခ်)ဆိုပြီး ထည့်လိုက်ပါတယ်"

"ဗျာ . . . တွဲဖက်ဒါရိုက်တာ . . . ဝါး"

ငိုသူက အတောမသတ်ငိုနေသော်လည်း ကျွန်ုပ်မရှင်းလင်းသည်များကို မေးရတော့၏။

"ဒါနဲ့ မင်းသားနဲ့ မင်းသမီး ပန်းခြံထဲ လျှောက်ပြေးနေတဲ့ အခန်းတွေမှာ ပါးစပ်တလှုပ်လှုပ်နဲ့ ဘာလုပ်တာလဲ"

"သားရေကွင်း ပေးဝါးထားတာလေ"

အမူးပြေ၍ အိပ်ရာမှ နိုးလာသော ဒါရိုက်တာစိန်အုံးမှ ဝင်ရောက်ရှင်းပြ၏။

"ဘာဖြစ်လို့ သားရေကွင်းပေးဝါးထားတာလဲ"

"သီချင်းထည့်မလိုလေ"

"ဘယ်မှာလဲ သီချင်း"

www.burmeseclassic.com

"အခုဆိုမှာလေ"

"သီချင်းစာသားတွေ နုတ်(စ်)တွေရော . . ."

စိန်အုံးမှ စိတ်ပျက်သွားဟန်ဖြင့်

"အဲဒါပဲ။ ပြောပြန်ရင်လည်း စိန်အုံးလွန်မယ်။ ဇာတ်ကား တစ်ကားလုံးတောင် ဇာတ်လမ်းဇာတ်ညွှန်းမပါဘဲ ရိုက်လာပြီးပြီ။ သီချင်းကျမှ စာသားရေးနေရရင် သိက္ခာကျရုံပဲ ရှိတော့မှာပေါ့။ ကဲ ကြာတယ်။ ကောင်လေး ကီးဘုတ်နဲ့ ရစ်သမ်ဘောက်(စ်) ဖွင့်စမ်း။ တစ်ခါတည်း ဖမ်းမယ်"

ကီးဘုတ်ရစ်သမ်ဘောက်(စ်) ဖွင့်သည်နှင့် စိန်အုံးမှ သီချင်းကို လက်တန်းဤသို့ စဆိုသည်။

"မိုးတိမ်မှာ သာနေတဲ့ သမုဒ္ဒရာ နှလုံးသား"

"နင်ယူသွား တောင်ပံတစ်စုံနဲ့အတူ နက်ရှိုင်းတဲ့ ဖြားယောင်းမှု ကြယ်စင်"

"ပန်းသီးအတ္တပြာကျသွား ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ"

ဟုဆို၍ ဘာမပြော ညာမပြောနှင့် ကျွန်ုပ်ရှေ့ မိုက်ကရိုဖုန်းထိုးပေးရာ ကျွန်ုပ်လည်း ယောင်ယောင်ကမ်းကမ်းနှင့် . . .

"ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ"

အသံမှာတုန်၏။ သို့သော် ကြည်၏။ ငိုသံပေါက်နေသည်ကိုက ကြေကွဲစရာ။

မသိလျှင် ဘာဗရေးရှင်းထည့်ဆိုထားသည့် ဟန်မျိုး။ စိန်အုံးမှာ ဝမ်းသာအားရဖြင့် ဂျိမ်းကင်မရွန်ရှေ့ မိုက်ထိုးထည့်ပေးလိုက်ရာ ထိုသူလည်း အူတူတူနှင့် . . .

"ပိ(စ်) ဝိုင်း ... ယူး ... ယူ ... ယူ"

ဟု အော်လိုက်သည်။ စပီးဘတ်(ခ်)အလှည့်တွင်မူ...

"အပ်ပါ ပလိုင်းဆာ အပ်ပါပလိုင်းဆာ အပ်ပါပလိုင်းဆာ"

ဟူ၍ ဘာဘာသာစကားမှန်း မသိသည့် စာတစ်ပိုဒ်ကို ယောင်နနနှင့် ရွတ်ထည့်လိုက်လေသည်။ နောက်ဆုံးစာတန်းထိုးထားသည့်အတိုင်း တေးဆို စိန်အုံး (ရင်ကွဲနာ)နှင့် ကိုကိုကြီး၊ ရက်(ပ်)အဆိုတော် ဂျိမ်းကင်မရွန်နှင့် စတီဗင်စပီးဘတ်(ခ်)တို့၏ ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ သီချင်းအောင်မြင်စွာ ပြီးဆုံးသွားပေပြီ။

"တောက် . . . ကောင်းလိုက်တာဗျာ။ ဇာတ်ကားနဲ့တောင်

မတန်ဘူး"

"ဘာကို ပြောတာလဲဟင်"

"သီချင်းကို ပြောတာလေ။ ဒီသီချင်း ကျွန်တော် စီးရီးထုတ်မယ်"

"ဝါး"

စိန်အုံး၏ စကားကြောင့် ကျွန်ုပ်တို့သုံးဦးတိုင်ပင်ထားသလို ပြိုင်တူ အော်ငိုမိ၏။

"ဘာလဲ။ သိပ်ခံစားနေရပြီမဟုတ်လား။ မခံစားရဘဲ နေမလား။ ကျွန်တော်ရိုက်ထားတဲ့ ဇာတ်ကားကိုက ဟဲဗီးဒရမ်မာ ဟာသအက်ရှင်ဇာတ်မြူးပဲဟာ . . ."

"ဝါး"

သူ့စကားဆုံးသည်နှင့် ကျွန်ုပ်တို့ထပ်ငိုမိ၏။

"ဒီလောက်ခံစားနေရရင်လည်း မနက်ဖြန်လည်း လာခဲ့ကြပါလား။ ကျွန်တော် နောက်တစ်ကားထပ်ရိုက်ဖို့ ရှိတယ်။ သရုပ်ဆောင်လည်း လိုနေတာမို့ အတော်ပဲ"

"ဝါး"

ကျွန်ုပ်တို့အားလုံး တိုင်ပင်မထားဘဲ ပြိုင်တူငိုမိပြန်၏။ ဤတစ်ကြိမ်ငိုရာတွင် ကလေးသူငယ်များ တစ်ယောက်နှင့် တစ်ယောက် အားကျမခံ အပြိုင်ငိုကြသလို သူ့ထက်ငါ အသံပိုကျယ်အောင် အသံကို မြှင့်၍ ငိုမိကြ၏။

❖ ❖ ❖

www.burmeseclassic.com



www.burmeseclassic.com

# အားနာခြင်းအမှု

တစ်ခါတစ်ရံ၌ လွန်စွာအားနာ၊ လွန်စွာ အနစ်နာခံတတ်သော ကျွန်ုပ်သည် ဘာမဟုတ် ညာမဟုတ်ကိစ္စမှအစ ဘာဟုတ် ညာဟုတ်ကိစ္စအထိ အားနာတတ်လွန်း၍ ခံခဲ့ရသည့်အကြိမ်ပေါင်းမှာလည်း မရေမတွက်နိုင်ပေ။ 'အားနာခြင်းသည် လူတိုင်းနှင့် မသင့်လျော်' ဟူသော စကားပုံအတိုင်း နေရာတိုင်း လူတိုင်းကို အားနာရန် မသင့်လျော်ကြောင်းကို သိသော်လည်း ကျွန်ုပ်၏ မသိစိတ်တွင် အချိန်အတန်ကြာ ကိန်းအောင်းနေသော ထိုအားနာခြင်းကား နေရာတိုင်း၊ အချိန်တိုင်း၊ လူတိုင်းအတွက် လွှမ်းမိုးနေချေပြီ။ ထို့ကြောင့် ထိုအားနာခြင်းကို ဖျောက်ဖျက်ပစ်နိုင်ရန်အတွက် ကျွန်ုပ်မှာ လွန်စွာအားထုတ်ရပေမည်။

ထို့ကြောင့် ယခုမှစ၍ ကျွန်ုပ်သည်ကား မည်သူ့ကိုမှ အားမနာတော့ဟူ၍ စိတ်ပိုင်းဖြတ်၍ တွေ့ကရာလူကို အားမနာတမ်း ငေါက်ငမ်းရန် နေအိမ်မှ မြို့ထဲသို့ ခါးကော့ ရင်မော့၍ (ခေါင်းမော့ ရင်ကော့ရန်အတွက် အားမရှိ၍ ဖြစ်သည်။) မပြုံးမရယ် ခပ်တည်တည် ချီတက်လာချေတော့သည် တမုံ့။

ဤသို့ချီတက်လာသော ကျွန်ုပ်မှာ ပန်းဆိုးတန်းလမ်းရောက်တော့မှ စဉ်းစားမိ၏။ ဤအတိုင်း ကျွန်ုပ်ဆက်သွားနေလျှင် စာရေးဆရာ၊ ပန်းချီဆရာ တစ်ဦးဦးနှင့် လမ်းတွင် မဖြစ်မနေဆုံရမည်။ ထိုသို့ဆုံလျှင် ထိုသူမှ ပိုက်ဆံ မရမကချေးမည်။ ဤတွင် ကျွန်ုပ်မှာ စာရေးဆရာ အချင်းချင်းပဲလေဟူသော

အားနာစိတ်နှင့် ပိုက်ဆံဈေးမိမည်။ ထိုသို့ဈေးမိသည်နှင့် ကျွန်ုပ်မည်သူ့ကိုမှ အားမနာတော့ဟူသော အဓိဋ္ဌာန်ပျက်ပြီ။ (မဈေးလျှင်လည်း စာရေးဆရာ အချင်းချင်း အားနာစရာကြီး။ သူ့မရှိကိုယ်ဈေး၊ ကိုယ့်မရှိ သူမပေးနေလာခဲ့တာ) ဒါဆို မည်သို့လုပ်ရမည်နည်း။

ဟုတ်ပြီ။ လမ်းဘေးက လေဘေးထည်တွေ အရင်ဝင်ဝယ်လိုက်မည်။ သူတို့တင်ထားသော ဈေးကို အားမနာတမ်း ထက်ဝက်ဆစ်ပစ်မည်။ ဒါဆို ကျွန်ုပ်၏ အားနာစိတ် အတန်အသင့်တော့ လျော့နည်းသွားနိုင်ပေမည်။ ဒါမှ ရဲရဲတင်းတင်းငြင်းမည်။ သို့ကလိုစဉ်းစားမိပြီး ကျွန်ုပ်မှာ ဘယ်သူ့ကိုမှ အားမနာနိုင်ဘူးဟေ့ဟူသော ခံယူချက်ဖြင့် မျက်နှာကို လေပူဖောင်းရှုံးအောင် တင်းထားလိုက်ပြီး လေဘေးထည်ရောင်းရာဆိုင်သို့ ခြေလှမ်းကျဲကြီးနှင့် လှမ်းဝင်လိုက်သည်။ ပြီးနောက် လေဘေးအင်္ကျီတစ်ထည်ကို ဟန်မြင့်မြင့် မာန်ဝင့်ဝင့်လှမ်းကိုင်လိုက်ပြီး . . .

"ဒါ ဘယ်လောက်လဲဟေ့"

ကျွန်ုပ်၏ အောင်မြင်ခန့်ညားသော အမေးကို ကြားသည်နှင့် လေဘေး ရောင်းသော အနီးသူငယ်မှာ ကသုတ်ကရက်ပြေးလာပြီး . . .

" ဟာ. . . အဘ ဘယ်လောက်လဲမေးနေသေးလား။ အဘက ဝယ်နေကျဖောက်သည်တွေဘဲ။ ခုနှစ်ရာပဲပေး။ မနေ့တောင် အဘဘကြီး ရှော့ပင်တစ်ထည်ဝင်ဝယ်သွားသေးတယ်။ သူ့ သူငယ်ပြန်ရင် ဝတ်ဖို့တဲ့။ အဘလည်း သူငယ်မပြန်သေးဘူးနော်။ ကျွန်တော်တောင် အဘ သူငယ်ပြန်ရင် ကစားဖို့ ဝက်ဝံရုပ်တွေ ဝယ်စုထားတယ်။ ဈေးကတော့ ပုံမှန်ဈေးပဲ။ ဒါနဲ့ အဘ ပန်းခြံမှာ အတွဲလိုက်ချောင်းဖို့ မှန်ပြောင်းကလေးပါ ဝယ်သွားပါလား။ ကောင်းတယ် အဘရဲ့ ဒီမှန်ပြောင်းနဲ့ဆို အဘ အပင်ပန်းခံပြီး သစ်ပင်ပေါ် ကုပ်ကပ်တက်နေစရာ မလိုတော့ဘူး။ ယူလေ အဘ ခုနစ်ရာတည်း"

သူ၏ လောကွတ်စကားများကြောင့် ကျွန်ုပ် မျက်လုံးပြူးသွားရပြီး–

"ဟဲ့...ပေါ်ကုန်ပြီ။ အဲလေ...မပေါ်တော့ဘူး။ ဟုတ်ပေါင် ဟဲ့... အတွဲချောင်းတာ ငါ မဟုတ်ဘူးဟဲ့"

ကျွန်ုပ်၏ စကားကို လေဘေးသည်မှ ရယ်ကျဲကျဲလုပ်ပြီး...

"သြော်...အဘ မဟုတ်ဘူးလား မသိဘူးလေ။ ထမင်းချိုင့်ကြီးနဲ့ ရွှေဂုံတိုင်မှတ်တိုင်မှာ ခဏ ခဏတွေ့လို့ ကျွန်တော်က တခြားအဘတွေလို ထင်နေတာ။ အဲဒီမှာ အဘတို့လို အရွယ်တွေ အများကြီး အဘရဲ့။ သူတို့လည်း ထမင်းချိုင့်တွေနဲ့ ဝါသနာဘာဂီ"

www.burmeseclassic.com

"တော် . . . တော်ပါကွာ။ ကိုင်း ဒီအင်္ကျီက ဘယ်လောက်"

ကျွန်ုပ်၏ အမေးကို လေဘေးသည်မှ . . .

"ခုနစ်ရာလေ အဘ"

ကျွန်ုပ်သိပြီ။ ဒီကောင် ထက်ဝက်ဈေးတင်ပြောမှန်း။ ကြည့်လေ သူ့အင်္ကျီက ခုနစ်ရာ ဘယ်လိုမှ မတန်။ အလွန်ဆုံးတန်လှ နှစ်ရာ၊ သုံးရာပေါ့။ သည်ထက်တော့ ဘယ်လိုမှ ပိုပေး၍မရ။ ထို့ကြောင့် သည်ကောင့်ကို အားမနာ တမ်း ဆစ်လိုက်မဟဲ့ဟု အားတင်းလိုက်စဉ် လေဘေးသည်မှ မျက်နှာငယ် လေးဖြင့် . . .

"အများကြီးတော့ မဆစ်လိုက်ပါနဲ့ အဘရယ်။ ကျွန်တော်လည်း ဒီတစ်ထည်ရောင်းမှ လေးငါးရာမျိုး အဲလေ . . . လေးငါးဆယ်မျိုး မြတ်တာ။ ဒီကြားထဲ အဘတူမကလေ ခေါင်းကိုက်တယ် ကိုက်တယ်နဲ့ ဆေးရုံတင်လိုက်တော့ ခြေသလုံး ကြွက်တက်တာပါတဲ့"

"ဟဲ့ . . . ခြေသလုံး ကြွက်တက်တာနဲ့ ခေါင်းက ဘယ့်နှယ် ကိုက်ရတာလဲ"

ကျွန်ုပ်၏အမေးကို သူငယ်မှ ပို၍ ညှိုးငယ်သော ရုပ်သွင်ဖြင့်...

"မသိပါဘူး အဘရယ် ခြေသလုံးကို ကြွက်တက်တော့ ကြောင်က ခေါင်းကိုက်ဆင်းလာတာလားမှ မသိတာ။ ဒီကြားထဲ အကြီးကောင်ကလည်း အပူနာတဲ့။ အဲဒါ ဆရာဝန် သွားပြတော့ . . ."

"တော် . . . တော်ပါတော့ကွာ။ မင်းဆက်ပြောနေရင် မင်းတို့ မိသားစုအတွက် ငါပါ အလှူခံထွက်မိနေဦးမယ်"

ကျွန်ုပ်၏ စကားကို လေဘေးသည်လေးမှ မချင့်မရဲပုံစံဖြင့် . . .

"အဘ မယုံလို့လား တကယ်ပါအဘရယ်။ အဲဒါနဲ့လေ အငယ် ကောင်က"

"တော် . . . တော်ပါဆိုကွာ"

သူ၏ စကားများကြားမှ ကျွန်ုပ်မှာ ဈေးမည်သို့ဆစ်ရမှန်းမသိရ လောက်အောင် အားနာနေမိတော့၏။ မဖြစ်ခံနိုင်ရိုးလား မိတ်ဆွေ။ သူ ပြောသည့်အကြောင်းအရာများမှာ တကယ့်ကို သနားစရာ။ သူ့သားကြီး အပူနာ ဖြစ်၍ ဆရာဝန်သွားပြတော့ ဆရာဝန်က သွားပိုးစားနေသည်ဟု ဆို၍ သွား သုံးချောင်း နုတ်ပေးလိုက်ကြောင်း၊ ထို့ကြောင့် သူ့သားအငယ်ကောင်မှ မကျေမနပ်ဖြင့် သွားပြောရာ ဆရာဝန်မှ အဆစ်အနေနှင့် သွားနောက်တစ်ချောင်း နုတ်ပေးလိုက်သည့်အပြင် နှာခေါင်းတစ်ဖက်ကိုပါ ချုပ်ပေးလိုက်ကြောင်း၊

ထိုသတင်းကို ကြားသဖြင့် သူ့ မိခင်မှာ ခေါင်းကိုက်နေရာမှ ထလိုက်သွားရာ သူ ကိုက်နေသော ခေါင်းမှာ ငါးရံ့ခေါင်း ဖြစ်နေသဖြင့် အရိုးစူးသွားကြောင်း၊ ထို့ကြောင့် ဆရာဝန်မှ ရာသက်ပန် အရိုးမစူးရအောင် လည်စိ (စွေ့) ဖြတ်ပေးလိုက်ကြောင်း စသည်ဖြင့် ဖြစ်ကြောင်းကုန်စင်ကို သနားစဖွယ် တင်ပြနေသောကြောင့် ကျွန်ုပ်မှာ အင်္ကျီကို ဈေးဆစ်ရန် မည်သို့မှ မစွမ်းသာတော့။

ထို့ကြောင့် သူပြောသည့် ခုနစ်ရာတန်အင်္ကျီကို မတန်မှန်း သိသော်လည်း အားနာစိတ်နှင့် ခုနစ်ရာပေးဝယ်လိုက်သည့်အပြင် သူတို့မိသားစု သုံးဖို့ဟူ၍ နောက်ထပ်ငွေတစ်ရာပင် ထပ်ဆောင်းပေးလိုက်မိချေတော့သည် တမုံ့။

လေဘေးရောင်းသည့် သူငယ်မှာလည်း ကျေးဇူးတုံ့ပြန်သောအနေဖြင့် ကျွန်ုပ်ဝယ်ယူခဲ့သော နှစ်ရာတန်အင်္ကျီကို ခုနစ်ရာနှင့် မတန်တန်အောင် ကျွတ်ကျွတ်အိတ် ခုနစ်လုံးနှင့် ထုပ်၊ စက္ကူနှင့် ဆယ့်ခြောက်ပတ် ပတ်ပေးသည့်အပြင် ကျွန်ုပ်ပျင်းလျှင် ဆော့ရန်အတွက် သားရေကွင်း ဒိုးကြီး သုံးကွင်းနှင့် ဆာလျှင် စားရန် မုန့်ပျားသလက်နှစ်ခုကိုပါ ကျွန်ုပ် အတန်တန်ငြင်းနေသည့်ကြားမှ မရမက ထည့်ပေးလိုက်လေသည်။

အဲသဟာမှ တကယ့်အခက်။ ဝင်ငွေမရှိရသည့်ကြားထဲ ငွေရှစ်ရာအဆစ်ထပ်ကုန်ပြန်ပြီ။ ကျွန်ုပ်မှာ တစ်လစာ တစ်လ စားသုံးရန်မနည်းအလျဉ်မီအောင် ရှာဖွေစုဆောင်းနေရသောကြောင့် ဤမျှ ငွေကြေးကိုပင် အပိုအဖြစ် မသုံးစွဲနိုင်။ သုံးစွဲမိပြီဆိုလျှင်လည်း မည်သို့ပြုလုပ်ရမည်နည်း။ ထိုငွေရအောင် ပြန်ရှာရန်သာ ရှိတော့ချေမည်။ ငွေက မည်သို့ ဝင်ငွေရအံ့နည်း။ ထို့ကြောင့် ကျွန်ုပ် လွယ်အိတ်အတွင်းသို့ ရေးပြီးသား ရှိလိုရှိငြား စမ်းကြည့်လိုက်သည်။

ရှေး..နိပ်ပဟ ဘယ်လူပျိုဘဝတုန်းက ရေးထားမှန်း မသိသော စာမူကြမ်းတစ်စောင်တွေ့ပဟ။ ဤစာမူကလေး မဂ္ဂဇင်းတိုက်တစ်ခုခုသို့ ပို့လိုက်ပါက ချက်ချင်း တစ်ထောင်မျိုး ထောင့်ငါးရာမျိုးတော့ ပေါ်နိုင်ပေ့။ ကျွန်ုပ်လည်း ဝမ်းသာအားရဖြင့် စာမူကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း စာမူမပို့ဖူးသော (တစ်ခါမှ မရောက်ဖူးသော) မဂ္ဂဇင်းတိုက် အသစ်တစ်ခုဆီသို့ ခြေလှမ်းကျဲကြီးဖြင့် လှမ်းဝင်လိုက်လေသည်။

အလို . . .

မှားပဟ . . .

မှားသမှ တက်တက်စင်အောင် မှားပြီ။

ကျွန်ုပ်မဂ္ဂဇင်းတိုက်အမှတ်နှင့် ဝင်လာမိသော နေရာမှာ မဂ္ဂဇင်း

တိုက် မဟုတ်ဘဲ ရှေ့နေတစ်ဦး၏ ရုံးခန်းတစ်ခုပင် ဖြစ်နေသည်။

ရှေ့နေ မုန်းမောင်မောင်ဥ (မာဆလာကြီး)တဲ့။

ကျွန်ုပ်ကို မြင်သည်နှင့် အနီးရှေ့နေမှာ တစ်ခါမှ မမြင်ဖူးသော်လည်း မတွေ့တာကြာသော ရွှေမျိုး ငှက်ပျောခိုင်ကြီးထမ်းပြီး ရောက်လာသလို ဝမ်းသာအားရဖြင့် . . .

“ဟာ . . . အဘ။ လာလေ ဝင်ထိုင်ပါ။ ဘာဖြစ်လာပြန်ပြီလဲ။ ထဘီခိုးလို့လား၊ ဒန်အိုးပေါက် ပျောက်လို့လား၊ တူမလေးလင်နောက် လိုက်ပြီထင်ပ့ါ။ ဒါမှမဟုတ် ကြီးတော်နွား သူများ မှားကျောင်းသွားလို့ မှတ်တယ်”

ဟူ၍ ရွှန်းရွှန်းဝေ နှုတ်ဆက်လေသည်။ ကျွန်ုပ်မှာ သူပြောသမျှ တစ်ခုမှ မဟုတ်သော်လည်း အခန်းမှားဝင်လာမိသော အားနာစိတ် ထိန်းမနိုင်သိမ်းမရဖြစ်မိပြီး . . .

“မဟုတ်ပါဘူး ဟို . . . ဟိုလေ”

ကျွန်ုပ်၏ ယောင်နနစကားကို ရှေ့နေမှ သဘောကျသလိုဖြင့် အရှေ့မှစားပွဲကို ဖျန်းခနဲနေအောင် ပုတ်ပြီး . . .

“အဲဒါကို ပြောတာ။ အဲဒါကိုပြောတာ သိပြီ။ ကျုပ် သိပြီ။ သူကြီး နှုတ်ခမ်းမွေးနဲ့ တံမြက်စည်း မှားဆွဲလာမိပြီ မဟုတ်လား”

သူ၏ မဆီမဆိုင်စကားကြောင့် ကျွန်ုပ်မှာ ပို၍ စိတ်ညစ်သွားပြီး...

“ဘယ့်နှယ် နှုတ်ခမ်းမွေးနဲ့ တံမြက်စည်း မှားဆွဲရမှာလဲ။ မဟုတ်ရပါဘူး။ အခုဟာက ဟို . . . ဟိုလေ”

ကျွန်ုပ်မှာ အခန်းမှားဝင်မိကြောင်း ပြောလိုက်ချင်သော်လည်း စိတ်အားထက်သန်စွာ ကျွန်ုပ်၏ စကားကို ငံ့လင့်နေသော အနီးရှေ့နေကို ကြည့်ပြီး ကျွန်ုပ် လွန်စွာ အားနာရမိချိမ့်တကား။ မည်သို့ ဆက်ပြောရမှန်း မသိအောင် ဖြစ်နေမိလေတော့၏။ ဤသို့ အူကြောင်ကြောင်ဖြစ်နေသော ကျွန်ုပ်ကိုကြည့်ပြီး ရှေ့နေမှ အားတက်သရောဖြင့် . . .

“ပြောပါ အဘရဲ့ အားမနာပါနဲ့ လာနေကျ ဖောက်သည်တွေပဲဟာ။ ဘာအမှုအပ်မလို့လဲ။ ရဲရဲသာ ပြော”

အင်း . . . လာနေကျ ဖောက်သည်တဲ့။ ကျွန်ုပ်လည်း တစ်သက်နှင့် တစ်ကိုယ်အမှုအခင်းတစ်ခါမှ မဖြစ်ရပါဘဲ ဘယ့်နှယ် ရှေ့နေနဲ့မှ လာနေကျ ဖောက်သည်ဖြစ်ရတာတုံး။ ဟိုစာရေးဆရာဆို ဟုတ်သေး။ သို့သော် ကျွန်ုပ်မှာ လွန်စွာအားနာတတ်သူပီပီ ရှေ့နေဆီ ရောက်လာပြီးမှ ဘာမှ မကူညီနိုင်လျှင် အားနာစရာကြီးဟူ၍ စဉ်းစားမိပြီး . . .

"ဟိုလေ အခုတော့ အမှုမရှိသေးဘူး။ အဲ . . . ရှေ့နေတော့ ကြိုငှားထားမယ်လေ။ နောက်မှ အမှုရှာပြီး အဘ လာခဲ့လို့ မရဘူးလား"

ကျွန်ုပ်၏ စကားကို ရှေ့နေမှ ဇဝေဇဝါမှုပင် မဖြစ်ဘဲ . . .

"ဟာ . . .ရပါတယ်အဘ။ ရှေ့နေငှားဖို့သာ အဓိကပါ။ အမှုကို အဘမရှာနိုင်လည်း ကျွန်တော်ရှာပေးမယ်လေ။ စိတ်သာချ ကျွန်တော်လိုက် ရင် ထောင်ကို လွတ်လွတ်ကျွတ်ကျွတ်ကြီး ကျရမှာပါ"

သူ၏ စကားကြောင့် ကျွန်ုပ်မှာ မျက်လုံးပိုပြူးသွားရပြီး . . .

"တော် . . . တော်ပါကွယ်။ ကိုယ့်ဘာသာကိုယ် အမှုရှာယူ ပါ့မယ်။ မောင်ရင်သာ ကွင်းလုံးကျွတ်ကျဖို့ အဲလေ လွတ်ဖို့တာဝန်ယူပေးပါ"

ကျွန်ုပ်၏ စကားကို ရှေ့နေလေးမှ အားတက်သရောဖြင့် . . .

"စိတ်ချ အဘ။ အဘ အမှုအဆင်ပြေရင် ကျွန်တော်အားလုံးနဲ့ ညှိပြီး ရမန်ကြိုယူထားမယ်လေ မကောင်းဘူးလား"

"မကောင်း . . . မကောင်းပါဘူးကွယ်။ ကဲ . . . ကဲ ကျွန်ုပ် လည်း အမှုရှာထွက်လိုက်ဦးမယ်"

ကျွန်ုပ်၏ စကားကို ရှေ့နေကလေးမှ . . .

"ကောင်းပြီ အဘ။ မြန်မြန်အမှုရှာခဲ့နော်။ အမှုကြီးကြီးသေးသေး ထောင်ကျဖို့ ကျွန်တော် တာဝန်ယူပါတယ်ဗျ။ မြန်မြန်သာ အမှုဖြစ်အောင်လုပ်"

ဟူ၍ အားတက်သရော တိုက်တွန်းလိုက်သေး၏။

အဲသဟာမှ ဒုက္ခ။ အမှုဖြစ်အောင် မည်သို့ပြုလုပ်ရမည်ကိုလည်း ကျွန်ုပ် မသိ။ အမှုမရှိဘဲ ပြန်သွားဖို့ကလည်း ရှေ့နေကလေးကို အားနာ စရာ။ ကိုယ်က ငှားထားပြီး သူ့ခမျာ မလိုက်ရရှာရှော့မယ်။

ကိုင်း . . . မထူးတော့ပေဘူး။ ကိုယ် မကျေနပ်သည့် အယ်ဒီတာ ထိပ်ပြောင်ပြောင်ကို လက်ဝါးဆီ တစ်ဆယ်သားဆွတ်ပြီး ဖျန်းခနဲနေအောင် ရိုက်ထည့်ရ မကောင်းဘူးလား။ ဒါဆို အမှုဖြစ်ပြီ။ အို . . . ဒါလည်း မကောင်းသေးပါဘူး။ တော်ကြာ ဟိုဂျာနယ်ထဲ လျှောက်ဖွ၊ ဒီဂျာနယ်ထဲ လျှောက်ဖွနဲ့ အမှုလည်း ဖြစ်သေး ငပွကြီးလည်းဖြစ်သေး ဖြစ်နေဦးမယ်။ ဒါဖြင့် ဟိုမကြာခဏ ယောကျ်ားနဲ့ ကွဲတတ်တဲ့ မင်းသမီးနဲ့ လက်ထပ်လိုက်ရ ကောင်းမလား။ ဒါဆို မကြာခင် သေချာပေါက်ပြန်ကွဲပြီး အမှုဖြစ်မယ်။ အဲ...ဒါလည်း မနိပ်သေးဘူး။ တော်ကြာ ဂျာနယ်တွေက သူ့ကိုကျတော့ သနားစရာကောင်းအောင်ရေးပြီး ကိုယ့်ကိုကျတော့ လူယုတ်မာကြီးလို့ ရေးကြ ရင်အခက်။ ကိုင်း . . . မထူးဘူး။ အမှုမဖြစ်ဖြစ်အောင် တွေ့ကရာလူ

www.burmeseclassic.com

ခြေကလိန်ကွပ်ပစ်မယ်ကွာ။ ဒါဆို အမှုဖြစ်ပြီး . . . အဲ . . . နေဦး။ ဘယ်သူ့ကို အရင်ဆုံး ခြေကလိန်ကွပ်ရရင် ကောင်းမလဲ။ ဟိုမင်းသားဆို ကောင်းမလား၊ ဟိုဒါရိုက်တာဆိုရင်ရော . . .

ကျွန်ုပ်လည်း မည်သူ့ကို ခြေကလိန်ကွပ်ပြီး အမှုလုပ်ရကောင်းမည်ကို စဉ်းစားနေတုန်း 'ဖုန်း'ဟူသော အသံနှင့်အတူ မြေပြင်နှင့် ကျွန်ုပ်မေးဖျား ပြောင်ပြောင်တင်းတင်း မိတ်ဆက်သွား၍ ကျွန်ုပ်လည်း လူးလဲထပြီး လှည့်ကြည့်လိုက်ရာ . . .

ပြီတည်တည်နှင့် စိန်အုံး။ ကျွန်ုပ်လည်း သူ့ကိုတွေ့သည်နှင့် ပို၍ ဒေါသထွက်သွားရပြီး . . .

"ဟင် . . . မင်း . . . မင်း ဘာလုပ်တာလဲ"

ကျွန်ုပ်၏ ဒေါသတကြီး စကားကို စိန်အုံးမှ မခိုးမခန့် ပြုံးပြီး...

"ခြေကလိန်ကွပ်လိုက်တာလေ။ ကျုပ်လည်း အခန်းမှားဝင်ပြီး ရှေ့နေငှားထားတဲ့ကောင်"

သူလည်း ကျွန်ုပ်လိုပင် မဂ္ဂဇင်းတိုက်နှင့် ရှေ့နေအခန်းမှားဝင်မိပြီး အားနာ၍ ရှေ့နေငှားပြီး အမှုရှာနေဟန်တူ၏။ ထို့ကြောင့် ကျွန်ုပ်ကဲ့သို့ပင် မည်သူ့ကို အမှုလုပ်ရကောင်းနိုး စဉ်းစားနေရင်း ကျွန်ုပ်ကိုတွေ့တော့ အမှုတော့ ရပြီဟူသော ဝမ်းသာစိတ်နှင့် ခြေကလိန်ကွပ်လိုက်ပုံရ၏။ ကျွန်ုပ်သည်လည်း အနိုင်တိကို ကြည့်မရသူပီပီ ပြန်တော့ ဆုံးမပြီး အမှုလုပ်မဟဲ့ဟု ဆုံးဖြတ်ပြီး။

"ဩော် . . . ဒါဆိုလည်း အမှုသည်အချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ပြီပေါ့ ကိုင်းကွာ . . ."

"ဖြန်း"

ကျွန်ုပ်၏ လက်ဝါးဖောင်းကို မထင်မှတ်ဘဲခံလိုက်ရသော စိန်အုံးမှာ–

"ဟင် . . . ကျုပ်ကို ပါးရိုက်တယ်"

"ရိုက်တယ်ကွာ"

"ဒါဆို ကဲကွာ"

"ခွပ်"

"ဟင်... မင်းငါ့ကိုထိုးတယ်။ အေး ငါကလည်း ဟောဒီလို"

"ခွပ်"

"ခွပ်"

"ဖြောင်း"


ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ဦးကောင်းမှုနှင့် ရှေ့နေကလေးမှာ အမှုနှစ်ခု

လိုက်ရသည့်အပြင် ကျွန်ုပ်တို့နှစ်ဦးမှာလည်း စာချုပ် တစ်ယောက်တစ်စောင် ချုပ်လိုက်ရလေသည်။

ထိုစာချုပ်မှာ အခြားမဟုတ်။ လက်သီးထိုးကောင်းသော ကျွန်ုပ်တို့နှစ်ဦး မြန်မာ့လက်ဝှေ့ကျော် ဝမ်ချိုင်းနှင့် သူနိုင်ကိုယ်နိုင် အပြိုင်ကြဲရန် ဖြစ်ချေတော့သည် တမုံ့။

❖ ❖ ❖

www.burmeseclassic.com



www.burmeseclassic.com

## မှုပိုင်စွင့်/မယ်ဒိုလင်[redacted])
## ရှော့(စ်)စတီးဝပ်

“ဟယ်လို အဘ နေကောင်းလား။ မတွေ့တာကြာလို့ ပိုတောင် အိုစာသွားသလိုပဲ”

လွန်စွာ ပီသသော အင်္ဂလိပ်စကားဖြင့် အားရဝမ်းသာ နှုတ်ဆက်လိုက်သော ဆံပင်ထောင်ထောင် နှာယောင်ကောက်ကောက် နဖူးမောက်မောက် ဖနောင့်ရှည်ရှည် အသံပြာပြာ အင်္ဂလိပ်ကြီးတစ်ဦးကြောင့် ကျွန်ုပ်လည်း ရုတ်တရက် မမှတ်မိနိုင်ဘဲ ဇဝေဇဝါ ဖြစ်သွားရလေသည်။ ထိုကြောင့် . . .

“နို့ နေစမ်းပါဦး။ မောင်ရင်က ဘယ်သူတုံး။ တွေ့ဖူးသလိုတော့ အရှိသား။ ဒီလောက်အရုပ်ဆိုးပုံထောက်ရင် ငါတို့ အမျိုးထဲကတော့ မဟုတ်လောက်ပါဘူး”

ကျွန်ုပ်၏ စကားကြောင့် ထိုမျက်နှာဖြူသည် ဟက်ဟက်ပက်ပက် ရယ်ပြီး . . .

“အဘတို့လို မျက်နှာရှည် အမျိုးထဲက မဟုတ်ပါဘူး အဘရယ်။ အဘမမှတ်မိတော့ဘူး ထင်တယ်။ ကျွန်တော်အဘရဲ့ မိတ်ဆွေ ကမ္ဘာကျော် အဆိုတော် ရှော့စ်စတီးဝပ်လေ”

ထိုတော့မှ ကျွန်ုပ်လည်း သူ၏အင်္ဂါရုပ်ကို မှတ်မိပြီးအားရဝမ်းသာဖြင့်

“ဟေ ဘယ်သူများ မှတ်တယ်။ မောင်ရှော့စ်တီးဗွန်း...အဲလေ

ရော့စတီးဝပ်ကြီးကိုး။ မတွေ့တာ ကြာပြီနော်။ မတွေ့တာ ကြာတော့ စိတ်ထဲ ဇဝေဇဝါဖြစ်နေတာ ဒါနဲ့ မင်းမော်ဒယ်လေးတစ်ယောက်နဲ့ ယူလိုက်ပြီဆို ဆံပင်ကရော အဖြူရောင်ဆိုးထားတာလား။ နေရောကောင်းရဲ့လား။ နည်းနည်း ဝလာတယ်နော်။ အားဆေးတွေစားလို့ဖြစ်မယ်။ ဆံပင်တွေက ထောင်နေတုန်း ပဲနော်။ သချိုင်းမှာရော ငါးရှဉ့်တွေ ထောင်ဖြစ်သေးလား၊ ဒါနဲ့ မောင်ရင်မယား ကြီးနဲ့ကွာလိုက်ပြီဆို၊ မာစီတီးကားကြီးတိုက်မိတာ ဘာဖြစ်သွားသေးလဲ။ မြန်မာ ထမင်းဟင်းရော စမ်းစားကြည့်ပြီးပြီလား။ အဆင်ရောပြေရဲ့လား။ အခု ဘာကိစ္စနဲ့ လာတာလဲ။ အပျော်လား။ အလည်လား"

ကျွန်ုပ်၏ အားရဝမ်းသာအမေးကို ရော့စတီးဝပ်မှလည်း အားရ ဝမ်းသာ ပြန်ဖြေ၏။

"ဟုတ်ကဲ့ ကြာပါပြီ။ ဟုတ်ကဲ့ မော်ဒယ်လ်လေးနဲ့ ယူလိုက်ပါပြီ။ မဆိုးပါဘူး။ အရင်ကအတိုင်းပါပဲ။ ဟုတ်ကဲ့ကောင်းပါတယ်။ ဟုတ်ကဲ့ ထောင်နေတုန်းပါပဲ။ အားဆေးစားလို့ ဖြစ်မှာပါ။ ဒါကလည်း ဝါသနာအရ ဆိုတော့ ထောင်ပါတယ်။ မယားကြီးနဲ့က ကွာလိုက်ပါပြီ။ နောက်ပိုင်းတော့ နည်းနည်းချိုင့်သွားတာပေါ့။

စမ်းစားကြည့်ပြီးပါပြီ။ အဆင်ပြေပါတယ်။ အခု...အောင်မလေး မောလိုက်တာ အဘရယ်။ ဘေးလူတွေ မြင်ရင် (Rap) ရက်(ပ်)သီချင်းဆိုနေ တယ်လို့ ထင်နေဦးမယ်။ ဖြည်းဖြည်းမေးပါ အဘရယ်"

ထိုတော့မှ ကျွန်ုပ်လည်း . . .

"မတွေ့တာကြာလို့ ဝမ်းသာလို့ပါကွာ။ ဒါနဲ့ အခုကောင်မလေးက ကလေးရပြီလား။ မာစီတီးရော နောက်ပိုင်းအတော်ချိုင့်သွားလား။ မင်းနှုတ်ခမ်း က ပိုလန်လာသလိုပဲ။ မောင်ရင့်ခွေတွေရော ထွက်သေးလား စတိတ်ရှိုးလိုက် ဆိုနေပြီ ဆို၊ ပြီးခဲ့တဲ့နှစ်က မောင်ရင့်ငွေတွေ လိမ်သွားတဲ့ မန်နေဂျာရော၊ အခု အသက်ဘယ်လောက်ရှိပြီလဲ။ မငယ်တော့ဘူး ထင်တယ်။ ဘယ်တော့ ပြန်မှာလဲ။ မယားကြီးရော တရားစွဲသေးလား"

ကျွန်ုပ်၏ ဒုတိယအမေးကို သူမှ မဆိုင်းမတွပင်. . .

"အခုကောင်မလေးနဲ့ ကလေးမရသေးပါဘူး။ နောက်ပိုင်းတော့ လက်နှစ်သစ်လောက် ချိုင့်သွားတာပေါ့။ လန်နေတာက နဂိုလန်ပါ။ ဟုတ်ကဲ့။ ပြီးခဲ့တဲ့နှစ်ကတောင် ထွက်သွားသေးပါတယ်။ ရှိုးတွေကတော့ ဆိုဖြစ်ပါတယ်။ မန်နေဂျာကတော့ ပြန်မတွေ့တော့ပါဘူး။ မယားကြီးက စွဲတာပေါ့။ မပြန်သေး။ သြော်အဘရယ်။ မောလိုက်တာ အေးဆေးမေးလည်း ရပါတယ်။ သူများမြင်

ရင် ရန်ဖြစ်နေတယ် ထင်ဦးမယ်”

ထိုတော့မှ ကျွန်ုပ်လည်း . . .

“အေး . . . အေးပါကွာ။ ငါက ဝမ်းသာလို့ပါကွာ။ မတွေ့တာလည်း ကြာတော့ မေးစရာတွေက များနေတာပေါ့ ဒါနဲ့ . . .”

ကျွန်ုပ် စကားမစမီပင် သူက . . .

“နေ . . . နေပါဦး အဘရယ်။ မေးစရာရှိတာတွေ နောက်မှ မေးပါတော့ အခုကျွန်တော့်ရဲ့ လာရင်းကိစ္စ အရင်ဆွေးနွေးရအောင်”

“အေး . . . ကျွန်ုပ်လည်း အဲသည်ကိစ္စကို မေးမလို့။ မောင်ရင့်ဗိုက်ထဲမှာ မုတ်ဆိတ်မွေးအရှည်ကြီးနဲ့ ဘိုးတော်ယောင်ယောင် ရသေ့ယောင်ယောင် ဆိတ်သိုးကြီးရှိနေပုံရတယ်။ မောင်ရင်က ကြိုသိနေတယ်ဆိုတော့ကိုင်း . . . လာရင်းကိစ္စ ပြောပါဦး”

ရှော့စ်တီးဝပ် သက်ပြင်းကို ခပ်လေးလေးချသည်။ ပြီးမှ ဖြည်းညင်းစွာဖြင့် . . .

“ကျွန်တော် မူပိုင်ခွင့်ကိစ္စလာတာပါ”

“ဘယ်လို”

ရှော့စ်တီးဝပ် သက်ပြင်းကို ဖြည်းညင်းစွာ ချလိုက်ပြီး . . .

“ဒီမှာ ကျွန်တော့်သီချင်းတွေကို ကျွန်တော့်ခွင့်ပြုချက်မယူဘဲ ကော်ပီလုပ်သီဆိုနေတာကို သိရလို့ လျော်ကြေးတောင်းဖို့ လာခဲ့တာပါ”

“ဟေ . . .”

သူ၏စကားကြောင့် ကျွန်ုပ်လည်း ဘာပြန်ပြောရမှန်း မသိလောက်အောင် တွေဝေသွားမိ၏။ ဟုတ်ပေ၏။ အနီးသူငယ် ရှော့စ်တီးဝပ်၏ သီချင်းများကို ကျွန်ုပ်တို့ဆီမှ မြန်မာအဆိုကျော်များ ခွင့်ပြုချက် မယူဘဲ သီဆိုနေကြသည်မှာ မနည်းလှ။ သူ၏ သီချင်းများကို ကော်ပီလုပ် သီဆိုခဲ့သူတိုင်းကို လျော်ကြေးတောင်းမည်ဆိုပါက အဆိုကျော် တော်တော်များများ လွတ်ဖွယ်မရှိ။ ခွင့်ပြုချက်မယူဘဲ သီဆိုသည့်အတွက်တရားစွဲမည်ဆိုကလည်းခက်ရချည့်။

“ဟင်း . . . အဲသည်တော့ မောင်ရင်က ဘယ်လိုလုပ်ချင်တုံး”

ရှော့စ်တီးဝပ် ခေတ္တငြိမ်သက်သွား၏။ အတန်ကြာမှ . . .

“ကျွန်တော်ကတော့ တရားမစွဲချင်ဘူး။ သူတို့နဲ့ ညှိပြီး လျော်ကြေးပဲ တောင်းချင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဒီကိုလာတဲ့ စရိတ်ကလည်း ထောင်းနေပြီ။ လေယာဉ်စင်းလုံးငှားခဲ့တဲ့ စရိတ်၊ စင်ကာပူမှာ ခေတ္တတည်းခဲ့တဲ့ စရိတ်၊ နောက်… ဒီက ဟော်တယ်စရိတ်တွေနဲ့ စားစရိတ်

တွေ့ပါ ပေါင်းလိုက်ရင် အင်္ဂလန်ပြန်ဖို့ လမ်းစရိတ်တောင် မရှိတော့ဘူး။ ဒါကြောင့် သူတို့ဆီက လျော်ကြေးရမှ အပြန်လမ်းစရိတ်ရတော့မှာ။ အဲဒါကြောင့် ငွေရအောင် လျော်ကြေးပဲ တောင်းချင်တယ်။"

လျော်ကြေး . . . လျော်ကြေး လွယ်လှသည့် ကိစ္စတော့ မဟုတ်။ သူတို့နိုင်ငံတွင် ဤကဲ့သို့ သီချင်းအပုဒ်ပေါင်းများစွာ ဆိုဖို့မပြောနှင့် သီချင်းလေး တစ်ပါဒတူသွားလျှင်ပင် တောင်းသည့် လျော်ကြေးမှာ ဒေါ်လာ သန်းနှစ်ဆယ် ကျော်။ ယခု ကျွန်တော်တို့ဆီမှာ သူမသိဘဲ (ခွင့်ပြုချက်မယူဘဲ) သီဆိုထားသည်မှာ အပုဒ်ပေါင်းမနည်း။ သေပြီ။

"အင်း . . . အဲသည်တော့ ကျွန်ုပ်က . . ."

"အဘက ဒီမှာ ရပ်သိရွာသိ သမာသမတ်ရှိတဲ့ သူဆိုတော့ အဘပဲ ဦးစီးပြီး . . ."

"ဟေ . . ."

* * *

သို့ကလိုဖြင့် ကျွန်ုပ်၏ သတင်းပေးမှုကြောင့် ကမ္ဘာကျော် အဆိုတော် ရှော့စ်တီးဝပ်ရောက်နေကြောင်းမှာ တောမီးပမာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွား လေတော့သည်။ ထိုသတင်းကြောင့် ကျွန်ုပ်တို့ဆီမှ နိုင်ငံကျော် အဆိုကျော် များသည်လည်း ရှော့စ်တီးဝပ်ကို မျက်ဝါးထင်ထင် တွေ့လိုသူ၊ ရှော့စ်တီးဝပ် ကို ဦးတော်လုပ်လိုသူများဖြင့် ပွဲကြီးပွဲငယ် အသွယ်သွယ်ဖြင့် ရောက်လာ လေသည်။ ထိုအထဲတွင် သူ့သီချင်းများကို အများဆုံး သီဆိုထားသည့် အဆိုကျော်မှာ အသည်းဆုံး။ လက်ထဲတွင်လည်း အုန်းပွဲ ငှက်ပျောပွဲနှင့် အနီးသူငယ်မှာ ရှော့စ်တီးဝပ်ကို တွေ့ရသည်နှင့် . . .

"ဟာ . . . ကိုရှော့စ်ကြီးကိုတွေ့ချင်နေတာကြာပြီ။ အတော်ပဲ ဗျာ။ ကျွန်တော်က ကိုရှော့စ်ကြီးကို ကြားဆရာ မြင်ဆရာလိုကို လေးစား နေတာ။ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေးပေါ့ အိမ်မှာလည်း ထမင်းလာစားပါဦး။ ဒါနဲ့ လာရင်းကိစ္စကို ပြောပါဦး။ အလည်သက်သက် ပဲလား"

ဟု ဆို၍ ရွှန်းရွှန်းဝေအောင် နှုတ်ဆက်လေသည်။ ရှော့စ်တီးဝပ်မှ အေးဆေးစွာပင် . . .

"ကျွန်တော်ရဲ့ လာရင်းကိစ္စကတော့ အဟမ်း ကျွန်တော့်ရဲ့ သီချင်း မူပိုင်ခွင့်ကိစ္စပဲ။ ဒီက အဆိုတော်တွေ ကျွန်တော့်ခွင့်ပြုချက်မယူဘဲ ကျွန်တော့် သီချင်းတွေ သီဆိုနေကြတဲ့အတွက် လျော်ကြေးတောင်းချင်လို့ပါပဲ"

ကျွန်ုပ်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။ လျော်ကြေး လျော်ကြေးတစ်ပုဒ်

ဒေါ်လာသန်းနှစ်ဆယ် သေပြီ။ မည်သို့ပေးမည်နည်း။

သို့သော် ကျွန်ုပ်ထင်ထားသလို မဟုတ်။ ကျွန်ုပ်တို့ဆီမှ နိုင်ငံကျော် အဆိုကျော်မှ ဝမ်းသာအားရပင် . . .

"သြော် . . . ဘာများလဲ မှတ်တယ်။ မူပိုင်ခွင့်ကိစ္စကိုး။ မသိပါဘူး ကျွန်တော်က ကျွန်တော့်အသံ ကိုရှော့စ်ကြီးနဲ့ တစ်ထပ်တည်းတူလို့ လေးစားလွန်းလို့ လာတွေ့တာ ထင်နေတာ"

အောင်မာ ပြောပုံကိုက ကြည့်။ သူကလည်း တုသေး။ သူ့ကို ပြန်ပြီး လေးစားရမတဲ့။

"မူပိုင်ခွင့်ကိစ္စက လျော်ကြေးရယ်လို့ မဟုတ်ပါဘူး။ အနုပညာကြေး ပူဇော်တယ်လို့ပဲ သဘောထားပေါ့။ အခုယူမှာလား ဘယ်တော့ ယူမှာလဲ"

အနီ နိုင်ငံကျော် အဆိုကျော်၏စကားကြောင့် ရှော့စ်တီးဝပ်၏ မျက်နှာမှာ တိမ်ကင်းလသို့ ဝင်းလက်သွားပြီး . . .

"အခုယူမှာပါ။ ကျွန်တော်လည်း စရိတ်ပြတ်နေပြီ။ မနေ့ကတောင် ထမင်းစားဖို့မရှိလို့ ဘောင်းဘီတစ်ထည် သွားပေါင်လိုက်ရတယ်။ အဲဒါတောင် အပေါင်ဆိုင်က နိုင်ငံခြားကလာရင် လေဘေးထည်ပဲဆိုပြီး နှစ်ရာ့ငါးဆယ်ပဲ ပေးတယ်။ အဲဒါနဲ့ ရုပ်ဖျက်ပြီး ရုပ်ရှင်ရုံအောက်က ဘယာကြော်သုတ်ပဲ သွားစားလိုက်ရတယ်။ ခင်ဗျားတို့ဆီက လျော်ကြေး အဲလေ . . . အနုပညာကြေးရမှပဲ စားစရိတ်နဲ့ အပြန်စရိတ် အဆင်ပြေမှာ"

ရှော့စ်တီးဝပ်၏ စကားကို နိုင်ငံကျော် အဆိုကျော်မှ သနားဟန်ဖြင့် စုတ်သပ်ပြီး . . .

"ကျွတ် . . . ကျွတ် ကိုရှော့စ်အဖြစ်က သနားစရာပါလား။ ဒါပေမယ့် ကျွန်တော်နဲ့ တွေ့ပြီဆိုတော့ ဘာမှမပူနဲ့တော့။ ဒီကိစ္စ အားလုံး အဆင်ပြေပြီလို့မှတ်။ ကဲ . . . ကဲ . . . တွက်ကြည့်ပါဦး။ ကိုရှော့စ် သီချင်းတွေ ကျွန်တော် ဘယ်လောက်ဆိုထားတယ်ဆိုတာ . . ."

ရှော့စ်တီးဝပ်မှ ဝမ်းသာအားရဖြင့်

"အပုဒ်လေးဆယ်ကျော်ပါ။ ဒါ ကျွန်တော်သိသလောက်ပါပဲ။ ဘယ်နှပုဒ်ကျော်တယ်ဆိုတာတော့ မပြောတတ်ပါဘူး"

မြန်မာအဆိုကျော်မှ . . .

"ကိုင်း . . . ထားပါတော့ အပုဒ်ငါးဆယ်ထား။ ကိုယ့်မြင်ဆရာ ကြားဆရာမို့ ပိုပိုသာသာ တွက်ပေးလိုက်မယ် ဟုတ်လား"

ရှော့စ်တီးဝပ် မျက်နှာ ဝင်းပသထက်ဝင်းပသွားပြီး ဦးခေါင်းကို

www.burmeseclassic.com

လည်း ပုတ်သင်ညိုရှုံးအောင် တဆတ်ဆတ်ညိတ်ရင်း . . .

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

မြန်မာအဆိုကျော်လေးမှ ရှော့စ်တီးဝပ်ကို ကျေနပ်သွားသလို ကြည့်ပြီး. . .

"ကိုင်း . . . အပုဒ်ငါးဆယ်ကို တစ်ပုဒ် တစ်သောင်းနဲ့ဆိုရင်"

"ဒေါ်လာနဲ့လား"

သူ၏ စကားမဆုံးမီ ရှော့စ်တီးဝပ်မှ အလျင်အမြန်ဖြတ်မေး၏။ မြန်မာအဆိုကျော်ကလေးမှ မျက်မှောင်ကုတ်၍ . . .

"ဘယ့်နှယ့် ဒေါ်လာနဲ့ ရမှာလဲ။ မြန်မာငွေနဲ့ပေါ့ဗျ"

ရှော့စ်တီးဝပ် မျက်နှာပျက်သွား၏။

"ဟင် . . . မြန်မာငွေနဲ့ တစ်သောင်းထဲ"

"အေးလေဗျာ ဒီက နာမည်ကြီး တေးရေးတွေတောင် တစ်ပုဒ် သုံးသောင်းလောက်ရတာ။ ခင်ဗျားဘာသာ ခင်ဗျား နိုင်ငံခြားမှာ ဘယ်လောက် နာမည်ကြီးကြီး ဒီမှာ ရှော့စ်တီးဝပ်ဆို ဘယ်သူမှ သိတာမဟုတ်ဘူး။ တေးရေး အသစ်အနေနဲ့ ကျွန်တော်က အနစ်နာခံ မြေတောင်မြှောက်ပြီး စင်တင်ဆိုပေး ရတာ။ တစ်သောင်းရတာတောင် လွန်လှပြီ။ တချို့ဆို တေးရေးအသစ်ဆို တစ်ပြားမှ ပေးတာ မဟုတ်ဘူး"

"ခင်ဗျာ"

ရှော့စ်တီးဝပ် မျက်နှာပျက်သွားသည်။

"နေဦး တွက်ကြည့်ဦးမယ် တစ်ပုဒ်တစ်သောင်းနဲ့ အပုဒ်ငါးဆယ် ဆိုတော့ ငါးသိန်း။ ဒါ . . . ကိုရှော့စ်ရမှာနော်"

"ဟုတ် . . . ဟုတ်"

ရှော့စ်တီးဝပ်ယောင်နနနှင့် ခေါင်းညိတ်၏။ မြန်မာအဆိုကျော်လေး မှာ သူ၏ ဘောင်းဘီအိတ်ထဲမှ ငွေများကို ထုတ်ပြီး ရှော့စ်တီးဝပ်ရှေ့ ငွေ ငါးသိန်းရေတွက်၍ ချပေးလိုက်၏။ ရှော့စ်တီးဝပ်သည် ငွေများကို လှမ်းယူ မည်ပြုစဉ် မြန်မာအဆိုကျော်ကလေးမှ . . .

"နေဦး မယူနဲ့ဦး ပြန်နုတ်ရဦးမယ်"

"ခင်ဗျာ"

မြန်မာအဆိုကျော်လေး၏ စကားကြောင့် ရှော့စ်တီးဝပ် ယောင်နန ဖြစ်သွား၏။

"ကျွန်တော်က ကိုရှော့စ်ရဲ့ သံစဉ်ကိုပဲ အသုံးပြုတာဆိုတော့

တေးရေးခ တစ်ဝက်ပဲ ရမယ်။ ဒါကြောင့် စာသားရေးခ တစ်ပုဒ် ငါးထောင်နဲ့ အပုဒ်ငါးဆယ် နှစ်သိန်းခွဲပြန်နုတ်မယ်"

ဟု ဆိုပြီး ရှော့စ်တီးဝပ်ရှေ့ ငွေပုံထဲမှ ငွေနှစ်သိန်းခွဲကို ပြန်နုတ်ယူလိုက်သည်။ ရှော့စ်တီးဝပ်မှ ကြောင်တောင်တောင်နှင့် ငွေပုံကို လှမ်းယူမည်လုပ်စဉ် မြန်မာအဆိုကျော်မှ . . .

"နေဦး ကျန်သေးတယ်"

"ခင်ဗျာ"

"ခင်ဗျားက နိုင်ငံခြားကနေ ကျုပ်တို့ မြန်မာပြည်ကို ရေးပို့တာမို့ ကျွန်တော်တို့က ခင်ဗျားခွေ ဝယ်နားထောင်ပြီး သံစဉ်ယူပြန်ဆိုရတာ။ ဒါကြောင့် ခွေဝယ်ခ ပြန်နုတ်ရမယ်။ ခွေဝယ်ခက တစ်ခွေ သုံးထောင့်နှစ်ရာ။ ဒါအရင်ဈေးနဲ့ တွက်ပေးတာနော်။ ကိုရှော့စ်ထွက်ထားတာ ဘယ်နှခွေလဲ"

"ဆယ့်ရှစ်ခွေပါ"

ရှော့စ်တီးဝပ်ယောင်နနနှင့် ဖြေ၏။ မြန်မာအဆိုကျော်ကလေးမှ ရှော့စ်တီးဝပ်၏ စကားကို မိန့်မိန့်ကြီး ပြုံးနားထောင်ပြီး . . .

"ဟုတ်ပြီ တစ်ခွေ သုံးထောင့်နှစ်ရာနဲ့ ဆယ့်ရှစ်ခွေဆိုရင် ငါးသောင်းခုနစ်ထောင့်ခြောက်ရာ ကိုရှော့စ်ရမယ့် နှစ်သိန်းခွဲထဲက ပြန်နုတ်ယူရမယ်"

ဟုဆို၍ ရှော့စ်တီးဝပ်ရှေ့ရှိ ငွေပုံထဲမှ ခွေဝယ်ခငါးသောင်းခုနစ်ထောင့်ခြောက်ရာကို ပြန်နုတ်ယူလိုက်ပြန်သည်။ ပြီးနောက် ရှော့စ်တီးဝပ်အား...

"ကဲ . . . ဒါ ကိုရှော့စ်ရမယ့် တေးရေးခ တစ်သိန်းကိုးသောင်းနှစ်ထောင့်လေးရာ"

ဟုဆို၍ ရှော့စ်တီးဝပ်လက်ထဲ ငွေများကို ထိုးထည့်ပေးပြီး...

"အို . . . ဟိုအစွန်းထွက် နှစ်ထောင့်လေးရာဟာ မယူပါနဲ့တော့ အချင်းချင်းတွေပဲဟာ"

ဟုဆိုပြီး နှစ်ထောင့်လေးရာ ပြန်ဆွဲယူလိုက်ပြန်သည်။ ပြီးနောက်

"နေဦး ကျန်သေးတယ်"

ရှော့စ်တီးဝပ်မှ ရရှိထားသော ငွေများကို အိတ်ထဲ ထည့်ရမလား။ ပြန်ပဲချထားရမလားနှင့် ယောင်နနဖြစ်နေစဉ် မြန်မာအဆိုကျော်ကလေးမှ ရှော့စ်တီးဝပ်လက်ထဲမှ ငွေများကို ဖျတ်ခနဲဆွဲလုလိုက်ပြီး . . .

"ကိုရှော့စ်သီချင်းတွေ အများကြီးထဲက ကျွန်တော်နဲ့လိုက်တဲ့ သီချင်းရွေးပေးတဲ့ သီချင်းရွေးဆရာကို ပေးဖို့ ကျန်သေးတယ်။ သီချင်းရွေးချယ်ခ တစ်ပုဒ် နှစ်ထောင် အပုဒ်ငါးဆယ်ဆိုတော့ တစ်သိန်း"

www.burmeseclassic.com

ဟုဆို၍ တစ်သိန်းပြန်နုတ်ယူနေပြန်သဖြင့် ကျွန်ုပ်လည်း ဤသည်မှာ မတရားဘူးဟု ထင်မိ၍ . . .

"ဟေ့ . . . သူငယ် မင်းဟာက လွန်လှပေါ့ကွာ။ ဘယ့်နှယ်ကွာ သူ့သီချင်းလည်းဆိုသေး။ စာသားရေးခ ခွေဝယ်ခအပြင် သီချင်းရွေးခပါ နုတ် ရတယ်လို့ ကြားကြားဖူးပေါင်ကွာ"

ဟု ဆိုလိုက်ရာ မြန်မာအဆိုကျော်လေးမှ အလိုမကျသလို မျက်မှောင် ကုတ်လိုက်ပြီး . . .

"ဟ . . . နုတ်ရမှာပေါ့ဗျ။ မနုတ်လို့ ဖြစ်မလား။ ဒီလို သီချင်းရွေးခ အနုတ်မခံချင်ရင် အစကတည်းက ကျွန်တော်နဲ့ လိုက်တဲ့ သီချင်းတွေချည်းပဲ ရွေးဆိုပေးပေါ့ဗျ။ အခုဟာက ကျွန်တော်နဲ့ လိုက်မှန်းမသိ မလိုက်မှန်းမသိ အားလုံးဆိုထည့်လာတော့ ကျွန်တော်တို့လည်း ကိုယ်နဲ့ လိုက်တဲ့ သီချင်းပြန်ပြီး ထုတ်နုတ်သီဆိုရတာ"

ပြီးတော့ ရန်တွေ့သလိုဖြင့် ကျွန်ုပ်ဘက်လှည့်ပြီး . . .

"သူဆိုထည့်လာတဲ့ သီချင်းတိုင်း ကျွန်တော်ဆိုလိုက်ရင် ကဲ ကျွန်တော်နဲ့မလိုက်တဲ့ သီချင်းဆိုပြီဆိုပါတော့။ ဘယ်သူ နာမည်ပျက်မလဲ။ ပရိသတ်ကရော ဘာပြောမလဲ။ ဟာကွာ . . .ရွှေစ်တီးဝပ်သီချင်းက ဘာကြီးမှန်းလည်း မသိပါဘူးကွာဆိုပြီး မြန်မာပြည်မှာ လူသစ်တန်းတေးရေး လက်တက်အနေနဲ့ ဝင်တိုးနေတဲ့ ကိုရွှေစ်ကြီးပဲ နာမည်ပျက်မယ်။ ဟုတ်တယ် မဟုတ်လား ကိုရွှေစ်"

"ဟုတ် . . . ဟုတ်ကဲ့"

ရွှေစ်တီးဝပ်ယောင်နနနှင့် ခေါင်းညိတ်ပြန်သည်။ မြန်မာအဆိုကျော်မှ ကျေနပ်သွားပြီး . . .

"အေး . . . အဲသည်တော့ နောင်သီချင်းဆိုမယ်ဆိုရင် ကျွန်တော် နဲ့လိုက်တဲ့ သီချင်းချည်းပဲ ဆို၊ ဒါမှ သီချင်းရွေးခ အနုတ်မခံရမှာ မှတ်မိတယ်နော်"

"မှတ် . . . မှတ်မိပါတယ်"

ရွှေစ်တီးဝပ်၏ အဖြေစကားကို မြန်မာအဆိုကျော်ကလေးမှ မကျေနပ်နိုင်သေးဘဲ . . .

"ဖြစ်နိုင်ရင် ကျွန်တော့်အသံကိုပါ တုပြီး ဆိုပစ် သိလား"

"ခင်ဗျာ"

ရွှေစ်တီးဝပ်ကြီးကြောင်သွားပြန်၏။ မြန်မာအဆိုကျော်ကလေးမှ

ရှင်းလင်းစေရန် . . .

"အသံလေဗျာ။ အသံ ကျွန်တော့်အသံကိုတုပြီး ဆိုထားတော့ ကျွန်တော်ဘာသာပြန်တဲ့အခါ အခက်အခဲမရှိနိုင်တော့ဘူးပေါ့ဗျ။ နောက် သီချင်းလည်း ရွေးစရာမလိုတော့ဘူးပေါ့။ ကဲ . . . လိုက်ဆိုကြည့်"

ဟု ဆို၍ အရှေ့မှ ဦးဆောင်ဆို၏။

ရှော့စ်တီးဝပ်လည်း ၎င်း၏ သံနေသံထားအတိုင်း လိုက်ဆို၏။

မြန်မာအဆိုကျော်လေးမှ ဝမ်းသာအားရဖြင့် . . .

"တူတယ်ဗျာ... တကယ်တူတယ်... ဆိုဟန် ကျွန်တော့်လောက် မကောင်းတာကလွဲပြီး အသံက တစ်ပုံစံတည်းပဲ"

"ခင်ဗျာ"

"ဟုတ်တယ် ဆရာနဲ့ ကိုရှော့စ်အသံကတော့ တစ်ပုံစံတည်းပဲ။ ဒါပေမယ့် မေးရိုက်မေးဝဲပဲ နည်းနည်းလိုတယ်။ ကိုရှော့စ်ကြီးမပြန်ခင် မြန်မာ ဆရာကြီးတွေဆီက မေးရိုက်မေးဝဲနည်း ကြုံတုန်းသင်သွားလိုက်ပေါ့ ဟုတ် တယ် မဟုတ်လား"

မြန်မာအဆိုကျော်ကလေး၏ ငယ်မွေးခြံပေါက် အဆိုကျော်ယောင် ယောင် မင်းသားယောင်ယောင် ဆံပင်နီကြောင်ကြောင်နှင့် ဂျပုဝင်ထောက်၏။

"ကိုင်း ထားတော့ သီချင်းရွေးခတစ်သိန်း ပြန်နုတ်လိုက်ရင် ရော့... ကိုရှော့စ်ရမယ့်ငွေ"

ဟု ကျန်ငွေကို ရှော့စ်တီးဝပ်ကို ထိုးပေးပြီး . . .

"နေဦး ကျန်သေးတယ်"

ဟုဆိုပြီး ငွေများကို ပြန်ယူလိုက်ပြန်သည်။ ပြီးနောက် . . .

"နုတ်(စ်)ထုတ်ခ ယူရဦးမယ်"

"ခင်ဗျာ"

"နုတ်(စ်)ထုတ်ခလေဗျာ . . .။ ကိုရှော့စ်ကြီး သီချင်းတွေ မှုရင်းသံစဉ်မပျက်ပြန်ဆိုပြန်တီးနိုင်ဖို့အတွက်ကို နုတ်(စ်)ထုတ်ရသေးတယ်။ နုတ်စ်ထုတ်ခက တစ်ပုဒ် နှစ်ထောင် အပုဒ်ငါးဆယ်ဆိုရင် တစ်သိန်း"

ဟုဆိုကာ ငွေများကို ရေတွက်လိုက်ပြီး . . .

"အောင်မာ အသေအချာစာရင်းတွက်လိုက်မှ ကျုပ်ကတောင် ကိုရှော့စ်ဆီမှာ တစ်သောင်းပြန်ရဦးမယ်။ လာထား ပြန်ပေး တစ်သောင်း"

"ခင်ဗျာ"

"ခင်ဗျာတွေ ဘာတွေလုပ်မနေနဲ့ ခုရှုပ်မှ နောင်ရှင်း တစ်သောင်း

www.burmeseclassic.com

ပြန်ပေး”

“ခင်ဗျာ . . . ကျွန် . . . ကျွန်တော်က ပြန်ပေးရမယ်”

ရှော့စ်တီးဝပ်၏ ယောင်နနအမေးကို မြန်မာအဆိုကျော်လေးမှ

“အေးလေဗျာ။ ခင်ဗျားပြန်ပေးရမှာပေါ့။ ခင်ဗျားသီချင်းတွေ ကျွန်တော်ပြန်ဆိုနိုင်ဖို့အတွက် နုတ်စ်ထုတ်ရတယ်။ နုတ်စ်ထုတ်ခက တစ်ပုဒ် နှစ်ထောင်နဲ့ အပုဒ်ငါးဆယ်ဆိုတော့ တစ်သိန်း ခင်ဗျား ကျွန်တော့်ဆီက ရမှာက ကိုးသောင်း ဒီတော့ တစ်သောင်းပြန်ပေး”

မြန်မာအဆိုကျော်လေး၏ စကားကို ကြားသည်နှင့် ရှော့စ်တီးဝပ်မှ ချက်ချင်း ငိုမဲ့မဲ့ဖြစ်သွားပြီး . . .

“ဟာဗျာ ပိုက်ဆံလေးရမလားလို့ မူပိုင်ခွင့်လာတောင်းပါတယ်။ လမ်းစရိတ် စားစရိတ်ရှုံးတဲ့အပြင် ငွေတစ်သောင်းပါ ထပ်စိုက်နေရပါလား လုပ်ပါဦး အဘရယ်။ အဟင့်”

ဟု ကျွန်ုပ်ဘက် လှည့်၍ ဆိုလိုက်သောကြောင့် ကျွန်ုပ်လည်း မနေသာတော့ဘဲ . . .

“အိမ်း ဟုတ်သားပဲကွယ်။ မောင်ရင်ကလည်း သူ့သီချင်းလည်း ဆိုသေး ငွေလည်း ပြန်စိုက်ရသေးဆို မကောင်းပါဘူးကွယ်”

ကျွန်ုပ်၏ ဖျန်ဖြေပြောဆိုသော စကားကို မြန်မာအဆိုကျော်လေး မှာ အလိုမကျသလို မျက်မှောင်ကုပ်၍ . . .

“အောင်မာ စေတနာနဲ့လည်း ဆိုပေးရသေး ကျေးဇူးမတင်တဲ့အပြင် ကုန်ကျစရိတ်ပါ မစိုက်ချင်ဘူးပေါ့လေ။ ဟုတ်လား။ အစကတည်းက အပြည့် အစုံလုပ်ထားပေါ့ဗျ”

“နုတ်စ်လေးထုတ်ထား၊ ကာရာအိုကေခွေလေး ထွက်ထားရင် ဒီမှာ ပြန်တီးစရာတောင် မလိုဘူး။ အခု အဲသည်လို မလုပ်ထားတော့ ကုန်ကျ စရိတ်ကလေးပြန်တောင်းတာတောင် ငိုသလို ရယ်သလို လုပ်နေပြီ။ ဒါမျိုးက အလျှော့ပေးလို့ မဖြစ်ဘူး။ လာ ထား တစ်သောင်း”

ဟုဆို၍ ရှော့စ်တီးဝပ်ထံမှ မရမက ပြန်တောင်းနေသဖြင့် ကျွန်ုပ် မှပင် ကြားမှနေ၍ ပေးစရာငွေမရှိတော့သော ရှော့စ်တီးဝပ်၏ ဘောင်းဘီ ခြောက်ထည်နှင့် အင်္ကျီလေးထည်ကို ငွေတစ်သောင်းနှင့် ဈေးဖြတ်၍ မြန်မာ အဆိုကျော်လေး၏ လက်ထဲအပ်လိုက်ရလေတော့သည်။

မြန်မာအဆိုကျော်လေးမှာ ရရှိသော ရှော့စ်တီးဝပ်၏ ဘောင်းဘီနှင့် အင်္ကျီများကို လုံချည်စုတ်နှင့်ထုပ်ပြီး သူ၏ တပည့်တစ်ဦးအား

. . .

"ကဲ . . . မူပိုင်ခွင့်လာတောင်းသော ရှော့စ်တီးဝပ်မှ ကျေကျေနပ်နပ် လေးလေးစားစား ပြန်ပူဇော်သွားသော လက်ဆောင်ဆိုပြီး ဂျာနယ်ထဲထည့်ရအောင် ဓာတ်ပုံလေး ရိုက်ထားလိုက်ပါဦး" ဆို၍ . . .

ရှော့စ်တီးဝပ်နှင့် သူ့အထုပ်ကို တစ်ယောက်တစ်ဖက်ကိုင်ပြီး ဓာတ်ပုံများ တဖျတ်ဖျတ်ရိုက်လေသည်။ ပြီးမှ . . .

"ကဲ . . . သွားမယ် ကိုရှော့စ် အင်္ဂလန်ပြန်ရောက်ရင် ဘွန်ဂျူဗီတို့ အဲရိုးစမစ်တို့ကိုလည်း ပြောလိုက်ပါဦး။ သူတို့သီချင်းတွေလည်း ကျွန်တော်တို့အများကြီးဆိုထားပါတယ်လို့ အဲသည့်အတွက် မူပိုင်ခွင့်လာတောင်းပါဦးလို့ ဆက်ဆက်ပြောလိုက်ပါဦးနော်။ မေ့မနေနဲ့ဦး"

ဟုဆို၍ ဖောက်ဖောက် ဖောက်ဖောက်နှင့် လစ်သွားလေတော့သည် တစ်မုံ့။

* * *

"ဘယ်လိုလုပ်မလဲ အဘရယ်။ မူပိုင်ခွင့် လာတောင်းပါတယ်။ ပိုက်ဆံမရတဲ့အပြင် အဝတ်အစားပါ ကုန်ပြီ။ ကျွန်တော်ပြန်ဖို့ လမ်းစရိတ်လည်း မရှိတော့ဘူး။ ကြံစမ်းပါဦး အဘရယ်။ ဒုက္ခတော့ များပြီထင်ပဲ့"

"အိမ်း အဲသဟာမှ ခက်ပြီ။ မူပိုင်ခွင့် လာတောင်းသော ရှော့စ်တီးဝပ်မှာ အပြန်လမ်းစရိတ်မပြောနှင့် အဝတ်အစားပင် မရှိတော့။ သူ့အတွက် လမ်းစရိတ်ရအောင် မည်သို့လုပ်ရမည်နည်း။ သည်အတိုင်း ဖြစ်ချင်ရာ ဖြစ်ဟူ၍ ပစ်ထားခဲ့လျှင်လည်း ကမ္ဘာကျော်အဆိုကျော်ဘဝမှနေ၍ ဝါးဆစ်ဖုံနှစ်လုံးနှင့် တစ်လမ်းဝင် တစ်လမ်းထွက် အသံအားကိုးနှင့် လှည့်လည်တောင်းရမ်းစားသောက်သော ဖုံတူးတို့အတန်းထဲကို ရောက်ရချေတော့မည်။ ထိုသို့မဖြစ်အောင် မည်သို့ ကြံရမည်နည်း။ ကျွန်ုပ်လည်း မကြံတတ်။ ထိုကြောင့် . . .

* * *

www.burmeseclassic.com

# စိန်အုံးအစုံလုပ်သည်

ခန့်ညားထည်ဝါသော သစ်သားဆိုင်းဘုတ်ကြီးတွင် မြေဖြူနှင့် ကြောင်ခြစ်ထားသလို ရေးထားသော လက်ရေးစုတ်။

ထိုဆိုင်းဘုတ်အောက်တွင် ရေးထားသည်မှာ . . .

'နားဖာကလော်၊ ဂက်(စ်)ထည့်ခြင်းမှအစ ရုပ်ရှင်မင်းသားအထိ အကုန်လုပ်သည်'တဲ့။

ကျွန်ုပ်လည်း ဆိုင်းဘုတ်ကို ကြည့်ပြီး ခြံထဲ လှမ်းဝင်လိုက်သည်နှင့် လေကလေးတချွန်ချွန်နှင့် ဂက်(စ်)ထိုင်ထည့်နေသော ကြော်ငြာဒါရိုက်တာ ဗီဒီယိုမင်းသား နာမည်ကြီးမော်ဒယ်ပွဲစား စီးရီးစီစဉ်သူ အဆိုကျော် စာရေးဆရာ၊ ဓာတ်ပုံဆရာ စိန်အုံးကို အခန့်သင့် တွေ့ရသည်။

ကျွန်ုပ်ကို တွေ့သည်နှင့် စိန်အုံးမှာ ယခင်က ဘာမှမဖြစ်ထားဖူးသလို ဝမ်းသာအားရဖြင့် . . .

"ဟာ . . . အဘ မတွေ့တာတောင် အတော်ကြာပြီ။ သတိရလို့ လာတာလား ဒါမှမဟုတ် ဂက်(စ်)ထည့်ဖို့လား။ ခြေသည်းညှပ်ဖို့လား။ ကြော်ငြာရိုက်ဖို့လား အလှူအိမ်ရှိလို့လား"

ဟူ၍ ရွှန်းရွှန်းဝေ နှုတ်ဆက်နေလေတော့သည်။ ကျွန်ုပ်လည်း နဂိုကတည်းက သကောင့်သားကို ကြည့်မရသော အခံရှိသော်လည်း ရော့စ်တီးဝပ်အရေးကြောင့် စိတ်ကို အသာချုပ်ထိန်း၍ ရော့စ်တီးဝပ်နှင့် မူပိုင်ခွင့် အကြောင်းကို ပြောပြလိုက်ရလေသည်။

အနီးစိန်အုံးသည် ကျွန်ုပ်၏ စကားကို နားထောင်ပြီး စုတ်တသတ်သတ်နှင့် "ကျွတ်ကျွတ် အဘတို့အဖြစ်က သနားစရာ ခု ကျွန်တော်ဆီလာတာ ခလုတ်ထိလို့ အဖိတတာပေါ့"

"ခလုတ်ထိမှ အမိတတယ်လုပ်စမ်းပါကွယ်"

ကျွန်ုပ်၏စကားကို စိန်အုံးမှ

"အိုး... ကျွန်တော်က အမိမာတာမှမဟုတ်ဘဲ။ အဖိဖာတာဗျ"

ကျွန်ုပ်လည်း ဆက်ပြောနေလျှင် စကားဆက်များနေရမည်စိုး၍

"အေးပါကွာ ... မင်းဘာသာ မင်းအဖိဖာတာပဲဖြစ် အစိဖာလာပဲ ဖြစ်ဖြစ် ကူညီစမ်းပါဦး"

စိန်အုံးမှ ကျွန်ုပ်၏ စကားကို မိန့်မိန့်ကြီး ပြုံး၍ ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"ကူညီဆိုတော့လည်း ကူညီရတာပေါ့။ ဒီလို ကူညီချင်လို့ပဲ စိန်အုံး အစုံလုပ်သည်ဆိုတဲ့ အကျိုးဆောင်လုပ်ငန်းကြီး ထူထောင်ထားတာပေါ့ဗျ။ ကဲ . . . ရှေ့စ်တီးဝပ်ကို ခေါ်လာ။ သူ့အပြန် လမ်းစရိတ်ရအောင် ကျွန်တော်စီစဉ်ပေးလိုက်မယ်။ ဟုတ်လား"

ဟု ဆိုလိုက်ရာ ကျွန်ုပ်လည်း လွန်စွာ ဝမ်းသာသွားပြီး . . .

"ဟေ . . . တကယ်လား"

စိန်အုံးမှ ကျွန်ုပ်ကို မိန့်မိန့်ကြီးပြုံး၍ ကြည့်ကာ . . .

"စိန်အုံးက လူကြီးကို မဟုတ်တာ ပြောပါ့မလား။ ရှေ့စ်တီးဝပ်ကိုသာ ပါအောင်ခေါ်ခဲ့"

* * *

www.burmeseclassic.com

ကျွန်ုပ်၏စကားကြောင့် ရှော့စ်တီးဝပ်၏မျက်နှာဝင်းတက်သွားပြီး–

“တကယ်လား အဘ”

ကျွန်ုပ်လည်း ရှော့စ်တီးဝပ်ကို မိန့်မိန့်ကြီးပြုံးရင်း . . .

“လူကြီးက မဟုတ်တာပြောပါ့မလားကွယ်”

“ဒါဆို အခုပဲ သွားရအောင်”

ရှော့စ်တီးဝပ်၏ လောဆော်မှုကြောင့် ကျွန်ုပ်တို့လည်း စိန်အုံးအိမ်သို့ အလျင်အမြန် ထွက်ခဲ့ကြလေသည်။

စိန်အုံးအိမ်သို့ရောက်သော် အခန့်သင့်ပင် နေအိမ်ရှေ့တွင် ထဘီများကို စိမ်ပြေနပြေထိုင်လျှော်နေသော စိန်အုံးကို တွေ့ရလေသည်။ ကျွန်ုပ်တို့ကို တွေ့သည်နှင့် စိန်အုံးမှ . . .

“လာ အဘနဲ့ ကိုရှော့စ်တီးဝပ်။ ဒီမှာ ကျွန်တော်လည်း ထဘီအပ်ထည်တွေရလို့ ထိုင်လျှော်နေတာ အိမ်ပေါ်တက်ရအောင်”

ဟု ဆိုလိုက်ရာ ရှော့စ်တီးဝပ်မှာ မယုံကြည်သလို ထဘီပုံကို တစ်လှည့် လွန်စွာ မသန့်ပြန်သော ဥပဓိပိုင်ရှင် စိန်အုံးကို တစ်လှည့်ကြည့်၍ အိမ်ပေါ်သို့ ကျွန်ုပ်နောက်မှ ထက်ကြပ်မကွာ လိုက်တက်ခဲ့လေသည်။

အိမ်ပေါ်သို့ရောက်သော် စိန်အုံးသည် ခြင်ထောင်တစ်ခုရှေ့ရပ်လိုက်ပြီး . . .

“ကိုရှော့စ်”

ဟုဆိုပြီး ခြင်ထောင်ကို မျက်စပစ်လိုက်ရာ ရှော့စ်တီးဝပ်မှာ

တစ်ချက်တုန်တက်သွားပြီး ကျွန်ုပ်လက်မောင်းကို အားကိုးတကြီးဆုပ်ကိုင်ကာ ခေါင်းကို ခပ်သွက်သွက်ခါပြီး . . .

"ဟင့်အင်း ဟင့်အင်း မလုပ်ဘူး ဒါမျိုးမလုပ်ဘူး။ ထမင်းငတ်ချင် ငတ်ပါစေ။ ကျွန်တော် ဝါသနာမပါဘူး"

ဟုဆို၍ အကြောက်အကန်ငြင်းလေသည်။စိန်အုံးမှလည်း မလျှော့။

"မဟုတ်ဘူး ကိုရော့စ်။ ခြင်ထောင်ထဲ ဝင်လိုက်"

ဟုဆိုပြန်သည်။ ရော့စ်တီးဝပ်မှလည်း အကြောက်အကန်ငြင်း၏။

"ဟင်အင်း ကျွန်တော် ကျွန်တော် မိကောင်းဖခင်သားသမီးပါဗျာ"

ရော့စ်တီးဝပ်၏ စကားကို စိန်အုံးမှ . . .

"သိတယ်လေ။ ဒါကြောင့် ခေါ်ထားတာ ဝင်လိုက်"

ရော့စ်တီးဝပ်ခေါင်းကို သွက်သွက်ခါပြီး . . .

"ဝင်ဘူးဗျာ။ ဝင်ဘူး။ အဘကြည့်ပြောပါဦးဗျာ။ အပြန်လမ်းစရိတ် စီစဉ်ပေးမယ်ဆိုပြီး ခြင်ထောင်ထဲ အတင်းဝင်ခိုင်းနေတယ်"

ဟု ဆို၍ ကျွန်ုပ်၏ လက်မောင်းပိန်ကို အားကိုးတကြီးဆုပ်ကိုင်ထားပြီး အိမ်မြှောင်သဖွယ် တွယ်ကပ်နေလေသည်။ စိန်အုံးမှ ရော့စ်တီးဝပ်ကို စိတ်ပျက်သလိုကြည့်ပြီး . . .

"ပြောရခက်ပါဘိ ကိုအင်္ဂလိပ်ရယ်။ ကဲ . . . အဘပဲ အရင် ဝင်ပြလိုက်"

ဟုဆို၍ ကျွန်ုပ်အား ခြင်ထောင်ထဲ အတင်းဝင်ခိုင်းလေရာ . . .

"အို . . . အဘတို့က အသက်ကြီးပါပြီကွယ်။ ဒါမျိုး ဝါသနာ မပါလို့ လူပျိုကြီးလုပ်နေတာသာကြည့်"

ဟု ဆိုလိုက်ရာ စိန်အုံးမှ ကျွန်ုပ်တို့နှစ်ဦးကို လွန်စွာစိတ်ပျက်သလို ကြည့်ပြီး . . .

"ခြင်ထောင်ထဲ ဝင်ခိုင်းတာ ဘာမှ မတော်တရော်လုပ်ဖို့ မဟုတ်ဘူးဟောဒီမှာ ကြည့်"

ဆို၍ ခြင်ထောင်လှပ်ပြလိုက်ရာ

"ဟာ . . ."

"ဟင်"

ကျွန်ုပ်နှင့် ရော့စ်တီးဝပ် နှစ်ဦးစလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရလောက်အောင် အံ့အားသင့်သွားရလေသည်။ ခြင်ထောင်ထဲတွင် မလှုပ်မယှက်တည်ရှိနေသည်မှာ မယ်ဒိုလင်တစ်လက်နှင့် တရုတ်လက်ဖြစ် ကက်

www.burmeseclassic.com

ဆက်အစုတ်တစ်လုံး။

ဒါ . . . ဒါက”

ရှော့စ်တီးဝပ်၏ အံ့ဩတကြီး အမေးကို စိန်အုံးမှ . . .

“အသံသွင်းမယ်လေ”

ရှော့စ်တီးဝပ် ပို၍ အံ့အားသင့်သွားရလေသည်။

“ဟင် . . . အသံသွင်းတာ အော်ဒီယိုထဲမှာ သွင်းမှာမဟုတ်လား”

“ဘယ်နှယ့် အော်ဒီယိုထဲ အသံသွင်းရမှာလဲ။ အော်ဒီယိုမှာ ဆိုတီးခ အော်ဒီယိုကြေးတွေနဲ့ မနည်းကုန်သွားမှာပေါ့။ ဒီမှာ မယ်ဒိုလင်နဲ့ဆို ဒိုးနှစ်လုံး တီးပြီး ဆိုထည့်လိုက်ရင် ဘာမှ မကုန်ဘူး။ ဒီက မယ်ဒိုလင်သမားတွေလည်း ဒီလိုပဲ လုပ်တာပဲ”

ရှော့စ်တီးဝပ် ပို၍ အံ့အားသင့်သွားပြီး . . .

“ဟင် . . . ဒီလိုပဲ သွင်းတယ်။ ဟာဗျာ ကျွန်တော်တို့ကိုက ခေတ်နောက်ကျတာပါ”

ဟု ငိုမဲ့မဲ့နှင့် ဆိုလိုက်ရာ စိန်အုံးမှ . . .

“ ကဲ . . . ခေတ်နောက်ကျတာတွေ ဘာတွေ နောက်မှပြော အခု အသံသွင်းမယ်”

“ဟင် . . . အခု အသံသွင်းမယ်။ ကျွန်တော် သီချင်းရေး”

ရှော့စ်တီးဝပ်၏ စကားကို စိန်အုံးမှ အလိုမကျသလိုဖြင့် . . .

“ဘာသီချင်း ရေးစရာလိုလဲ။ ကိုရှော့(စ်)ရယ် အသည်းလေးရယ် တစ်ရွာသူရယ်။ ကျန်ကျောင်းရယ်ပါအောင် ဆိုထည့်လိုက် ရပြီ။ ကဲ . . . ခြင်ထောင်ထဲဝင် အချိန်မရှိဘူး”

ဟု ဆိုလိုက်ရာ ရှော့စ်တီးဝပ်မှာ ပါးစပ်အဟောင်းသားနှင့် ခြင်ထောင် ထဲ ဝင်ထိုင်လိုက်လေသည်။ စိန်အုံးမှာ ယခုမှ အလိုကျသလိုဖြင့် . . .

“ကဲ . . . ကိုရှော့စ် မယ်ဒိုလင်ကိုင်ထား စမယ် ရယ်ဒီဝမ်းတူး သရီးဖိုးဂိုး အလုံးငြိမ်”

ချောက်

စိန်အုံး ကက်ဆက်ခလုတ်နှိပ်လိုက်သည်နှင့် မြိုင်ဆိုင်သော မယ်ဒိုလင်အသံနှင့် ရှော့စ်တီးဝပ်၏ ကွဲရှရှအသံ . . .

“ဒုံတုံးတုံး”

“ဒုံတုံးတုံး”

“ကိုရှော့(စ်)ချစ်တဲ့တစ်ရွာသူအသည်းလေးရယ်× × × အသည်းလေး

ရဲ့မျက်နှာ လေးဟာ× × × ဂူခုံးနဲ့တူလို့ ချစ်မိတဲ့ကိုရွှေ့(စ်)မှာ× × × နဂါး နိုင်ဓားကြီးနဲ့× × × တစ်ရာ့တစ်ကြိမ်မြောက် × × × ချစ်ခွင့်ထံမိပါတယ် × × ×

"ဒိုးတုံးတုံး"

"အသည်းလေးရယ်ကိုရွှေ့(စ်)ရယ်× × × ကိုရွှေ့(စ်)ရယ် အသည်း လေးရယ်ကွယ်× × × အသည်းလေးကလည်း မိန်းကလေး× × × ကိုရွှေ့(စ်) ကလည်း ယောကျ်ားလေးမို့ × × × ရှောင်လင်ကျောင်းမှာဆုံမိတယ်× × × နွား ခြေရာခွက်ထဲက ဖားသူငယ်လို× × × စူဟာဟန္တတ်ခမ်းပိုင်ရှင် အသည်းလေး ကို× × × အမှာစကားပါးလိုက်ချင်ရဲ့× × × ကျန်ကျောင်းဓားကြီး× × × သခွား သီးတောင် လှီးလို့ မရပါတယ်× × ×

"ဒိုးတုံးတုံး"

"ကောင်းတယ်ဗျာ . . . ဒါကြောင့် ကိုရွှေ့စ်ကြီး ကမ္ဘာကျော် နေတာ ကြိုက်တယ်ဗျာ။ ကဲ . . . အချိန်ရှိတုန်း နောက်တစ်ပုဒ် ဆက် လိုက်ရအောင်"

စိန်အုံးစကားကြောင့် ရွှေ့စ်တီးဝပ်မှ . . .

"ဟင် . . . နောက်တစ်ပုဒ် ကျွန်တော် ဘာဆိုရဦးမှာလဲ"

ရွှေ့စ်တီးဝပ်၏ အမေးကို စိန်အုံးမှ လွယ်ကူစွာပင် . . .

"ဒီတစ်ခါ ညီမလေးရယ် ပန်းရယ် ကိုယ်က မျက်နှာမွဲရယ် ပါအောင်ဆိုထည့်လိုက် ရပြီ"

ဟုဆို၍ ကက်ဆက်ခလုတ်ကို ထပ်ဖွင့်လိုက်ရာ ရွှေ့စ်တီးဝပ်မှ မယ်ဒိုလင်တီး၍ ပြန်ဆိုလိုက်သည်။

"ဒိုးတုံးတုံး"

"ဒိုးတုံးတုံး"

"ဂေါ်ဖီပန်းကြိုက်တဲ့ ညီမလေးရယ်× × × ကြော်စားလို့လည်း ရပါ တယ်× × × ချက်စားလို့လည်း ရပါတယ်× × ရွာရဲ့ အလှူပွဲတွေမှာ နတ်ကတော် အလုပဂေးမို့× × ကိုယ့်လို မျက်နှာမွဲ× × ပန်းကြိုက်တဲ့ ညီမလေး× × ပန်ဆင်နိုင် ဖို့ကွယ်ပန်းလှလှစိုက်ပျိုးထားတယ်× × ဂေါ်ဖီပန်းတစ်ခင်း× × တညင်းသီးတောင် အဆစ်ပါပါတယ်× × "

"ဒိုးတုံးတုံး"

"ဟာ . . . ကောင်းတယ်ဗျာ တကယ်ကိုကောင်းတာ။ ဒါကြောင့် ကိုရွှေ့စ်ကြီး ကမ္ဘာကျော်နေတာ" ဟုဆိုလိုက်စဉ် . . .

"ဘာတွေ ကောင်းနေတာလဲ ကိုစိန်အုံးရဲ့"

အသံလာရာသို့ လှည့်ကြည့်လိုက်ရာ ပြန်ဆိုတေး အဆိုကျော်နှစ်ဦး။ စိန်အုံး အားရဝမ်းသာဖြင့် . . .

"ဒီမှာလေ . . . ရှော့စ်တီးဝပ်အသံသွင်းနေတာ"

ပြန်ဆိုတေးသမားနှစ်ဦး မျက်လုံးများ ဝင်းလက်သွားပြီး

"ဟင် . . . ဟုတ်လား၊ ဒါဆို ကျွန်တော်တို့ ပြန်ဆိုမယ်လေ"

တစ်ယောက်က အားတက်သရောပြော၏။ ကျန်တစ်ယောက်မှ...

"အိုး အခုဆိုရင် တစ်ခွေပဲရမှာပေါ့။ သူက ဒီက ပြန်မှ လေယာဉ်ပျံပျက်ကျပါစေ ဆုတောင်းပြီး သေမှ ပြန်ဆိုရင် အလွမ်းမပြတ် ရှော့စ်တီးဝပ်ဆိုပြီး သူ့သီချင်းတွေ အများကြီးပြန်ဆိုလို့ ရတာပေါ့ကွာ"

ကျန်တစ်ယောက်မှ သူ၏ စကားကို အသေအချာစဉ်းစားပြီး...

"အေး...မင်းပြောတာ ပိုကောင်းတယ်ကွ။ ဒါဆို လာဒီနေ့ ဟိုရပ်ရှင်မင်းသားလုပ်တဲ့ သုံးဆယ့်ခုနစ်မင်းနတ်ပွဲရှိတယ်။ သွားဆုတောင်းရအောင်"

ဟုဆို၍ သုတ်သုတ်သုတ်နှင့် ထွက်သွားလေတော့သည်။

သူတို့ပြောစကားကို ကြားသော ရှော့စ်တီးဝပ်မှသာ . . .

"ဟာဗျာ အဘ သူတို့ ကျွန်တော့် သီချင်းတွေ ပြန်ဆိုနိုင်ဖို့ ကျွန်တော်က သေပေးရမလို ဖြစ်နေပြီ။ ဘယ်လိုလဲ အဘရယ်"

ဟု ကျွန်ုပ်ကို လှည့်မေးရာ ကျွန်ုပ်မှလည်း သူ အားတက်စေရန် ရည်ရွယ်ချက်ဖြင့် . . .

"ဒီမှာကတော့ ဒီလိုပါပဲကွာ။ အဆိုတော်သာ သေရင် သူ့သီချင်းတွေ အားလုံးပြန်ဆိုတဲ့အပြင် အဆိုတော်ရဲ့သားတွေ သမီးတွေပါ အဆိုတော်ဖြစ်ကုန်ကြတာပါပဲ။ ကိုင်း ကိုင်း . . . စိတ်မကောင်းစရာတွေ တွေးမနေပါနဲ့ အပြန်လမ်းစရိတ်ရအောင်သာ ထပ်ကြိတ်လိုက်ပါဦး"

ဟု လောဆော်လိုက်ရာ ရှော့စ်တီးဝပ် ငိုသံပါကြီးနှင့် သီဆိုလိုက်သည်မှာ . . .

**ငိုချင်း . . .**

ရေးခ မဆိုသာနော်ဗျာ။ ပေးသမျှငွေယူပြန်တော့ . . .

အလှူခံသလို ချူပြန်သပေါ့ အလျော့နှုန်း . . .

မူပိုင်ခွင့်ပါရှုံး(အမယ်လေး)မူပိုင်ခွင့်ပါ ရှုံး . . . ရှုံး . . .

**စကားပြော**

အမယ်လေးကောင်းကြသေးရဲ့လား။ ကောင်းကြသေးရဲ့လား ဟင်

လေးဆယ်ကျော် ငါးပုဒ်စွန်းမှ လာတောင်းရတယ်။ မူပိုင်ခွင့်ရယ်…အဲ… ခုများကျတော့ သူ့မှာလည်း ကိုယ်ပိုင်သီချင်းတွေနဲ့ ကိုယ့်မှာလည်း ဟိုတယ်ကြွေးတွေနဲ့ ဘေးလူကြားရင် ရယ်စရာပါကွယ်။

**ငိုချင်းဆက်**

"အကြွေးစရိတ်နဲ့ မဖြေသာနိုင်တယ်။ ချွေးသိပ်ကာ မယ်ဒိုလင် ကိုင်ကိုယ်ဆိုတီးရတယ်"

"မောင်ရော့စ် စိတ်ထိန်းပါကွယ်"(ကျွန်ုပ်၏ ချွေးသိပ်စကား)

မအူမလည် အပူသယ်အိုး…ပြန်ဆို လင်းတလို…

သေဖို့ ဆုတောင်း အောင်မလေး သေဖို့ ဆုတောင်း တောင်း…။

❖ ❖ ❖



www.burmeseclassic.com

## ဂျာနယ်စလစ်

သိုကလိုဖြင့် မလွဲသာမရှောင်သာသော အခြေအနေဖြင့် ကျွန်ုပ်သည် ဂျာနယ်တစ်စောင်တွင် အယ်ဒီတာ တာဝန်ကို ထမ်းဆောင်ရလေသည်။ မိတ်ဆွေတို့လည်း သိသည့်အတိုင်း အယ်ဒီတာတာဝန်မှာ မလွယ်ကူလှသည့်ကြား ကျွန်ုပ် အယ်ဒီတာလုပ်ပြီဆိုသည်နှင့် ကျွန်ုပ်၏ မိတ်ဆွေ သူငယ်ချင်းများ (တစ်သက်လုံး စာမရေးဖူးသူများ)ကပင် 'ငါ့မှာအကြောင်းအရာတွေရှိတယ်။ ငါရေးပေးလိုက်မယ်' မင့်ဂျာနယ်မှာထည့်။ ဆိုသည်များအပြင် အ,သုံး,လုံး'ကိုပင်ခြေတစ်ပေါင်ကျိုးနှင့် မလွတ်မကျွတ် အောင်မြင်ခဲ့သော အစ်ကို့ဇနီး ကျွန်ုပ်မရီးမှပင် မှုန်တိမှုန်ဝါးနှင့် 'ငါရေးထားတဲ့ ဝတ္ထုတစ်ပုဒ်ရှိတယ်။ နင့်ဂျာနယ်မှာ ထည့်ပေး၊ မထည့်ပေးရင် ထမင်းမကျွေးဘူးဟူ၍' သူ မရေးနိုင်၍ သူ့သား နေဆက်နိုင်ကို လက်ရေးတိုစာရေးငှားပြီး သကာလ တွက်နည်းမက စာမကျ ဝတ္ထုတစ်ပုဒ်ကို ခြိမ်းခြောက်ထည့်ခိုင်းထားပြန်လေသည်။

အိမ်း . . . မထည့်ပေးပြန်လည်း ထမင်းငတ်ရချည့်။ ကိုယ်ကသူ့အိမ်မှီခိုနေတာကိုး။ ထည့်ပေးပြန်လျှင်လည်း စာဖတ်ပရိသတ်၏ အသိဉာဏ်နှင့် နားနှစ်ဖက် လော်စပီကာ တေ့တပ်၍ တစ်ဖက်မှ မယ်ဒိုလင်သီချင်း၊ တစ်ဖက်မှ ဟဲဗီးမက်တယ်သီချင်းကို ခပ်ဆတ်ဆတ်ကပ်ဖွင့်လိုက်သလို ဘာကို ခံစားရမှန်းမသိ။ အူလည်လည်ချည်းသာ ဖြစ်ချေတော့မည်။

ထိုမျှမက ထိုထက်ဆိုးသောအဖြစ်တစ်ခု ကျွန်ုပ်တွင် ရှိသေး၏။

ဤသည်မှာ တခြားမဟုတ်။ ကျွန်ုပ်၏ ရန်သူတော်ကြီးဖြစ်သည့် ကော်ငြာဒါရိုက်တာ ဗီဒီယိုမင်းသား စီးရီးစီစဉ်သူ မော်ဒယ်၊ ရုပ်ရှင်ဒါရိုက်တာ စိန်အုံးပင်။ တစ်နေ့ ကျွန်ုပ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး . . .

"ဟာ . . . အဘ . . . အဘ အခု အယ်ဒီတာလုပ်နေပြီဆို၊ ဟန်ကျလိုက်တာဗျာ။ ကျွန်တော်လည်း အလုပ်စုံနေပြီဆိုတော့ စာရေးဆရာလိုင်းထဲကို ခြေစုံပစ် ဝင်မယ်လို့ ကြံစည်နေတာ အဘ။ အယ်ဒီတာ ဖြစ်ပြီဆိုတော့ အဘဂျာနယ်မှာ ကျွန်တော် ဝတ္ထုစရေးမယ်။ ပြီးရင် လုံးချင်းကို ရှဲဒိုးရေးခိုင်းပြီး စာအုပ်ထုတ်ပစ်မယ်။ မကောင်းဘူးလားဟင်"

ကျွန်ုပ်လည်း နဂိုကတည်းက တစ်စက်မှ ကြည့်မရသူမို့ . . .

"တခြားမှာသာ သွားခြေစုံပစ်ပါ။ ငါ့ဆီမှာတော့ ခြေစုံလာ မပစ်ပါနဲ့။ မတော်တဆ ငါပါ အကျနာနေပါဦးမယ်။ ဒီတော့ ကိုယ့်လမ်း ကိုယ်လျှောက်တာသာ အကောင်းဆုံးပါ"

ကျွန်ုပ်၏ စကားကို စိန်အုံးမှ မကျေနပ်သလိုဖြင့် . . .

"ဘာလဲ . . . အဘက ကျွန်တော့်စာမူကို မရွေးဘူးပေါ့"

ကျွန်ုပ်လည်း သူ့ကို လွန်စွာ ကြည့်မရ၍ . . .

"မင်း ဘာစာရေးတတ်လို့ ငါက ရွေးရမှာတုံး။ ကကြီးတောင် ယပက်လက်ဆိုပြီး ဖောက်ထိုးဖတ်နေတဲ့ကောင်ကများ"

ကျွန်ုပ်၏ စကားသည် စိန်အုံး၏ အရှိုက်ကို ထိသွားသည့်အလား 'ဂုန်း'ခနဲ ထပြီး ဒေါသတကြီးဖြင့် . . .

"အဘ စကားကို ကြည့်ပြောပါ။ ကျုပ်က စာရေးဆရာလုပ်မယ့်အကောင်ဗျ"

"မင်းဘာသာမင်း စာပဲရေးရေး၊ ဇာပဲထိုးထိုး။ ငါ့ဆီမှာတော့ လုံးဝမထည့်နိုင်ဘူး"

"ထည့်ရမယ်ဗျာ"

"မထည့်ဘူးကွာ"

ကျွန်ုပ် ပြတ်သားသော ငြင်းဆိုမှုကြောင့် စိန်အုံးမှာ ကျွန်ုပ်ကို စိမ်းစိမ်းဝါးဝါး ကြည့်ပြီး . . .

"အဘစကားကို အဘ မှတ်ထားပါ။ တစ်နေ့ကျရင် ကျွန်တော့်ရဲ့ ထူးခြားဆန်းကြယ်လှတဲ့ ဝတ္ထုဆန်းကြီးကို အဘရဲ့ဂျာနယ်မှာ တခမ်းတနား ဖော်ပြရမယ်၊ မှတ်ထား"

ဟုဆို၍ ဖောက်ဖောက် ဖောက်ဖောက်နှင့် ထွက်သွားချေတော့တမုံ့။

www.burmeseclassic.com

ထိုသို့ဖြစ်ပြီး တစ်ပတ်ခန့်အကြာ ကျွန်ုပ်၏စိတ်ထဲတွင် မေ့မေ့ပျောက်ပျောက်ဖြစ်နေချိန် မထင်မှတ်ဘဲ အနီစိန်အုံးမှာ စတစ်ကော်လံအင်္ကျီအဖြူနှင့် အတက်ချီကော့စ်ကို လက်တစ်ဖက်ဆွဲကာ ကျွန်ုပ်၏ရုံးခန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပြန်လေသည်။ ထိုအချိန်တွင် ကျွန်ုပ်မှာလည်း ဂျာနယ်ထုတ်လုပ်သူနှင့် စကားပြောနေချိန် ဖြစ်သဖြင့် ကျွန်ုပ်၏စိတ်ထဲတွင် အနီလူငယ်ကို မြင်ရသည်ကိုပင် ကြီးစွာ အနှောင့်အယှက်ဖြစ်နေချေတော့သည်။

စိန်အုံးမှာ ကျွန်ုပ်တို့အရှေ့ခုံတွင် ခပ်တည်တည်နှင့် ဝင်ထိုင်လိုက်ပြီး

"ဂျာနယ်မှာ စလစ်ထိုးရင် ဘယ်လောက်ကျမလဲ"

ကျွန်ုပ်မဖြေ။ ထုတ်လုပ်သူမှ ကျွန်ုပ်ကို အသာလက်ကုပ်၍–

"ပြောလိုက်လေ အဘ"

ကျွန်ုပ်လည်း စိန်အုံးအကြောင်းကိုသိ၍ လုံးဝမပြောချင်။ သို့သော် ထုတ်လုပ်သူရှိနေသဖြင့် မပြော၍မဖြစ်။ ထို့ကြောင့် . . .

"ဒီဇိုင်းလုပ်ပြီးသားလား"

စိန်အုံးမှာ ကျွန်ုပ်ကို မခိုးမခန့်ဖြင့် . . .

"လုပ်ပြီးသား ဖိုးကာလာနဲ့ ရှယ် . . ."

"ဒါဆို တစ်စောင်နှစ်ကျပ်"

"စောင်ရေ ဘယ်လောက်လဲ။ စလစ်ထိုးရင် အင်တာဗျူးရော လုပ်ပေးလား"

"စောင်ရေ ငါးထောင် အတွင်းမှာ အင်တာဗျူးနှစ်မျက်နှာ လုပ်ပေးတယ်"

စိန်အုံးမှာ သူ့အတက်ချိကေ့စ်ကိုဖွင့်၍ ငွေတစ်ထပ်ဆွဲထုတ်လိုက်ပြီး . . .

"ရော့ . . . ငါးထောင်၊ မထည့်ဖြစ်ရင် ဘယ်လောက် ပြန်လျော့မလဲ"

ကျွန်ုပ်လည်း ကျွန်ုပ်တို့၏ ဂျာနယ်မူအတိုင်း . . .

"ငါးဆ ပြန်လျော်မယ်"

စိန်အုံးမှာ လက်ဖျောက်တီး၍ . . .

"ကြိုက်ပြီ၊ ဒါဆိုသန်ဘက်ခါ စလစ်လာပေးမယ်။ သွားဦးမယ်"

ဟုဆို၍ ထထွက်သွားသဖြင့် ကျွန်ုပ်မှ . . .

"ဟော့ . . . မင့်စလစ်က ရုပ်ရှင်ကြော်ငြာစလစ်လား၊ ကုန်ပစ္စည်းကြော်ငြာ စလစ်လား"

ကျွန်ုပ်၏စကားကြောင့် စိန်အုံးမှာ ခြေလှမ်းတန့်သွားပြီး ကျွန်ုပ်ဘက်လှည့်၍ မခိုးမခန့်ပြုံးရင်း . . .

"သန်ဘက်ခါ တွေ့ရမှာပါ"ဟုဆိုပြီး ခပ်သုတ်သုတ် ဆင်းသွားလေသည်။

* * *

www.burmeseclassic.com

ချိန်းထားသောနေ့တွင် စိန်အုံးမှာ စောစောစီးစီး ရောက်ချလာပြီး ကျွန်ုပ်စားပွဲရှေ့ ဝင်ထိုင်ကာ . . .

"အင်တာဗျူး အရင်လုပ်မလား၊ ဂျာနယ်စလစ် အရင်ယူမလား"

ကျွန်ုပ်လည်း အနီပုဂ္ဂိုလ်ကို မျက်နှာမြင်ကတည်းက ရိုက်ချင်နေသည့်စိတ်ကို အတင်းချိုးနှိမ်ရင်း . . .

"မင်းဂျာနယ်စလစ် အရင်မပေးဘဲနဲ့ ငါကဘာကိစ္စဗျူးပေးရမှာလဲ"

စိန်အုံးမှာ မခိုးမခန့်ပြုံးသည်။ ပြီးမှ သူ့အတက်ချိုကေ့စ်ထဲမှ စာရွက်တစ်ရွက်ကို ဆွဲထုတ်လိုက်ပြီး . . .

"ရော့ . . . စလစ်"

ကျွန်ုပ်လည်း ကျွန်ုပ်လက်ထဲရောက်လာသော စလစ်စာရွက်ကို ယူ၍ကြည့်လိုက်ရာ . . .

"သက်ကြီးအဖိုးအိုရဲ့ စာပေနိဂုံး"

"ရေးသူ–ရော်နယ်ဒိုစိန်အုံး ဝတ္ထုတို"

"ဟင် . . . မင်း . . . မင်း ဒါဘာလုပ်တာလဲ"

စိန်အုံးမှာ မခိုးမခန့်နှင့်ပင်။

"စလစ်ထိုးတာလေ"

ကျွန်ုပ်လည်း လွန်စွာဒေါသထွက်သွားပြီး . . .

"မင့်ကလွား . . . မင့်ဥစ္စာဝတ္ထုကြီးကွ။ ဝတ္ထုကို စလစ်ထိုးလို့ရမလား"

စိန်အုံး ကျွန်ပ်ကို ခပ်စိမ်းစိမ်းကြည့်ပြီး . . .

"အဲသည်လို မပြောနဲ့လေ။ ကျွန်တော့်ပိုက်ဆံနဲ့ ကျွန်တော် အကုန်ခံပြီး ကျွန်တော့်ဘာသာ ကျွန်တော် ကျွန်တော့်ဝတ္ထု စလစ်ထိုးတာ ဘာဖြစ်လို့ မရရမှာလဲ"

ကျွန်ပ်လည်း လွန်စွာ ဒေါသထွက်နေပြီမို့ . . .

"မထည့်နိုင်ဘူးကွာ"

"မထည့်နိုင်ရင် ငါးဆပြန်လျော်"

"ဘာဆိုင်လို့ လျော်ရမှာလဲ"

"အိုး . . . မလျော်လို့ဖြစ်မလား။ စရံလာပေးကတည်းက ငါးဆပြန်လျော်ရမယ်လို့ ပြောထားတာပဲ"

ဤသို့ ကျွန်ပ်တို့နှစ်ဦး အခြေအတင်စကားများနေစဉ် ထုတ်လုပ်သူ ရောက်လာပြီး "ဘာဖြစ်လို့ ဒီလောက်တောင် အော်ကြီးဟစ်ကျယ် စကား များနေရတာလဲ အဘရယ်၊ လူကြားလို့မှ မကောင်း"

"ဘာဖြစ်ရမှာလဲကွ၊ ဒီမှာ စလစ်ထိုးမယ်ဆိုပြီး ဝတ္ထုကြီး လာပြီး စလစ်ထိုးခိုင်းနေတယ်"

ထုတ်လုပ်သူ မျက်မှောင်ကျုံ့သွား၏။ အတန်ကြာမှ . . .

"ဝတ္ထုဆိုလည်း ဘယ်တတ်နိုင်မှာလဲ အဘရယ်၊ ကိုယ်ကိုယ်တိုင်က စလစ်ထိုးပေးမယ်ဆိုပြီး ငွေယူထားပြီးသား မဟုတ်လား။ ထိုးပေးလိုက်ပါ။ နောက်မဟုတ်ရင် ငါးဆလျော်ရတဲ့အပြင် နာမည်ပါ ပျက်နေဦးမယ်"

ဤတွင် စိန်အုံးမှ တစ်ဆင့်တက်၍ . . .

"အိုး . . . အို . . . ဒီလောက်နဲ့ ဘယ်ရမှာလဲ။ အင်တာဗျူးပါ နှစ်မျက်နှာလုပ်ပေးရဦးမယ်လေ။ အဲဒါလည်း မမေ့နဲ့ဦး"

ကျွန်ပ် ထုတ်လုပ်သူကို လှမ်းကြည့်လိုက်သည်။ ထုတ်လုပ်သူမှာလည်း အတန်ကြာ စဉ်းစားပြီး သက်ပြင်းချကာ . . .

"လုပ်ပေးလိုက်ပါ အဘရယ် . . . ဘယ်တတ်နိုင်မလဲ"

ကျွန်ပ်လည်း ဒေါသကို ချိုးနှိမ်၍ . . .

"ကိုင်း . . . မင်းကို ဘာကိစ္စ အင်တာဗျူးပေးရမှာလဲ"

"အိုး . . . စာရေးဆရာနဲ့ ဗျူးမှာပဲ။ စာပေအင်တာဗျူးပေါ့။ ဆရာဟိန်းလတ်တို့ ဆရာဦးဝင်းငြိမ်းတို့လုပ်တာ မမြင်ဖူးဘူးလား"

သူ၏စကားသည် ကျွန်ပ်၏စိတ်ကိုဆွပေးသလို ဖြစ်သည်မို့–

"မင်းက ဘာစာရေးဆရာတုံး၊ ဘယ်တုန်းကများစာရေးဖူးလို့တုံး"

www.burmeseclassic.com

စိန်အုံးမှလည်း အားကျမခံ–

“အခု ရေးပြီလေ။ အခု အဘတို့ဂျာနယ်မှာ ဝတ္ထုတစ်ပုဒ်ပါပြီလေ။ စာရေးဆရာ ဖြစ်သွားပြီ။ အင်တာဗျူးလုပ်တော့”

ကျွန်ုပ်လည်း ဒေါသအထွတ်အထိပ်သို့ ရောက်နေပြီမို့ အနီးသူငယ် မျက်နှာကို မြိန်မြိန်ကြီး နှစ်ချက်လောက် ဆွဲထိုးရန်အပြင် ထုတ်လုပ်သူမှ ထလာပြီး ကျွန်ုပ်ကိုဆွဲကာ . . .

“စိတ်ထိန်းပါ အဘရယ်၊ စိတ်ထိန်းပါ။ သူက စာပေအင်တာဗျူး ဆိုလည်း ဗျူးပေးလိုက်ပါ။ ပြဿနာတော့ မဖြစ်စေနဲ့”

ဟုဆို၍ ကျွန်ုပ်မှာ ဒေါသကို အနိုင်နိုင်မျိုသိပ်ရပြန်သည်။ ဤတွင် စိန်အုံးမှာ ဤမျှနဲ့ မကျေနပ်သေးဘဲ . . .

“ဩော် . . . ဒါနဲ့ နေဦး။ ကျွန်တော် အင်တာဗျူးကို တစ်မျက်နှာ ပဲလုပ်ပြီး ကျန်တဲ့တစ်မျက်နှာ ဓါတ်ပုံထည့်လို့ရမလား”

ထုတ်လုပ်သူမှာလည်း ပြဿနာမဖြစ်လျှင် ပြီးရောဟု မှတ်၍လား မသိ။

“ရပါတယ်ခင်ဗျား၊ ရပါတယ်၊ ပုံထည်ချင်လည်း ရပါတယ်”

ကျွန်ုပ်လည်း အစီအစဉ်ကို ကျေနပ်မိသည်။ ဘာပဲပြောပြော သူ၏ အရေးမပါသော စာများအစား မော်ဒယ်ဓာတ်ပုံသို့မဟုတ် မင်းသမီး၊ မင်းသား ဓာတ်ပုံနှင့်ဆို ခံသာသေးဟု အောက်မေ့မိ၏။

သို့သော် သူပေးလာသော ပုံမှာ ကျက်သရေမရှိသော သူ့မျက်နှာကို ပြုံးဖြီးဖြီးကြီး ဖြစ်နေသည့်အပြင် အောက်တွင်လည်း ရေးထားသည့် စာမှာ “စာရေးသူ ငယ်နုစဉ်က ချောတုန်း လှတုန်းပုံ”ဟူ၏။

“ဟင် . . . မင်း . . . မင်းဘာလုပ်တာလဲကွ။ ဒီပုံကြီး ငါတို့ ဘာလို့သုံးရမှာလဲ”

ထုတ်လုပ်သူမှ သက်ပြင်း ခပ်မြှင်းမြှင်းချ၍ –

“လုပ်ပေးလိုက်ပါ အဘရယ်၊ ပြီး ပြီးတာပါပဲ”

ကျွန်ုပ်လည်း မတတ်နိုင်သည့်အဆုံး အောင့်သက်သက်နှင့် ဓာတ်ပုံ ကို ယူလိုက်ပြီး အင်တာဗျူးလုပ်ရန်အတွက် ကက်ဆက်ကို ထုတ်ကာ ပြီးပြီးရော သဘောဖြင့်–

“မင်း ဘာဖြစ်လို့ စာရေးတာလဲ”

ဤတွင် စိန်အုံးက မခံ . . .

“အိုး . . . အို . . .အဲသည်လို ပြောလို့ မရဘူးလေ။ စာရေး

ဆရာအချင်းချင်း လေးစားသမှုနဲ့ ဆရာတပ်ခေါ်ပါ"

ကျွန်ုပ်လည်း လွန်စွာဒေါသထွက်နေသော်လည်း ဒေါသကို အတင်း မျိုသိပ်ကာ . . .

"ဆရာ ဘာဖြစ်လို့ စာရေးတာလဲ"

စိန်အုံးမှာ မဆိုင်းမတွပင်–

"လက်အားလို့ ရေးတာပေါ့။ လက်မအားဘဲ ခြေထောက်နဲ့ ရေးလို့ ရမလား"

"ဟော့ကောင် . . . မင်း ကောင်းကောင်းဖြေ"

ကျွန်ုပ်၏ ဒေါသဖြင့် အော်ဟစ်သံ။

"စိတ်လျှော့ပါ အဘရယ်"

ထုတ်လုပ်သူ၏ မေတ္တာရပ်ခံသံ။ ကျွန်ုပ်လည်းစိတ်ကိုလျှော့ပြီး–

"ဆရာ့ရဲ့ စာပေခံယူချက်"

"ဩော် . . . လက်အားလို့ရေးပါတယ်ဆိုမှ . . . ခံယူချက်က လက်အားရင် ရေးမယ်ဆိုတဲ့ ခံယူချက်ပေါ့"

"ဟော့ကောင် . . . လွန်လာပြီနော်"

"စိတ်လျှော့ပါ အဘရယ်"

"ဟင်း . . . ဆရာရေးတဲ့ ဝတ္ထုကို ဘယ်လိုအမျိုးအစားလို့ သတ်မှတ်မှာလဲ"

"အဲဒါ ခက်တာပဲ။ လက်အားလို့ ရေးထားတာပါဆိုမှ လက်အားလို့ ရေးတဲ့ အမျိုးအစားပဲပေါ့ဗျ။ စာရေးဆရာလုပ်ပြီး ဒီလောက်တောင် မသိဘူးလား"

"တောက် . . . ဟော့ကောင်နော်"

"မပြောပါနဲ့တော့ အဘရယ်"

"ဟင်း . . . ဟင်း . . . မင်း . . . အဲ . . . ဆရာ့ရဲ့ ဝတ္ထုပရိသတ်အတွက် ဘယ်လောက်များ အကျိုးပြုနိုင်မလဲ"

"ဟောဗျာ . . . ဒါ မေးစရာလား။ လက်အားလို့ ပေါက်ကရ ရေးထားပါတယ်ဆိုမှ။ ဘယ်သူ့အတွက် အကျိုးပြုမှာလဲ။ တော်ပြီဗျာ။ ဘာတွေ လျှောက်မေးမှန်းမသိဘူး။ အရည်မရ အဖတ်မရနဲ့။ တော်ပြီ မဖြေချင်တော့ဘူး သွားမယ်"

သူ၏ 'မဖြေချင်တော့ဘူး' ဟူသောစကားကြောင့် ကျွန်ုပ် လွန်စွာ ဝမ်းသာသွား၏။ ထို့ကြောင့် နှုတ်မှလည်း ဝမ်းသာအားရ . . .

www.burmeseclassic.com

“ကျေးဇူးကြီးလှပါတယ် မောင်ရယ်”

“ကျေးဇူးချည်းလိုမ့်တင်မနေနဲ့လေ။ ကျွန်တော့်ဝတ္ထုထည့်မှာ မဟုတ်လား”

ကျွန်ုပ်လည်း အလျင်အမြန်

“ထည့်မှာပါ၊ ထည့်မှာပါ၊ စိတ်ချ”

“ဒါဆို စာမူခပေး”

“ဘာကွ”

“ဘာကွတွေ ဘာတွေလုပ်မနေနဲ့။ ဝတ္ထုသုံးမယ်ဆို စာမူခပေး”

ကျွန်ုပ်လည်း လွန်စွာဒေါသထွက်သွားပြီး . . .

“ဘာကိစ္စ စာမူခပေးရမှာလဲကွ၊ မင့်ဥစ္စာ စလစ်ကြီး”

“အိုး . . . မပေးလို့ရမလား၊ စလစ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်၊ ကျွန်တော့်ဝတ္ထုသုံးပြီးရင် စာမူခ ပေးရမှာပဲ။ စာမူခမပေးရင် တခြားဂျာနယ်ကနေ ‘ဖွ’ပစ်လိုက်မယ်”

“ဖွချင်တဲ့ နေရာကဖွ၊ မပေးနိုင်ဘူး”

ကျွန်ုပ်၏ ဒေါသတကြီးအော်ဟစ်သံ။

“ပေးလိုက်ပါ အဘရယ်၊ ပြဿနာဖြစ်ရင် နာမည်ပျက်ရချည့်”

ထုတ်လုပ်သူ၏တောင်းပန်သံ။


ကျွန်ုပ်လည်း မည်သို့မျှ မတတ်နိုင်ဘဲ စာမူခ ထောင့်ငါးရာကျပ် ထုတ်ပေးလိုက်ရသည်။ စိန်အုံးမှာ ငွေများကို ရေတွက်ယူပြီး–

“သွားဦးမယ် အဘရေ . . . နောက်အပတ်ကျရင် ကျွန်တော် စလစ်တစ်စောင် လာထိုးဦးမယ်”

ဟုဆို၍ လေကလေးချွန်ကာ ထွက်သွားလေတော့၏။

ဩော် . . . ဂျာနယ်စလစ်။

❖ ❖ ❖



www.burmeseclassic.com

# ပြန်လည်စံစားဂန္ထဝင်ဝတ္ထုများ

**လေနီရိုင်းက ဖြုတ်ဖြုတ်ဖြုန်းနေတော့သကိုး . . .**

ကောင်းကင်မှကြမ်းတမ်းစွာ ဖြုတ်ဖြုတ်ဖြုန်းနေသော လေနီရိုင်းတို့သည် နီးစပ်ရာ သစ်ပင်အို သစ်ခြောက်ပင်များကို မွှေ့ယမ်းနေပြီးသကာလ မြေနီလမ်းကလေးသို့ အရှိန်ပြန်းစွာ ဆင်းသက်လာပြီး ပုတ်အဲ့အဲ့ ရေမြောင်းကိုဖြတ်ကာ ခြောက်ချောင်းနှစ်ပင်ကျယ် ခြံဝင်းတံခါးမှနေ၍ ခြံတွင်းရှိ ရှုပ်ထွေးနေသော သပွတ်ပင်များကို လှီးလွှဲရင်း လေးတိုင်တစ်ခန်း ဝါးထရံ အိမ်ကလေးထဲသို့ အရှိန်ပြင်းစွာဝင်လာ၏။

ထိုအိမ်ခန်းကလေးတွင်ရှိနေသော ကျွန်ုပ်အလုပြင်နေ၏။

ကျွန်ုပ်၏ နီတျာတျာနူတ်ခမ်းကို ပို၍ နီတျာတျာဖြစ်စေရန် ကွမ်းယာကို လှိမ့်ဝါးနေလိုက်၏။

သုံးလွှန်းတင်မှ ယောင်ဖြစ်သော ကျွန်ုပ်၏ သျှောင်ထုံးကို ခပ်မြင့်မြင့် ထုံးလိုက်၏။ မှန်ကြည့်ပြီး သွားဖြဲကြည့်၏။ နီတျာတျာနူတ်ခမ်းအောက် မည်းတက်လာသော ကွမ်းချီးအထပ်ထပ် သွားနှစ်ချောင်းပေါ်လာ၏။ ကျွန်ုပ် ပို၍ သဘောကျသွား၏။ ဒါမှ ခါတုကလျာသွား။ ကွမ်းဝါးလွန်း၍ သွားများ မည်းနေသော ခါတုကလျာအကြောင်း ကျွန်ုပ်စာအုပ်တစ်အုပ်ထဲတွင် ဖတ်ဖူး၏။ ခါတုကလျာ၏ ထိုသွားမည်းမည်းကိုပင် နတ်ရှင်နောင်က အသားတုန်ဖူး၏။

ကျွန်ုပ်အား မည်သည့်မဒီကလေးများက အသားတုန်မည်နည်း။

ခန့်ညားလေစွ၊ ချောမောပေစွ၊ ကျက်သရေရှိလှပေစွ…

ဤကဲ့သို့ ရုပ်ရည်ရူပကာ တင့်တောင့်တင့်တယ်ရှိလွန်းလှသော ကျွန်ုပ်ကိုပင် တချို့က အပြစ်ဆိုချင်သေး…။ မည်သူတွေက ဆို၍နည်း မေးစရာရှိအံ့..။

မည်သူရှိအံ့နည်း…။

စိန်အုံးမှလွဲ၍ မည်သူရှိဦးမည်နည်း။

ကျွန်ုပ်ကား ဂျာနယ်တစ်စောင်တွင် အယ်ဒီတာလုပ်နေတုန်း အနီစိန်အုံး၏ ဂျာနယ်စလစ်ကို ပိုက်ဘောမိသွားသည့်အကြောင်းကို မိတ်ဆွေတို့သိပြီးဖြစ်လိမ့်မည်။ ထိုစလစ်ထဲတွင်ရေးထားသော စာအပြည့်အစုံကိုတော့ မိတ်ဆွေသိကောင်းမှ သိပေလိမ့်မည်။ ထိုစာတစ်စောင်ကောင်းမှုကြောင့်ပင် ကျွန်ုပ်မှာ အယ်ဒီတာအလုပ်က နုတ်ထွက်လိုက်ပြီး ကျွန်ုပ်၏ အခွက်မည်းမည်း အရုက်သည်းစွာဖြင့် အိမ်တွင်းရှို့ရှို့ ပုန်းလို့သာနေတော့ချေသည် တမုံ့။

မရှက်ခံနိုင်ရိုးလားမိတ်ဆွေ၊ အနီစိန်အုံးရေးသားထားသော သက်ကြီးအဘိုးအို၏ စာပေနိဂုံး ဝတ္ထုကြီးမှာ ကျွန်ုပ်၏ငယ်ကျိုးငယ်နာ၊ ကြီးကျိုး ကြီးနာ၊ အိုကျိုးအိုနာများကို စပါယ်ယာဆန်သောအသုံးအနှုန်း အပေါင်ဆိုင်ဆန်သောအရေးအသားများနှင့် ဟေးလားဝါးလားရေးသားထားသည်ကား ကျွန်ုပ်ကိုယ် ကျွန်ုပ်ပင်အော်ဂလီဆန်နေမိတော့၏။ (ဒါကြောင့် မှန်ကြည့်အလှပြင်နေတာ) ကြည့်လေ သူရေးသားထားသည်များက . . .

ကျွန်ုပ်ငယ်စဉ်တောင်ကျေးကလေးဘဝကပေါက်ခဲ့ဖူးသော ဝဲစိုဝဲခြောက်အရေအတွက်ကို ပေါင်ခြံပေါင်ကြားပါမချန်ရေတွက်၍ ရေးပြသည့် ဝဲစာရင်း။ ကျွန်ုပ်၏ အချစ်ဦးမှာ ပစ်ဂမီကဲ့သို့ ခေါင်းကြီးကိုယ်သေး မမေပွေးပင်ဖြစ်ကြောင်း . . .။ ထိုပစ်ဂမီအပုမကပင် ကျွန်ုပ်ကိုအသည်းခွဲသွားသဖြင့် အသည်းကွဲစာများရေးပြီး စာရေးဆရာအမည်ခံခဲ့ကြောင်း။ စာပေလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သည်မှာလည်း အခြားအလုပ်ဘာအလုပ်မှ မယ်မယ်ရရ လုပ်မရ၍ဖြစ်ကြောင်း အခြားအလုပ်များကိုလည်း ချွေးစိုလျှင် မေးတိမည်စိုး၍ လည်းကောင်း၊ ချွေးထွက်လျှင် မေးကွက်မည်စိုး၍လည်းကောင်း စသည်များ အပြင်၊ စာပေကိုလည်း ဝါသနာပါ၍ မဟုတ်ဘဲ တောင်ဒဂုံတစ်လုံး မြောက်ဒဂုံ တစ်လုံးရေးပြီး အယ်ဒီတာများကို အရက်တိုက်ခါ အတင်းရော အဓမ္မရော အနိုင်ကျင့်ပြီး ထည့်ခိုင်းခြင်း ဖြစ်ကြောင်း၊ မူးလျှင်လည်း အရစ်လွန်လှသဖြင့် မူလီစက်ရုံမှပင်အလုပ်ခေါ် ဖူးကြောင်း၊ ဂန္ထဝင်စာပေများကိုလည်း တစ်လုံးတစ်ပါဒမှ မရေးဖူးသည့် အပြင်

တီထွင်ရေးသားသော စကားလုံးအသစ်အဆန်းလည်း ဘာတစ်ခုမှ မရှိကြောင်း။ ထို့ကြောင့် ကျွန်ုပ်မှာ စာပေသက်ကြား လူလုပ်စားကြီးဖြစ်ကြောင်း စသည်ဖြင့် ဖြစ်ကြောင်း ကုန်စင်ကို မချွင်းမချန်ရေးသားထားသည့်အတွက် ကျွန်ုပ်စာပေနယ်တွင်း၌ မည်သို့မျက်နှာပြရတော့အံ့နည်း . . .။ ကျွန်ုပ်အခွက် မည်းမည်း မည်သည့် ကြားဖွက်၍ အရှက်သည်းရတော့မည်နည်း။ (မိတ်ဆွေ . . . နေရာသိက ပြောပြပါ။)

ထို့ကြောင့် ကျွန်ုပ်ကား ဂျာနယ်အယ်ဒီတာအလုပ်မှအနားယူ၍ ကျွန်ုပ်၏ စာပေသိက္ခာကို အဖတ်ဆယ်နိုင်ရန် အိမ်တွင်းအောင်းလျက် အလုပြင် (အဲလေ . . .) ဂန္ထဝင်စာပေရေးသားရန်အတွက် (အထင်ကရစာပေပညာရှင်စာရင်းဝင်နိုင်ရန်အတွက်) ထူးခြားဆန်းကျယ်သော ဂန္ထဝင်ဝတ္ထုကြီး၏ အစ စာတန်းကို ဤသို့ပိုင်နိုင်စွာချရေးလိုက်လေတော့၏။

**လေနီရိုင်းကား ဖြုတ်ဖြုတ်ဖြုန်းတော့သကိုး . . .**

“မဟုတ်ဘူး . . . မဟုတ်ဘူး . . . ငါပြောတာ နင့်လက်ထဲက ကြက်ခြေထောက်”

“ဟော့ကောင် . . . ဒါ . . . ငါ့ဟာကွ . . . ငါ့ဟာ”

“ဘာမင်းဟာလဲ . . .ငါ့ဟာတွေကိုပြန်မပေးရင်ထိုးမှာနော်”

“ခွပ် . . . ခွပ် . . .”

စကားပင်နောက်ကျ၏။ မြင်းပြေးသလို တခွပ်ခွပ်အသံများ ...

“ဟင် . . . နင်က ငါ့မောင်ကို ထိုးတာပေါ့လေ ဟော့ကောင် ကဲကွာ . . .”

“ဖြုန်း . . .”

“ဟိုကောင်မ . . . နင် . . . နင် . . . ငါ့ညီကိုပါးချတာပေါ့ လေ . . . ကဲကွာ . . .”

“ဂေါင် . . . ဂေါင်”

“အမေရေ့ကွဲပါပြီ . . .”

“တော့ . . .ကိုကောင်လေး . . . လာပါဦး . . . ကူပါဦး”

“ဟေ . . . ဘာတုံးဟ”

သွားပြီ လေနီရိုင်းဖြုတ်ဖြုတ်ဖြုန်းတာကနောက်၊ ဘေးအိမ်က ကောင်လေး၊ မိပွားတို့၏ မယားပါသား၊ လင်ပါသမီးတွေက တဖြုတ်ဖြုတ် ဖြုန်းကုန်ကြပေပြီ။

“မြန်မြန်လာပါဟဲ့သေနာရဲ့ . . .”

"ဟ...ဘာဖြစ်တာတုံးဟ မိပွားရ..."

"ဘာဖြစ်ရမှာလဲ ရှင့်ကလေးတွေနဲ့ ကျွန်မကလေးတွေက ရှင်နဲ့ ကျွန်မရဲ့ ကလေးတွေကို ဝိုင်းရိုက်နေကြလို့ . . ."

"ဒုန်း . . . ဝုန်း၊ ဂလောင် . . ."

"အောင်မလေး . . . အမေရေ့ . . ."

"လုပ်ပါဦး အမေရဲ့"

"ဟဲ့ . . . မျောက်လောင်းတွေ . . . တော်ဆို ပြောလို့ မရဘူး လား . . . ငါလေ . . . တယ် . . ."

သွားပြီ . . . မိပွားလည်းနိုင်ပုံမပေါ်တော့ . . .

"တော့ . . .ကိုကောင်လေး . . . မြန်မြန်လာပါဆို . . .ဒီမှာ ရှင့်ကလေးတွေနဲ့ ကျွန်မကလေးတွေ ရှင်နဲ့ကျွန်မရဲ့ကလေးတွေကို"

ကျွန်ုပ်လည်းမနေသာတော့ အိမ်ပေါ်ကဆင်း၍ သူတို့အိမ်ဘက်သို့ သုတ်ခြေတင်ရင်း . . .

"ဟဲ့ဟဲ့ . . . တော်ကြပါတော့ကွာ . . . တော်ကြပါတော့ . . . အဘကပဲ ကြားကဝင်ပြီးတောင်းပန်ပါတယ် . . ."

ကျွန်ုပ်ဝင်ရောက်ဆွဲတော့မှ ကလေးများ ငြိမ်ကျသွား၏။ ကျွန်ုပ်က လူကြီးသာမနိုင်တာ . . . ကလေးတွေကျတော့ ပြီး၏။ ဇယားမဆွဲနဲ့ ငြိမ်ဆိုငြိမ်ပဲ . . . မငြိမ်ရင် ဂေါ်လီရိုက်တမ်းမကစားဘဲနေလိုက်မည်။

"စိတ်ညစ်ပါတယ်အဘရယ် . . .ပွားပွားလည်း စိတ်ညစ်တယ် . . . အဟုတ်၊ သူ့အဖေကလည်းအသုံးမကျ၊ ကလေးတွေက အစားသရဲ၊ အခုလည်းကြည့်လေ ကြက်ခြေထောက်တစ်ချောင်းကြောင့် ရန်ဖြစ်ကြတာတဲ့"

"အာ၊ အဓိပ္ပါယ်မရှိတာ၊ သူတို့ဟာသူတို့ ကြက်ခြေထောက်ရိုး လုတာနဲ့ ငါအသုံးမကျတာနဲ့ ဘာဆိုင်လို့လဲ"

ကောင်လေး အိပ်ချင်မူးတူးနဲ့ပြောသံကြောင့် ကျွန်ုပ်လည်းမနေနိုင်တော့ . . .

"ဟုတ်ပါတယ်မပွားရယ်"

"ဘာမဆိုင်ရမှာလဲ၊ ဘာမဆိုင်ရမှာလဲ ကိုကောင်လေးရဲ့၊ မယူခင် ကတည်းက ကျုပ်ပြောခဲ့သား . . . ဟင် ရှင်လုပ်ကျွေးနိုင်ပါ့မလားဆိုတာကို အဲဒီတုန်းကတော့ အောင်မလေး . . . လုပ်ကျွေးနိုင်ပါတယ် ပွားရယ်၊ ပွားကလေးတွေရော ကောင့်ကလေးတွေရော ပွားနဲ့ထပ်မွေးလာတဲ့ကလေး တွေရော တင့်တောင့်တင့်တယ် ထားနိုင်တယ်ဆို . . . အခုတော့ သူ့လုပ်စာ

နဲ့ ကလေးတွေက စားရတစ်ရက် မစားရတစ်ရက်"

"အို . . . ငါလည်းကြိုးစားနေတာပဲ ပွားပွားရယ်"

"ဘာကြိုးစားတာလဲ . . . ဘာကြိုးစားတာလဲ. . . ကလေးတွေပဲ တစ်ယောက်ပြီး တစ်ယောက် မွေးဖို့ ကြိုးစားနေတာလား . . . ဟင်. . သူများတွေဆို ရုံးကကားလေးမောင်းရရင် ညဘက်အောက်ဆိုက်လေးဆွဲပြီး မိန်းမက ရွှေနဲ့ ငွေနဲ့ ကြော့ကြော့လေး နေနိုင်တယ်။ ခုတော့ သူ့ရုံးက ကားပေးထားပါတယ် . . . အောက်ဆိုက်လေးဆွဲပါဆိုတာ . . ."

"ဟ. . .ငါ့ကားက အချုပ်ကားကြီးဟ . . .ဘယ်သူစီးမှာလဲ"

"ပြောလိုက်ရင် ဒါပဲ ဆင်ခြေဆင်လက်က ရှေ့က"

"ကဲကဲ. . .အဘကပဲ ကြားကနေဝင်ပြီးတောင်းပန်ပါတယ်... မောင်ကောင်လေးကလည်း ပွားပွားပြောသလို မိုးကာလေး ဘာလေးအုပ်ပြီး ကြိုးစားကြည့်ပေါ့ ဟုတ်ပြီလား"

"အို ကျွန်တော်ကြိုးစားကြည့်တော့ အဘက စပါယ်ယာလိုက်ပေးမှာလား"

"လိုက် . . . အဲလေ . . . မလိုက် . . ."

ကျွန်ုပ်မှာ မောင်ကောင်လေး၏စကားကြောင့် ဘာဆက်ပြောရမှန်း မသိတော့။ အလိုလိုနေရင်း၊ စာရေးဆရာဘဝမှ အချုပ်ကား စပါယ်ယာဖြစ် ရပေတော့မည်။ ဒါကို ပွားပွားက နှုတ်ခမ်းတလန် ပန်းတလန်နှင့် –

"တွေ့တယ်မဟုတ်လား အဘ . . . အလုပ်က မလုပ်ရသေးဘူး . . . အဖော်ကမင်ပြီ အဘနဲ့ နှစ်ယောက်ဆုံလို့ကတော့ မူးရူးနေတာနဲ့တင် ဘာအလုပ်မှ လုပ်ဖြစ်မှာမဟုတ်ဘူး . . ."

ဟယ် . . . ကိုယ့်ဘက်ကိုပါ ပြန်ပတ်လာပြီ . . .။ မဖြစ်ချေ တော့ဘူး အမြန်စကားစဖြတ်မှဟု စိတ်ပိုင်းဖြတ်လိုက်ပြီး

"ကဲ . . . ကဲ တော်ကြပါတော့ကွာ . . . တော်ကြပါတော့။ မင်းတို့လုပ်မှပဲ ငါလည်း မဟုတ်တရုတ်တွေဖြစ်နေပြီ . . .။ ကလေးတွေ လည်းငြိမ်ကြတော့ မငြိမ်ရင် ငါ့ကိုဂေါ်လီရိုက်ဖို့ လာမခေါ်နဲ့ . . ."

ဟု ဆို၍ လှည့်ထွက်လာရ၏။ ဒါတောင် ကလေးသားအကြီး ကောင် ပကျစ်ရဲ့ –

"အခုမခေါ်လည်းအကြောင်းမဟုတ်ပါဘူး။ သူ သူငယ်ပြန်တဲ့အခါ သူ့ဖာသာသူရောက်လာလိမ့်မယ်"

ဆိုသည့်စကားသံကိုကြားဖြစ်အောင်ကြားလိုက်ရသေး၏။ အော် .

ဒုက္ခ . . .။ သက်ကြီးဖြစ်ရတာ တယ်မလွယ်ပါလား။ အခုထိ အပြော မလွတ်သေးပါလားနော် . . .။

အို . . . ဒါတွေ တွေးနေလို့မပြီးသေးပါဘူးလေ . . . ငါရဲ့ ဂန္ထဝင်ဝတ္ထုကြီးကို ပြန်ဆက်ရေးဦးမှပဲလေ . . .

**လေနီရိုင်းက ဖြုတ်ဖြုတ်ဖြုန်းတော့သကိုး . . .**

"လူလည်း၊ နတ်လည်း ဗြဟ္မာလည်းများစွာ ဘယ်လိုလဲ ကိုသောင်း စိန် နေကောင်းရဲ့လား . . ."

ဟိုက် . . . သွားပြန်ပြီ . . . အလှူခံလော်စပီကာကြီး

ဒီအလှူခံက ဒီလမ်းဆုံးတဲ့အထိ တစ်နာရီခန့်ကြာဦးမည်။ ကြည့်လေ သူက အလှူခံရတာမရတာ အဓိကမဟုတ် . . . မိုက်ခွက်ကြီးနှင့် အော် ရရင်ပြီးရော ဆိုသည့် စိတ်နှင့်ထင့် အိမ်ပေါက်စေ့နှုတ်ဆက်ပြီး ကြုံသလိုပြော နေသေး၏။ အခုလည်းကြည့်လေ . . . ကျွန်ုပ်အိမ်ရှေ့၊ ကျွန်ုပ်ကို မြင်သည်နှင့် လော်ကြီးရပ်ပြီး . . .

"ဘယ်လိုလဲအဘရဲ့ အဘမှာလည်း တစ်ခါမှလှူတယ်ကိုမရှိ ပါလား၊ အခုလှူမှ နောင်ဘဝရမှာနော် အဘတို့ရှေးဘဝက ဒီလိုမလှူခဲ့လို့ ဒီလို လက်လှုပ်မှ ပါးစပ်လှုပ်ရတဲ့ ဆင်းရဲသားစာရေးဆရာ ဖြစ်နေတာပေါ့ ဟုတ်ဘူးလား အား ဟား..."

ဆို၍ ရိသွားသေး၏။ ဒီကြားထဲ သီချင်းသံစဉ်များထဲ တရားစာများ စွပ်ထည့်၍ မထင်လျှင်မထင်သလိုဆိုတတ်သေး၏။

"အပါယ်ငရဲလားရမှာကို ကြောက်တယ် ကြောက်တယ်။ လူ့ ဘဝရပ်ထံကိုလည်း ပြန်ရန်မလွယ်။ မဆုံးသေးခင် ဒါနရှိဖို့လိုတယ် ဆုံးပြီးမှ ပြန်လှူဖို့မလွယ်"

"ကိုင်း . . . အဲဒီလိုသံစဉ်လေးနဲ့ဆိုတော့ ရှင်းမသွားဘူးလား ဒေါ်ဖွားကြည် . . . အမေကြီး အသက်ကြီးပြီနော် ဒါနလေးတော့ မမေ့နဲ့ ဟိုဘက်က စာရေးဆရာအဘိုးကြီးလိုမျိုး နောင်ဘဝ မုတ်ဆိတ်ပေါက်နေဦး မယ် . . . ဟား . . . ဟား"

တောက် . . . ဘာမဆိုင်ညာမဆိုင် ဟိုအဖွားကြီး သူ့ဖာသာသူ ပိုက်ဆံမလှူတာ ကျွန်ုပ်မုတ်ဆိတ်နှင့် ဘာဆိုင်လို့တုံး . . . စဉ်းစားသာ ကြည့် . . .

"ခုလို မင်္ဂလာဒါန အခါကျတော့ ဒါနပန်းလေး လက်ကမ်းပေး သွားတာကတော့ . . . ဟဲ့ . . . ဟိုကောင်လေး . . . နင့်လက်ထဲက

www.burmeseclassic.com

ဝါးလုံးကြီးက ထိုးလည်းထိုးမိနေပါဦးမယ် . . .။ အဲ . . ခုနလှုသွား တာ ဘယ်သူ . . . အော် . . . သီတာဝင်း . . . ဘယ်လောက် . . . ငါး ကျပ် . . . ငါးကျပ်ထဲ . . . အင်း . . . ဒီအပျိုကြီးကလည်း ကပ်စေးနည်းလိုက်တာ . . . ကဲ . . . ဆုကတော့ ရှည်ရှည်ဝေးဝေးပေး မနေတော့ပါဘူး။ ဆိုကြမယ် ပျော်ကြမယ်လေလေးနဲ့ပဲ ပေးလိုက်မယ် . .။ အကောင်းဆုံး ယောကျ်ားရပါစေကွယ် . . . ဟော့ . . . မောင်တင်စိုး ဘော်လူးလေး နည်းနည်းတင်ပါဦး ဟုတ်ပြီ . . . ဟယ်လို . . . ဟယ်လို . . . ရပြီ . . .”

“ကျွီ . . .ကျွမ် . . . ဝေါင် . . . ဂွီ . . .”

ကျွန်ုပ်စိတ်ထဲ ဒေါသအမျက် အချောင်းလိုက်ထွက်ရချေပြီ . . . ဤနေရာ ဤဒေသ၌ မျက်ရည်ပင် ဖြန်းဖြန်းထွက်လောက်သည့် ဂန္ထဝင် ဝတ္ထုကြီးမည်သို့ရေးမည်နည်း . . .။

စာရေးသည့်အလုပ်မှာ ဆိတ်ငြိမ်အေးချမ်းသည့်နေရာ၌ ဖိမ်နှင့်ရေးမှ ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ကောင်များကို စိတ်ကြိုက်ဖန်တီးလို့ရမည် မဟုတ်တုံလော . . . ။

ဤကဲ့သို့ ဆူညံနေသောဒေသ၌ မည်ကဲ့သို့ဇာတ်ညွှန်း၊ ဇာတ်လမ်း ဖန်တီးမည်နည်း။ စာကောင်း ပေကောင်းရေးရန်မပြောနှင့် ကကြီးပင် မျက်စိထဲက ယပက်လက်လို ပေါ်လို့ပေါ် အင်္ဂလိပ်အက္ခရာ (၃)လို ဖြစ်လိုဖြစ်နှင့် ဖြစ်ချင်တိုင်းပင်ဖြစ်နေပေပြီ . . .။

မဖြစ်ချေဘူး . . .။ ဆိတ်ငြိမ်အေးချမ်းသော နေရာတစ်ခုကို အရင်ရှာမှ . . .

စဉ်းစားစမ်း . . . စဉ်းစားစမ်း . . . ဘယ်နေရာ လူခြေတိတ် သနည်း . . . စဉ်းစားစမ်း

အဲ . . . ဟုတ်ပြီ . . . အဲဒီနေရာဆို မဆိုးဘူး . . .လူလည်း တိတ်တယ်။ ဟာဝိုင်ရီနဲ့လည်းဆင်တယ် . . . ဟု စဉ်းစားမိပြီး လိုအပ်သည့် ပစ္စည်းအနည်းငယ်နှင့်ကိုင်နေကျ ထီးစုတ်ကြီးတစ်လက်ဆွဲပြီး ရပ်ကွက်အပြင် ဘက် သုတ်ချေတင်ထွက်ခဲ့လေတော့၏ တမုံ့ . . .။

ရပ်ကွက်အပြင်ဘက် အမှိုက်စွန့်ပစ်သော ရေမြောင်းကြီးသို့ ရောက် လတ်သော် ကျွန်ုပ်လည်းနဂိုကြံစည်ထားသည့်အတိုင်း ထီးစုတ်ကြီးကို ဖွင့်၍ ထင်းရှူးပုံးအစုတ်ကြီးကိုခင်းကာ ခုံဖိနပ်စုတ်များ ဖြုတ်ကောင်များ ကြွက်သေ များကို ပင်လယ်လိပ်များ စင်ရော်ငှက်များ ပင်လယ်ဖျံများအဖြစ် အသွင်ပြောင်း

မြင်ကာ အတန်ငယ် စိတ်ကြည်လင်မှ ဂန္ထဝင်တွင်နိုင်မည့် စာတမ်းတစ်ခုကို ချရေးလိုက်တော့၏။

"လေနီရိုင်းက . . ."

"ဖြုတ်"

"ဖြုတ်"

"ဖြုန်း"

"ဟဲ့ . . . ပလုတ်တုတ် . . . တော့သကိုး"

ကျွန်ုပ်ရှေ့မှောက်ကျရောက်လာသော လက်ရေးနာနာဖြင့် ရေးထားသော ကော်ပီစာအုပ်သုံးအုပ်။

ကျွန်ုပ်အပေါ်ကို မော့မကြည့်သေးဘဲ စာအုပ်ပေါ် ရေးထားသော စာတမ်းကို အရင်ဖတ်ကြည့်လိုက်ရာ . . .

ဒေါ်နယ်စိန်အုံး၏ ရင်တွင်းခံစား ဂန္ထဝင်ဝတ္ထုများ . . . တဲ့

"အလို . . . ဘုရားသခင်"

သို့ကလိုရေရွတ်မိပြီး မော့ကြည့်လိုက်ရာ ကျွန်ုပ်အား ကြာကြည့် နာနာကြည့်လျက် ပြုံးနေသော စိန်အုံး . . .

"ရှာလိုက်ရတာအဘိုးကြီးရာ . . . ခင်ဗျားတို့သက်ကြီးတွေ တယ်ခက်သကိုး . . . အိမ်မှာမနေဘဲ ရပ်ကွက်ထဲအလေလိုက်နေရတယ် လို့ . . . ခုရော . . . ဒီမြောင်းကြီးဘေးမှာ ဘယ်ကအဖွားကြီးနဲ့ ချိန်း ထားပြန်တာလဲ"

ကျွန်ုပ်လည်း သူ့ကိုမြင်ကတည်းက ဒေါသအမျက်ချောင်းချောင်း ထွက်ရသည့်အပြင် သူ့ မရိုးမသားစကားကိုပါ ထပ်ကြားရ၍ ပို၍ ဒေါသ ဖြစ်သွားရကာ

"ဟေ့ကောင် . . . မင်းဘာကိစ္စနဲ့လာတာလဲ . . . ငါချိန်းထား တဲ့ အဖွားကြီးကလည်း . . . အဲလေ . . . ငါ့မှာ ဘာမှချိန်းထားတာ မရှိဘူး။ ငါ့ဘာငါ ရှင်းရှင်းနေနေတာ ငါ့ကိုလာမရှုပ်ထည့်နဲ့ . . ."

"သိဘူးလေဗျာ ခင်ဗျားကြီးသူငယ်ပြန်ပြီး ရည်းစားများပြန်ထား ချင်နေလားလို့ . . ."

"ဟေ့ကောင် . . . တော်ဆိုတော် . . . ဒီမှာ ဝတ္ထုရေးဖို့ ဇာတ်လမ်းစဉ်းစားနေတာနော် . . . ဒရမ်မာမရေးမိဘဲ မင်းမျက်နှာကြီးပေါ်ကို ငါ့လက်သီးနုနုခပ်ဆတ်ဆတ်ဉသွားတဲ့အကြောင်း အက်ရှင်ဇာတ်ကောင်းကြီး ရေးမိနေဦးမယ် . . ."

www.burmeseclassic.com

ကျွန်ုပ်၏ ဒေါသတကြီးစကားကို အနိုင်တိက တစ်ချက်မှ မတုန်လှုပ်ဘဲ ကြွက်မသာမြင်သော လင်းတမျက်နှာကဲ့သို့ ဝင်းဖန့်ဖန့်ကြီးပြုံးလျက်...

"အော် . . . ဝတ္ထုရေးဖို့ ဇာတ်လမ်းရှာနေတာ . . . ဟုတ်စ . . . ကျွတ်ကျွတ် . . . သနားစရာကောင်းလိုက်တာ . . . အေးလေ . . . ညဏ်ကလည်းထိုင်းရှာတာကိုး . . . ဒါကြောင့် ဟိုလူ့ကလော် ... ဒီလူ့ကလပ်လောက်သာရေးတတ်တာပါ . . . ကျုပ်တို့လို ညဏ်ကောင်းရင် ဒီလိုမလုပ်ပေါင် . . ."

"အောင်မာ . . . မင်းကပဲညဏ်ကောင်းတယ်ဆိုသေး . . . မင်းက ဘာဝတ္ထုများအဖြစ်ရှိအောင် ရေးဖူးလို့လဲကွ . . . ဟေ . . . အခုနားပန်နားရင်း ဆတ်ဆတ်ကျင်းလိုက်လို့ ညထမင်းတောင် ယိုးဒယားကနဲ့ စားနေရဦးမယ် . . ."

ကျွန်ုပ်၏စကားကို အနီးတိက အကယ်ဒမီမင်းသားလို တစ်ဖက်သို့လှည့်သွားပြီး . . .

"မဖြစ်သေးဘူး . . . မဖြစ်သေးဘူး . . . အသက်ကပဲသချိုင်းကုန်းခြေစုံစုန်ဝင်နေပြီ . . . လူမှုရေးကညံ့တုန်း . . . အဘကို လူမှုရေးကောင်းအောင် ဒေးကာနယ်ဂျီစာအုပ်တစ်အုပ်လောက် ဝယ်ပေးရဦးမယ်"

"အောင်မာ . . . ဟော့ကောင် . . . မင်းလို ကမျောက်ကချောက်ကောင်အတွက် ငါက ဘာလူမှုရေးသိနေရမှာလဲ . . . ကိုင်း . . . ငါ့ဒေါသတွေ ငယ်ထိပ်မရောက်ခင် ထွက်သွားရင်ထွက်သွား၊ မထွက်သွားရင်တော့ ငါ့လက်သီးက မျက်နှာမရွေးဘူးနော် . . ."

ကျွန်ုပ် ဤမျှလောက်မနားတမ်းကြိမ်းသည်ကိုပင် အနီးတိက မျက်နှာနီအမဲဆီပွတ်ထားသည်ထက်ပြောင်သော စတီးဂန်ဖလားပြုံးပြုံးပြီး...

"အင်းလေ . . . အဘတို့လို ပညာရှိယောင်ယောင်၊ ကပ္ပိယလူထွက်ယောင်ယောင် လူတွေက ဒီလိုပါပဲ . . . ဖြစ်တတ်ပါတယ်လေ၊ ဒါမျိုးကတော့ . . . ကဲ . . . အဲဒီမှာ အမျက်ဒေါသလုံးဝမထွက်တတ်တဲ့ ပညာရှိတစ်ယောက်ရဲ့ ဂန္ထဝင်စာပေလေးဖတ်ကြည့်ပါဦး . . . အဘရှေ့မှာ ချထားတယ် . . ."

သူ၏စကားကြောင့် ကျွန်ုပ်လည်း စိတ်ထဲ ကျလိကျလိဖြစ်ရချိမ့်တကား . . ။

"အောင်မာ . . . ငါကဘာလို့ဖတ်ရမှာလဲ . . . မင်းကရော ဘာပညာရှိမို့လဲကွ ဟေ . . ."

ကျွန်ုပ်၏စကားကို အနီးငတိကသက်ပြင်းချပြီး . . .

"အဲဒါပဲ အဘတို့လူကြီးတွေခက်ပုံ . . . ကိုယ်ပညာမရှိတိုင်း ပညာရှိတဲ့လူတွေကိုလည်း မနာလိုချင်ပြန်ဘူး . . . ကျုပ်က အဘကို လေးစားလို့ ဂါရဝနဲ့လာပြတာကိုတော့ အားနာပါးနာနဲ့ နည်းနည်းဖတ်ရှု ကြည့်သင့်ပါတယ်"

သူ့ထံမှလေပျော့ကလေးကြားရသည့်အတွက် ကျွန်ုပ်ပင် အနည်းငယ် ပျော့သွားမိ၏။ နောက် ဂါရဝနှင့်လာပြသည်ဆိုတော့ . . .

"အေးလေ..ဂါရဝနဲ့လာပြတယ်ဆိုတော့ ကြည့်ရတာပ ကိုင်းမှန်း"

ဟုဆို၍ စာအုပ်ကိုလှမ်းဆွဲယူလိုက်သည်။ နောက် . . . စာရွက်ကို တစ်ရွက်နှစ်ရွက်လှန်ကြည့်လိုက်ရာ . . .

အလို . . .

ကျွန်ုပ်စိတ်ထဲ အံ့အားသင့်စိတ်များကြီးထွားလာရ၏။

"ဟင် . . . ဒီစာတွေ ငါဖတ်ဖူးပါတယ် . . ."

သူ့စာတွေက သူ့လက်ရေးနှင့်ရေးထားသော်မင့်၊ စာများမှာ ကျွန်ုပ်နှင့် လုံးလုံးကိုမစိမ်း . . .

ဒါ . . . ဒါ . . . ဘယ်မှာတွေ့ဖူးပါလိမ့် . . .

ကျွန်ုပ် အသေအချာစဉ်းစားလိုက်မှ . . .

"ဟင် . . . ဒါ . . . ဒါ . . . ဒါ ဆရာဒဂုန်တာရာရေးတဲ့ မေ... ဝတ္ထုမဟုတ်လား . . ."

ကျွန်ုပ်၏စကားကိုကြားသည်နှင့် စိန်အုံးမှလည်း အားရဝမ်းသာဖြင့်

"ဟုတ်ပအဘရေ . . . ဟုတ်တာမှ ဆရာဒဂုန်တာရာရဲ့ မေဝတ္ထုမှ မေဝတ္ထုအစစ် . . ."

ဟူသောကြောင့် ကျွန်ုပ်လည်း နောက်စာအုပ်တစ်အုပ်ထပ်ကောက် ကိုင်လိုက်ရာ . . .

"ဟင် . . . ဒါ . . . ဒါက ဂျာနယ်ကျော်မမလေးရဲ့ မုန်း၍ မဟူ ဝတ္ထုကြီး"

ကျွန်ုပ်၏ တအံ့တသြစကားကို စိန်အုံးမှ အားရဝမ်းသာ အံကြိတ်သံဖြင့်

"မှန်လိုက်လေ အဘရယ် . . . မှန်လိုက်လေ . . . ဂျာနယ် ကျော်မမလေးရဲ့ မုန်း၍မဟူမှ မုန်း၍မဟူအစစ် . . ."

နောက်တစ်အုပ် . . .

"ဒါ . . . ဒါက ဆရာကြီးရွှေဥဒေါင်းရဲ့ သိန်းထိုက်ဝတ္ထု မဟုတ်လား"

ကျွန်ုပ်၏စကားကို စိန်အုံးမှ သူ့ပေါင်သူပုတ်ပြီး . . .

"ဟုတ်ပအဘရေ . . . ဆရာကြီးရွှေဥဒေါင်းရဲ့ သိန်းထိုက်မှ သိန်းထိုက်"

"ဟင် . . . ဒါတွေ . . . ဒါတွေ မင်းဘာလုပ်ဖို့လဲ"

ကျွန်ုပ်၏အလောတကြီးစကားကို စိန်အုံးမှ ဝမ်းသာအားရဖြင့်

"စာအုပ်ထုတ်မှာလေ . . . အဘ လုံးချင်းစာအုပ်ပြန်ထုတ်မှာ"

သူ၏စကားကြောင့် ကျွန်ုပ်ပို၍ မျက်လုံးပြူးသွားရ၏။"

"ဟင် . . . ဒါ . . . ဒါဆို မင်းအဲဒီ စာရေးဆရာတွေကို စာမူခပေးပြီးပြီလား . . ."

ကျွန်ုပ်၏ အမေးကို စိန်အုံးမှ စိတ်ဆိုးသွားသလိုဟန်မျိုးနှင့်–

"အို . . . ဘာလို့ပေးရမှာလဲ"

"ဟ . . . မပေးလို့ဖြစ်မှာလား . . . ဒါ သူတို့ရေးထားတဲ့ ဝတ္ထုတွေကို . . ."

"အလိုဗျာ . . . သူတို့ရေးတဲ့ဝတ္ထုကို ကျုပ်ပြန်ရေးထားတာပဲ ဘာလို့ သူတို့ကို စာမူခပေးရမှာလဲ ဒီမှာကြည့် ကျုပ်လက်ရေး . . . အားလုံး ကျုပ် ပြန်ကူးရေးထားတာ။ မူလအရသာပျက်မှာစိုးလို့ ၏သည်တောင် မလွဲအောင်ကူးယူတာ . . ."

သူပြောလိုက်သောစကားကြောင့် ကျွန်ုပ် ဘာပြန်ပြောရမှန်းမသိ၊ ဒါတွေအားလုံး သူပြန်ရေးထားတာတဲ့ . . . မယုံရင်ကြည့် . . . သူ့ လက်ရေးတွေတဲ့ . . .။ ကျွန်ုပ်လည်း အတန်ကြာစဉ်းစားပြီးမှ

"အေးလေ . . မင်းလက်ရေးတွေတော့ဟုတ်တယ် . . . ဒါပေမယ့် . . . သူတို့ရဲ့စာတွေလေ . . ."

"ဟုတ်တယ် . . . သူတို့ရဲ့စာတွေပဲ ဘာဖြစ်လဲ"

"ဟ . . . ဒါဆို သူတို့စာတွေကိုသုံးရင် သူတို့ကို စာမူခ ပြန်ပေးရမှာပေါ့ . . ."

"အို ဘာလို့ပေးရမှာလဲ . . ."

ကျွန်ုပ်၏စကားကို စိန်အုံးမှ ဂန်ဖလားပြုံးပြုံးလိုက်ပြီး . . .

"အဲဒါခက်တာပဲ . . . အဘတို့လူကြီးတွေပြောရ ဆိုရ သိပ် လက်ပေါက်ကပ်တာ၊ အဘပဲစဉ်းစားကြည့်လေ . . . ရှေးခေတ်ရုပ်ရှင်

ဇာတ်ကားတစ်ကားကို အခုခေတ်မင်းသားပြန်ရိုက်မယ်ဗျာ ဒါဆိုရှေးခေတ် မင်းသားကို သရုပ်ဆောင်ခပေးရဦးမှာလား . . .”

သူ့စကားကြောင့် ကျွန်ုပ် ရုတ်ချည်းဇဝေဇဝါဖြစ်သွားရ၏။

“အဲ . . . ဒါ . . . ဒါကတော့ ဟို . . . ဘယ်ပေးရမှာလဲ”

“အူကြောင်ကြောင်လုပ်မနေနဲ့အဘရာ . . . ရှင်းအောင် ထပ်ရှင်း ပြလိုက်ဦးမယ် . . . ဝင်းဦးရဲ့ ရုပ်ရှင်ဇာတ်ကားကို အခုခေတ်မင်းသား ပြန်ရိုက်တော့ရော . . . ဝင်းဦးကို သရုပ်ဆောင်ခပေးရလို့လား . . .”

“အဲ . . . အဲဒါကလည်း . . . မပေးရဘူးလေကွာ”

“ဘာအခုမှ အဲဒါကလည်းတွေ ဘာတွေနဲ့ ယောင်တိယောင်ကမ်း လုပ်နေတာလဲ . . . ကဲ . . . ဥသြဘသောင်ဆိုခဲ့တဲ့ သီချင်းကို အခု လူငယ်လေးတစ်ယောက်ပြန်ဆိုပြီတဲ့ . . . ဥသြဘသောင်ကို သီချင်းဆိုခ ပေးရဦးမှာလား . . .”

“အဲ . . .အဲဒါကဟို . . . ဒါလည်း အဲ . . . ဘယ်ပေးရမလဲ”

“အေးလေ . . . အခုလည်း သူတို့ရဲ့စာတွေကို ကျွန်တော် ပြန်ရေးထားတယ်လေ ဟောဒီမှာ ကျွန်တော့်လက်ရေး ကျွန်တော့်ဖာသာ ကျွန်တော် လက်အညောင်းခံပြန်ရေးထားတာ သူတို့ကို ဘာလို့ စာမူခပေး ရမှာလဲ ”

“အန် . . .”

သူ့စကားကြောင့် ကျွန်ုပ် ဘာဆက်ပြောလို့ ပြောရမှန်းမသိတော့ စဉ်းစားကြည့်လေ။ ယခင်ရုပ်ရှင်ဇာတ်ကားတစ်ကားကိုတဲ့ ယခုလူငယ်တွေ ပြန်ရိုက်တော့တဲ့၊ အရင်မင်းသားကို သရုပ်ဆောင်ခပေးရလားတဲ့။ ဝင်းဦးကား ကို ယခုလူငယ်မင်းသားတွေပြန်ရိုက်တော့ရော . . . ဝင်းဦးကို သရုပ်ဆောင်ခ ပေးရမှာလားတဲ့ . . . ဥသြဘသောင်ဆိုခဲ့တဲ့ သီချင်းကို အခုလူငယ်လေး တစ်ယောက်ပြန်ဆိုတော့ရော သီချင်းဆိုခ ဥသြဘသောင်ကိုပေးရဦးမှာလား တဲ့။ ကျွန်ုပ်ခေါင်းထဲ ရုတ်ချည်း ပလုံစီထသွား၏။ သူပြောတော့လည်း ဟုတ်သလိုလို။ ဒါကို စိန်အုံးက မိန့်မိန့်ကြီးပြုံးပြီး . . .

“ပြောလေ . . . ပြောလိုက်စမ်းပါ။ အရင်လူတွေပေးခဲ့တယ်ဆို စိန်အုံးကလည်း စေးကပ်တဲ့လူမဟုတ်ပါဘူး . . . ပြော . . .လိုက် . . စမ်း . . . ပါ . . .”

“အဲ . . .ဒါ . . .ဒါကတော့ ဟိုလေ . . . မင်းက . . . ဟို . . . ဘယ်လိုပြောရမလဲပေါ့နော် . . . ဟင်းဟင်းပေါ့နော် . . . ခစ်

www.burmeseclassic.com

ခစ်ပေါ့နော် . . .”

ကျွန်ုပ်လည်း ဘာပြောရမှန်းမသိဘဲ ပါးစပ်ထဲက ထွက်ချင်တာတွေ ထွက်နေ၏။ ဒါကို စိန်အုံးက ငါးရူပြုံးဖြစ်သော နှုတ်ခမ်းမွေးထောင်ရုံ လှုပ်ခနဲပြုံးပြီး . . .

“အဟင်းအဟင်းတွေ ခစ်ခစ်တွေနဲ့ မျက်နှာချိုလာသွေးမနေပါနဲ့ အဘရယ် . . . ကျုပ် ဒီစာအုပ်တွေထုတ်ပြီး ဘက်ဆဲလားဖြစ်သွားရင် မတူသလို မတန်သလိုဆက်ဆံမှာစိုးလို့လား . . .။ စိတ်ချပါ ကျုပ်က မာနမကြီးတတ်ပါဘူး . . .။ အဲ . . . ကလော်တာတော့ ကလော်မှာနော်”

“အို . . . မင်းကလော်တာ မကလော်တာ အရေးမကြီးပါဘူး၊ ဒီစာအုပ်တွေထုတ်မယ်ဆိုရင်တော့ မူရင်းစာရေးဆရာတွေကို အကြောင်းကြား သင့်တယ်”

ကျွန်ုပ်၏စကားကို စိန်အုံးအကြီးအကျယ်စိတ်ဆိုးသွားပြီး . . .

“ရော် . . . ခက်နေပြန်ပါပြီ။ ဘာလို့အကြောင်းကြားရမှာလဲဗျ . . . အခုခေတ်မှာ ရှေးခေတ်က ရုပ်ရှင်တွေ၊ ရှေးခေတ်ကသီချင်းတွေပြန်ဆို ပြန်ရိုက်နေကြတာ အဲဒီရှေးခေတ် သရုပ်ဆောင်တွေ ရှေးခေတ်အဆိုတော် တွေကို အကြောင်းကြားရလို့လား”

“အဲ . . . ဒါ ဒါ ကတော့”

“အေးလေ . . . သူတို့တောင် ဒီလိုပဲပြန်ရိုက်၊ ပြန်ဆိုနေကြတာပဲ . . . ကျုပ်လည်းပြန်ရေးတဲ့ဥစ္စာပဲ ဘယ်သူ့ကို အကြောင်းကြားရမှာလဲ”

“မဖြစ်ဘူးနော် မောင်စိန်အုံး”

“ဖြစ်တယ်လေ . . . ဟောဒီမှာ ကျုပ်ပြန်ရေးထားတာတွေ ခင်ဗျားကြီးမမြင်ဘူးလား . . . ကျုပ်လက်ရေးမှ ကျုပ်လက်ရေးစစ်စစ်၊ ကျုပ်ပြန်ရေးတာမဟုတ်ဘူးလို့ သူများငြင်းမှာစိုးလို့ မိန်းမကိုတောင် ပေးမရေး ထားဘူး . . . ကဲ . . . ပြောနေကြာတယ်ဗျာ . . . အဘတို့လို သက်ကြီးတွေနဲ့ စကားပြောရတာမကောင်းပါဘူး . . . ဒီစာအုပ်တွေ ထုတ်ဖို့သွားလုပ်ရဦးမယ်”

“ဟ မင်း ဒီလို ပြန်ရေး၊ ပြန်ထုတ်လို့ ဖြစ်မလား စာပေမှာ ဒီလို ပြန်ရေးစာပေမျိုး တစ်ခါမှ မကြားဖူးဘူး”

ကျွန်ုပ်၏စကားကြောင့် စိန်အုံးမျက်လုံးလက်ခနဲဖြစ်သွားပြီး . .

“အဲဒါကြောင့် ပြောတာ အဲဒါကိုပြောနေတာ။ ဒီမြန်မာပြည်မှာ မပေါ်ဘူးသေးတဲ့ စာပေကော်ပီဗျ စာပေကော်ပီ။ ပြန်ရေးစာပေအစ စိန်အုံးက

ဆိုတဲ့ စကားလုံးပေါ်လာဦးမှာ . . .”

ကျွန်ုပ်ကား ဒေါသထွက်လွန်းသဖြင့် အသားတုန်ကာ အသံဗြဲကြီးနှင့်အော်ဟစ်မိချေပြီ . . . စိန်အုံးကလည်းမခံ . . . ဂျင်းဘောင်းဘီစွန်တောင်ဆွဲလျက် . . .

“ဖြစ်တယ်ဗျ ဖြစ်တယ် . . .”

“မဖြစ်ဘူးကွ လုံးဝမဖြစ်နိုင်ဘူး . . . ဖတ် ဖတ် ဖတ်”

ကျွန်ုပ်ကား ဘယ်လက်ဖဝါးပေါ် ညာလက်ခုံနှင့် ရိုက်၍ အော်မိ၏။

စိန်အုံးကလည်း မျက်နှာနီရဲ နှပ်တွဲလွဲဖြင့် သံကုန်ပြန်အော်၏။

“မဖြစ်သေးတာပဲရှိတယ် . . . မဖြစ်နိုင်တာမရှိဘူး ဖြစ်တယ် ဖြစ်တယ် ဖြစ်တယ် . . .”

“မဖြစ်ဘူး မဖြစ်ဘူး မဖြစ်ဘူး . . . မဖြစ်ဘူး . . . ကိုင်းငါတစ်ခွန်းသာတယ် မဖြစ်တော့ဘူးကွ . . .”

“ဖြစ်တယ် ဖြစ်တယ် ဖြစ်တယ် ဖြစ်တယ် ဖြစ်တယ် ဖြစ်တယ် ကိုင်း ဘာတတ်နိုင်သေးလဲ ခင်ညားကြီး”

“မဖြစ်ဘူး ၁၀၀ ကွ . . . ကိုင်းဘယ့်နှယ်ရှိစ . . .”

“ဖြစ်တယ် ၁၀၀၀ ဗျ . . . မှတ်လော့ ဘကြီး . . .”

“မဖြစ် ၁၀၀၀၀၀ . . . . မှတ်ကရော့ ညီလေး”

“ဖြစ် ၁၀၀၀၀၀၀ . . .”

“မဖြစ် ၁၀၀၀၀၀၀၀၀ . . .”

ကျွန်ုပ်တို့ကား အသည်းနာနာ အကဲပါပါနှင့် ပဝါမကူ ရေမရှူ စတမ်း အော်ဟစ်ငြင်းခုန်နေကြသည်။ နှစ်ဦးစလုံးမှာ မျက်ရည်လည်ရွဲ နှပ်တွဲလွဲလည်းဖြစ်နေကြပြီ . . . ငြင်းရလွန်းသဖြင့် မျက်နှာများကပင်ဖေါသွပ်သွပ်ဖြစ်ကာ မျက်စိများလည်း ပယ်နေကြပြီ . . . နားလည်မှုကားမရကြသေး

လေနီရိုင်းကား တော်ရာသွား၍ ဗြုတ်ဗြုတ်ဗြုန်းနေတော့သကိုး...

❖ ❖ ❖

www.burmeseclassic.com



www.burmeseclassic.com

# မော်ဒန်နဲ့ ဒဏ္ဍဝင်

ကံကြမ္မာဂြိုဟ်စီး၍ ပဲလင်းမြွေသီးကို နဂါးထင်သော အချိန်ကာလဟု ဆိုသော် လွန်အံ့မထင်။

အဘယ်ကြောင့်ဆိုသော် ယခုတလော ကျွန်ုပ်လို သက်ကြီးရွယ်လွန် စာပေသိုက်သမိုင်းကြီးအား ဝါ၊ သဘာ၊ တဏှာ (အဲလေ) ပညာကိုမှ မထောက် သည်အဘိုးကြီးကတော့ အသက်ကြီးပြီ အိုနာသေဘေး ကြုံတော့မယ်။ စာရေးရင် ရှေးရိုးစဉ်အတိုင်းပဲ ရေးတတ်တယ်။ အခုခေတ် ခေတ်စားနေတဲ့ မော်ဒန်၊ ပို့(စ်) မော်ဒန်တွေ ရေးဖို့ဆိုတာ ဝေလာမှဝေဖာ (အဲလေ) ဝေးရော . . . ဘယ်ရေးတတ်မှာလဲ။ ဗဟုနဲ့ သုတမှ မရှိတာ ဟူသော ငါးဈေးသည် ချိန်ခွင်လို တစ်ဖက်စောင်းနင်း ဖောက်ထိုးနှိမ့်ချသောစကားသည် ကျွန်ုပ်၏ အသားနု တူထုခံရသကဲ့သို့ အောင့်တောင့်တောင့် စပ်ဖျဉ်းဖျဉ်း ခံစားရလေသည်။

ထို့ကြောင့် နောင်လာနောက်သားများ အထင်ငယ်မသေးရလေအောင် စင်ကြယ်တဲ့ အတွေးတွေနဲ့ ရေးမဟဲ့ မော်ဒန်ဟု စိတ်ပိုင်းဖြတ်၍ ကျွန်ုပ်၏ အိမ်ရှေ့အရိပ်အာဝါသ ကောင်းမွန်သော ကုက္ကိုပင်ကိုမှီကာ မော်ဒန်အတွေး အက်ပရက်ရှင်နစ်ဇင်စကေးတွေနဲ့ အတွေးနယ်ချဲ့လို့ 'လာဟဲ့ တစ်မော်ဒန် 'ငါဟဲ့ ကိုကိုကြီး' ဟူ၍ ကြုံးဝါး၍ . . .

* * *

ချစ်သူထံမှ ပန်းတစ်ပွင့်ရသောနေ့ဝယ် အိမ်တံခါးအားလုံးကို တွန်း

ဖွင့်မိခဲ့ . . .။ အလို . . .ညပါလား။ ကျွန်တော့်ရဲ့ခေါင်းထဲ ညဆိုတာ ဘာကြောင့် မည်းမှောင်နေသလဲဆိုသည် တိုးဝင်ခဲ့ပြီး ကြယ်စင်များ လင်းလက်နေသည်ကို မကျေမနပ်ဖြစ်ခဲ့။ ဒါကို သဘာဝလို့ ဆိုချင်တာလား။ သဘာဝဆိုသည်မှာ ဘယ်က ဆင်းသက်ခဲ့ပါလဲ။ အာဒံဧဝကလား။ ဒါဝင်ကလား။ ဗြဟ္မာကြီးလေးပါးကလား။ သက်ရှိသက်မဲ့နှင့် မော်လီကျူးကလေးတွေကလား။ ဒါမှမဟုတ် ချစ်သော မြင့်စမ်းရီဆီကလား မဖြစ်နိုင်တာ။

မြင့်စမ်းရီ ငြိမ်းချမ်းစွာ အိပ်စက်ခဲ့တာ ကြာခဲ့ပြီပဲ။ မဖြစ်နိုင်တာ။ သဘာဝတရား ဖောက်ပြန်နေတာ ကြာခဲ့ပြီ။ မဖြစ်နိုင်တာ လေရူးတချို့ အနားယူခဲ့တာ ကြာခဲ့ပြီပဲ။ မဖြစ်နိုင်တာ။

မဖြစ်နိုင်တာ။

"ဟော . . . ကြည့်စမ်း"

"ကိုကြီး ကုက္ကိုကိုင်းကို ကိုင်၊ ကောင်းကင်ကိုကြည့် ကြယ်ကို ကြည့်၊ ကုက္ကိုကိုင်း ကျိုးကျ"

"ကိန်"

"ဟဲ့ . . . ခွေး"

အက်ပရက်ရှင်နစ်ဇင်စကေးနှင့် မော်ဒန်အတွေးနယ်ချဲ့နေသော ကျွန်ုပ်၏ နားနားကပ်လျက် မွဲပြာပြာအသံဆိုးတစ်ခု အနီးကပ်တိုးဝင်လာလေသည်။ ကျွန်ုပ်လည်း အတွေးကောင်းနေတုန်း ဒိန်းဒေါင်းဖျက်သလို ဖြစ်ရချိမ့်တကား။ မကျေမနပ်ဖြင့် လှည့်ကြည့်လိုက်ရာ . . .

စပ်ဖြဲဖြဲ စိန်အုံး။

ကျွန်ုပ်မှာ အနီးသူငယ်ကို မြင်သည်နှင့် စည်ပင်သာယာမှ လမ်းလိုက်ဖာသော အရည်ကျဲကျဲ ကတ္တရာစေးကို ကတ္တီပါဖိနပ်ပါးနှင့် နင်းမိသလို ကပ်စီးစီးနိုင်လှကာ ခွာမရ၊ ကပ်မရနှင့် ဒေါသထွက်ရချိမ့်တကား။

"ဟေ့ကောင် ဘာလာလုပ်ပြန်တာလဲ။မင်းငါ့ဆီမလာ လို့မရဘူးလား"

ဟု မကျေမနပ်ဆိုလိုက်ရာ စိန်အုံးမှ ထုံးစံအတိုင်း ဘူးသီးပုပ်လို ခပ်ရှုံ့ရှုံ့ပြုံးရင်း . . .

"ဟဲ . . . အဘကလည်း ကျွန်တော့်ကို မြင်တာနဲ့ ဒေါသထွက်ဖို့ချည်းပဲ။ ကျွန်တော်က အဘကို မေးစရာ၊ ဆွေးနွေးစရာလေးတွေ ရှိလို့ပါ"

သူ၏ စကားကြောင့် ကျွန်ုပ် ပို၍ စိတ်ညစ်သွားရလေသည်။ ကျွန်ုပ်အား မေးစရာ၊ ဆွေးနွေးစရာရှိပြီဆိုကတည်းက အနီးသူငယ်မဟုတ်တာ

www.burmeseclassic.com

တစ်ခုခုကို ကြံစည်နေပြီဖြစ်ကြောင်း အတပ်သိနေရသဖြင့် . . .

"မင့်မလည်းကွာ။ တိုင်ပင်စရာ တခြားလူ မရှိတော့ဘူးလား။ အားအားရှိ ငါ့ကိုချည်း လာပြီးဒုက္ခပေးနေရတယ်လို့"

ကျွန်ုပ်၏ စကားကို စိန်အုံးမှ ခေါင်းအထုခံထားရသော သေခါနီး ငါးဇင်ရိုင်းလို နှုတ်ခမ်းမွေးထောင်ရုံ ဆတ်ခနဲ ပြုံးပြီး . . .

"အဘနဲ့ တိုင်ပင်မှ ဖြစ်မှာမို့ပေါ့ဗျ။ နောက်ပြီး သိပ်ကောင်းတဲ့ အိုင်ဒီယာမို့ အဘနဲ့ တိုင်ပင်ချင်တာ"

သူ၏စကားကို ကြားသော် ကျွန်ုပ်ပို၍ စိတ်ညစ်သွားမိသည်။ သူ့ထံတွင် သိပ်ကောင်းတဲ့ အိုင်ဒီယာရှိနေပြီဆိုကတည်းက မဟုတ်တာ တစ်ခုခု လုပ်တော့မည်အမှန်။ ကျွန်ုပ်မှာ တမင်စိုက်စရာ မလိုဘဲ နှုတ်ခမ်းမွေးပေါက် သလို သိရှိနေရချိမ့်တကား။

"တော်ပါကွယ်။ မင်းမှာ သိပ်ကောင်းတဲ့ အိုင်ဒီယာရှိရင်လည်း တခြားလူနဲ့သွားလုပ်ပါ။ ငါနဲ့တော့ လာမပတ်သက်ပါနဲ့"

ကျွန်ုပ်၏ စကားကို စိန်အုံးမှ အလိုမကျသလိုဖြင့် . . .

"အဘနဲ့လည်း မပတ်သက်ပါဘူးဗျ။ တကတဲ အခုဟာက အဘကို မေးရုံ မေးမှာပါ"

ဟုဆိုရာ ကျွန်ုပ်မှာ ကျွန်ုပ်နှင့် မပတ်သက်ပါဘူး ဟူသော စကားကို နှစ်သက်ရချိမ့်တကား ဝမ်းသာအားရဖြင့် . . .

"ကိုင်း . . . မေးစရာရှိတာ မြန်မြန်မေးပြီး ကိုယ့်လမ်းကို ကိုယ် မြန်မြန်လျှောက်ပါကွယ်"

ဟု ဆိုလိုက်ရာ စိန်အုံးမှာ ရှုံ့မဲ့သွားပြီး . . .

"ကိုယ့်လမ်းကိုယ်လျှောက်မှာပါ။ အခု ကျွန်တော် မေးချင်တာက ပြီးခဲ့တဲ့ တစ်ခေါက်တုန်းက ကျွန်တော် ဝတ္ထုအဟောင်းတွေ ပြန်ထုတ်တော့ တရားအစွဲခံရတာ မှတ်မိသေးလား"

"ဟ . . . မှတ်မိတာပ။ မောင်ရင်က မြန်မာဝတ္ထုတွေကို မြန်မာလို ကော်ပီပြန်လုပ်တော့ တရားအစွဲခံရတာတောင် နည်းသေး"

ကျွန်ုပ်၏စကားကို စိန်အုံးမှ ပို၍ရှုံ့မဲ့လိုက်ပြီး . . .

"မှတ်မိရင် ပြီးတာပါပဲဗျာ။ တခြားအပိုတွေ လျှောက်ပြောမနေနဲ့။ အဲ . . . အခု ကျွန်တော် အဲသည်လိုဝတ္ထုအဟောင်းတွေကို သုံးသပ်ချက် တို့ ဝေဖန်ရေးတို့ ရေးရင်ရော တရားအစွဲခံရဖို့ရှိလား"

သူ၏ စကားကြောင့် ကျွန်ုပ်စဉ်းစားစရာဖြစ်သွား၏။ သူ ဘာ

သဘောနှင့် မေးသနည်း။ မဟုတ်တာ တစ်ခုခု လုပ်ဖို့လား။ သုံးသပ်ချက်တို့ ဝေဖန်ရေးတို့ ရေးမည်ဆိုပါက မဟုတ်တာတော့ လုပ်၍မရ။

ထို့ကြောင့် . . .

"သုံးသပ်ချက်တို့ ဝေဖန်ချက်တို့ ရေးဆို ရေးလို့ရတာပ။ နို့ မောင်ရင်က ဘယ်မဂ္ဂဇင်းမှာ ရေးမလို့လဲ"

ကျွန်ုပ်၏ စကားကိုကြားသည်နှင့် စိန်အုံး၏မျက်နှာမှာ တိမ်ကင်းလလို ဝင်းပသွားပြီး . . .

"အိုင်ဒီယာပဲလေ . . . အိုင်ဒီယာပဲ။ အိုင်ဒီယာရှိရင် မဂ္ဂဇင်းတို့ ဂျာနယ်တို့မှာ အပင်ပန်းခံပြီး ရေးနေစရာမလိုဘူး။ သိတယ်မဟုတ်လား... စိန်အုံးလေ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်မှာ မျက်လုံးပြူးရလောက်အောင် အံ့အားသင့်သွားရပြီး . . .

"ဟဲ့ . . . ဒါဆို မင်းက ဝေဖန်ရေးတို့ သုံးသပ်ချက်တို့ကို ဘယ်လိုလုပ်မှာလဲ"

ဟူ၍ သိချင်ဇောနှင့် အလောတကြီးမေးလိုက်ရာ စိန်အုံးမှ ဦးမင်းကျော် ပုလင်းမြင်သလို ဟန်ပါပါပြုံးပြီး . . .

"စောင့်ကြည့်လေ။ မကြာခင် သိရမယ်"

ဆိုပြီး ကော့ပက်ကော့ပက်နှင့် ထွက်ခွာသွားချေတော့သည်တမုံ့။

* * *

ဤသို့ဖြင့် အနီလူရုပ် စိန်အုံးမှာ တော်ရုံနှင့် ပြန်ပေါ်မလာတော့။ ကျွန်ုပ်လည်း အနီသူငယ်မလာလေ ကိုယ်စိတ်နှစ်ပါး ပို၍ ကျန်းမာချမ်းသာရချိမ့်တကား မပြီးနိုင်မစီးနိုင်သော ကျွန်ုပ်၏ မော်ဒန်ဝတ္ထုတိုကို ထပ်မံရေးသားရလေသည်။

အပြောလွယ်သလောက် ပေါက်ကရအရေးခက်လှသော အနီမော်ဒန်ဝတ္ထုတို့ကို လွန်စွာပေါက်ကရ အရေးသန်သော ကျွန်ုပ်ပင် ပေါက်ကရချင်း အတူတူ လမ်း(လိုင်း) မတူသဖြင့် လွန်စွာ အခက်အခဲတွေ့ရလေသည်။

သို့သော် နောင်လာနောက်သားများ အထင်မသေးရစေရန် ပေါက်ကရ မည်၍ ပေါက်ကရဟု မပြောသာသော အနီမော်ဒန်ဝတ္ထုကို ဆက်လက်ရေးသားရချေတော့၏။

* * *

မဖြစ်နိုင်တာ။

www.burmeseclassic.com

ဟော . . . ကြည့်စမ်း။

ဟောဟိုက နေမင်း ပူပြင်းလွန်းလို့ ထီးဆောင်းသတဲ့။ အေးချမ်းလွန်းတဲ့လမင်း အအေးမိမှာစိုးလို့ တိမ်ဝတ်လွှာရုံ လွှမ်းခြုံလို့ ဘယ်သူမှ မမြင်အောင် အိပ်စက်နေသတဲ့။ အဲသည်လိုနဲ့ . . .

အဲဒီနေ့ အဲဒီညမှာ နေနဲ့လ နှစ်ပါးစလုံးကို တစ်ပြိုင်တည်း ကွယ် ပျောက်သွားလေရဲ့။

ဒါကို သဘာဝတရားက ဖောက်ပြန်တယ်လို့ ဆိုချင်တာလား မြင့်စမ်းရီ။ မဖြစ်နိုင်တာ . . .။

လူတွေရဲ့ ပညတ်ချက်တွေနဲ့ နေရရှာတဲ့ သူတို့အမှားအယွင်း အမြကင်းအောင် နေနိုင်မတဲ့လား။ ဘာမှ ပြန်ပြောခွင့်မသာတဲ့ သူတို့ခမျာ ကြိတ်မှိတ်ငိုချ။ အဲသည် ညမှာ ကြယ်ကြွေတွေ တွေ့ရသတဲ့။

"ဟော . . . ကြည့်စမ်း"

"ကိုကိုကြီး ကွင်းကြီးကိုကျော် ကောင်းကင်က ကြယ်ကိုကြည့် ကော့ကော်ကံကားကွေးကွေးက ကြမ်းကျွတ်ကျွတ် ကျိုးကျ ကိန်…ကိန်"

"ဟဲ့ . . . ခွေး"

မော်ဒန်အရေးနှင့် အတွေးကောင်းနေသော ကျွန်ုပ် နားနားကပ်လျက် မထင်မှတ်သော အသံဆိုးကြောင့် ကျွန်ုပ်မှာ လန့်ဖျပ်သွားရပြီး မကျေမနပ်နှင့် လှည့်ကြည့်လိုက်ရာ . . .

"ပြီတီတီ စိန်အုံး"

ကျွန်ုပ်လည်း အနီးသူငယ်ကို မြင်သော် လွန်စွာ စိတ်ရှုပ်ရချိမ့် တကား . . .

"ဘာလာလုပ်ပြန်တာလဲကွာ။ မလာပါနဲ့လို့ တောင်းပန်တာလည်း မရပါလား"

ဟု မကျေမနပ်ဆိုလိုက်ရာ စိန်အုံးမှ သူ၏ မူပိုင်အပြုံးဖြစ်သော ကျောက်ပျဉ်နှင့် အဖိခံထားသော ဖားဂုံညင်းလို ခပ်ရှုံ့ရှုံ့ပြုံးရင်း . . .

"အလုပ်ရှိလို့ပေါ့ဗျ။ တကတဲ ဘယ်သူမှ အားအားနဲ့မှ ယားယား ဒီလို ရုပ်ရွဲ့ရည်မကျိုကြီးကို အလုကြည့်ဖို့ လာချင်မှာလဲ"

"အောင်မာ . . . ငါ့ဆီကိုလည်းလာသေး။ ငါ့ကိုလည်း မှိုချိုးနဲ့မှ မျှစ်ချိုးပြောသေး။ မင်းနဲ့ ငါက ဘာလုပ်စရာများ ရှိလို့တုံး"

ကျွန်ုပ်၏ ခပ်ဆတ်ဆတ်အမေးကို စိန်အုံးမှ အပြုံးမပျက်ဘဲ

"ရှိတယ်လေ။ ပြီးခဲ့တဲ့အခေါက်တုန်းက အဘကို ဝတ္ထုအဟောင်း

တွေကို သုံးသပ်ချက်တို့ ဝေဖန်ရေးတို့ရေးမယ်ဆိုတာလေ အဲဒါ ကျွန်တော် လာပြတာ"

ဟု ဆိုလိုက်ရာ ကျွန်ုပ်မှာ သူပြောခဲ့သည်ကို ပြန်အမှတ်ရမိပြီး...

"ဟဲ့...မင်းကဝေဖန်ရေးတို့ သုံးသပ်ချက်တို့ကို ဘယ်မဂ္ဂဇင်း၊ ဂျာနယ်တွေမှာ ရေးခဲ့လို့လဲ"

ကျွန်ုပ်၏အမေးကို စိန်အုံးမှာ ကြာဟန်ပါပါဖြင့် ပြုံးပြုံးပြီး...

"မဂ္ဂဇင်း၊ ဂျာနယ်ရေးတဲ့အဆင့်လား။ စိန်အုံးတို့က မရေးရင်လည်းအရှင်းပဲ။ ရေးရင်လည်း လုံးချင်းပဲ"

သူ၏ စကားကြောင့် ကျွန်ုပ်ပို၍ မျက်လုံးပြူးသွားရပြီး . . .

"လုံးချင်း ဟုတ်လား"

ကျွန်ုပ်၏ အမေးကိုစိန်အုံးမှ အားတက်သရောဖြင့် . . .

"ဟုတ်တယ်လေ။ လုံးချင်း ရော့ဒီမှာကြည့် ကျွန်တော် ပြန်သုံးသပ်ထားတဲ့ လုံးချင်းဝတ္ထု"

ဟု ဆို၍ ကျွန်ုပ်၏လက်ထဲ စာအုပ်တစ်အုပ် ထိုးထည့်ပေး၍ ကျွန်ုပ်လည်း ယူကြည့်လိုက်ရာ စာအုပ်မျက်နှာဖုံးတွင် ရေးထားသည်မှာ...

"ဒေါ်နယ်စိန်အုံး ပြန်လည်သုံးသပ်သည့် နှလုံးသားထဲမှ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ"

ဟူ၍ ဖြစ်ပြီး အတွင်း၌ ရေးသားထားသည်မှာ . . .

"ဝတ္ထုရှည်တစ်ပုဒ် ရေးသားရသည်မှာ လွယ်ကူလှသည် မဟုတ်။ ဇာတ်လမ်း၊ ဇာတ်ကွက်ကောင်းမွန်မှသာ ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်မည်။ မယုံလျှင် ဂျာနယ်ကျော်မမလေးရေးသားသည့် မုန်း၍မဟူ ဝတ္ထုကိုရှု"

ဟုဆိုပြီး ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူ ဝတ္ထုတစ်ပုဒ်လုံးကို ၏သည်မှပင် မပြင်ဘဲ သည်အတိုင်း ပြန်ထည့်ထားပြီး 'မုန်း၍မဟူ' ဇာတ်လမ်း ဆုံးမှ . . .

'ကိုင်း . . . ဝတ္ထုရေးသည်မှာ မလွယ်ကူကြောင်း တွေ့ပြီမဟုတ်လား"

'ဒေါ်နယ်စိန်အုံး ပြန်လည်သုံးသပ်တင်ပြသည်'

ဟူ၍ သူ၏လက်မှတ်ရေးထိုးထားလေသည်။ သူ၏စာအုပ်ကို မြင်မှ ကျွန်ုပ် ပို၍ မျက်လုံးပြူးရပေပြီ။

"ဟဲ့ . . . ဒါ ဂျာနယ်ကျော်မမလေးရဲ့ မုန်း၍မဟူ ဝတ္ထုကြီးပဲ"

ကျွန်ုပ်၏စကားကို စိန်အုံးမှ အားကျမခံ . . .

"ဟုတ်တယ်လေ။ အဲဒီဝတ္ထုကို ကျွန်တော်ပြန်သုံးသပ်ထားတာ။ ဒီမှာ ကျွန်တော် ပြန်လည်သုံးသပ်ထားတဲ့ ဝတ္ထုတွေရှိသေးတယ်။ ကြည့်"

ဟု ဆို၍ နောက်တစ်အုပ် ကျွန်ုပ်လက်ထဲ ထိုးထည့်ပေး၍ ကြည့်လိုက်ရာ . . .

**ဒေါ်နယ်စိန်အုံး ပြန်လည် သုံးသပ်သည့် အသည်းထဲက ဒဂုန်တာရာ၏ 'မေ'**

ဟူ၍ ဖြစ်ပြီး အတွင်းတွင် သူ၏ လက်ရေးနှင့် ရေးထားသည်မှာ–

'ဣတ္ထိယသဘော စောကြောရန် မလွယ်ကူလှပါ။ ထို့ကြောင့် ဣတ္ထိယများကို ဂင်္ဂါမြစ်ဖြင့်သော်လည်းကောင်း၊ ကွေ့ကောက်သောမြစ်များဖြင့်လည်းကောင်း နှိုင်းယှဉ်ပြောဆိုကြကုန်၏။ ထို့ကြောင့် ဣတ္ထိယသဘော အလုံးစုံသိစေရန်အတွက် ဒဂုန်တာရာ၏ 'မေ'ကို ရှု . . .

ဟု ဆို၍ ဒဂုန်တာရာ၏ 'မေ' ဝတ္ထုတစ်ပုဒ်လုံးကို ၏သည်မှပင် မပြင်ဘဲ နဂိုအတိုင်း ပြန်ထည့်ထားပြီး ဝတ္ထုဆုံးမှ . . .

'ကိုင်း . . . တွေ့ပြီ မဟုတ်လား။ ဣတ္ထိသဘောကို စောကြောရန် လွယ်ပါ့မလား'

'ဒေါ်နယ်စိန်အုံး ပြန်လည်သုံးသပ်တင်ပြသည်'

ဟူ၍ လက်မှတ်ရေးထိုးထားပြန်လေသည်။

သူ၏ စာအုပ်များကို ကြည့်ပြီး ကျွန်ုပ်မှာ စကားပင် မပြောနိုင်လောက်အောင်ကိုပင် အံ့အားသင့်သွားရပြီး . . .

"ဟင်...မင်း...မင်း...ဒါ...ဒါမျိုး ဘယ်နှအုပ်လောက်ရှိသလဲ"

ကျွန်ုပ်၏ အမေးကို စိန်အုံးမှ အားတက်သရောဖြင့် . . .

"ရှိသေးတယ်အဘ။ ဒါကနှလုံးသားထဲက ဂျာနယ်ကျော်မမလေး။ ဒါကအသည်းထဲက ဒဂုန်တာရာ။ နောက်ပြီး အဲဒီအောက်က အူမကြီးထဲက ဒဂုန်ရွှေမျှား၊ အဲဒီအောက်ကမှ အူအတက်ထဲက မဟာဆွေ၊ အဲဒီအောက်က ကျောက်ကပ်ထဲက သော်တာဆွေ၊ ပြီးရင် အဲဒီအောက်က ဆီးအိမ်ထဲက အဘကိုကိုကြီး"

ဟု ဆိုလိုက်ရာ ကျွန်ုပ်မှာ ခေါင်းနပန်းကြီးသွားရပြီး . . .

"ဟဲ့ . . . ဟဲ့ ငါက ဆီးအိမ်ထဲမှာဆိုတော့ ငါ့အောက်မှာ ရှိသေးလား"

ကျွန်ုပ်၏ အမေးကို စိန်အုံးမှ ဝမ်းသာအားရ ရင်ခေါင်းသံကြီးဖြင့်...

"ရှိပါသော်ကော အဘရယ်။ ဆီးအိမ်အောက်က ဆရာနန္ဒာ

မိုးကြယ်ရဲ့ ဝတ္ထုတွေ စီစဉ်ထားတယ်။ နာမည်က ကပ် . . .”

သူ၏ စကားကြောင့် ကျွန်ုပ်မှာ အလန့်တကြား အလျင်အမြန် တားလိုက်ရသည်။

“ဟိုး . . . ဟိုး . . . ဆီးအိမ်အောက်ကဆို ငါသဘော ပေါက်ပါပြီကွာ။ ဆရာနန္ဒာမိုးကြယ်ခမျာလည်း မင်းနဲ့တွေ့မှ ခါးအောက်ပိုင်း တစ်ဝိုက်ကကို မတက်ရတော့ဘူး။ ဒါနဲ့ မင်းအဲဒါတွေ ဘာလုပ်ဖို့တုံး”

ကျွန်ုပ်၏ အမေးကို စိန်အုံးမှ မဆိုင်းမတွပင် . . .

“လုံးချင်းထုတ်မှာလေ။ ရေးစာမူတွေကို ပြန်လည်သုံးသပ်ထား တယ်ဆိုပြီး လုံးချင်းထုတ်မှာပေါ့ဗျ”

“ဟဲ့ . . . မင်းဟာ ဘာမှလည်း မသုံးသပ်ထားဘဲနဲ့”

ကျွန်ုပ်၏စကားကို စိန်အုံးမှ မကျေနပ်သလိုဖြင့် . . .

“ဟ . . . သုံးသပ်ထားတာပေါ့ဗျ။ ဟိုမှာ ဝတ္ထုတစ်ပုဒ်ရေးရတာ မလွယ်ကူပါ။ ဣတ္ထိသဘောစောကြောရန် မလွယ်ကူပါတို့ဆိုတာတွေ ကျွန်တော်သုံးသပ်ထားတာတွေ မဟုတ်လို့ ဘယ်ကိုကိုကြီးက ဝင်သုံးသပ်ထား လို့လဲ . . . ကိုင်း . . .”

“ဟေ . . .”

သူ၏အဖြေစကားကြောင့် ကျွန်ုပ်မှာ မည်သို့မည်ပုံ ပြန်လည်ရှင်းပြ ရမည်မှန်း မသိရလောက်အောင်ပင် ဖြစ်သွား၏။ သို့သော် မရှင်းပြပါကလည်း နောင် ပြဿနာတက်မည့် အရေး ကြို့တွေးမိသဖြင့် . . .

“နို့ . . . မောင်ရင်က သူတို့စာမူကို တစ်ပုဒ်လုံး ၏သည်မပြင် ဘဲသည်အတိုင်း ပြန်ထည့်ထားတာကရော”

“ဒါက မူလဝတ္ထုကို ကျောရိုးမပျက် အရသာမပျက် ပြန်ဖတ်စေ ချင်တဲ့ ကျွန်တော့်စေတနာပေါ့ဗျ။ ကျွန်တော် ပြင်လိုက်ရင် အရသာ ပျက်သွား မယ်။ ဒါကြောင့် ဘာမှမပြင်ဘဲ ပြန်ထည့်ထားတာ”

“ဟေ”

သူ၏ စကားကြောင့် ကျွန်ုပ် ရှင်းပြခြင်းငှာ မစွမ်းသာတော့။

“ဒါ . . . ဒါဖြင့် ဒီစာအုပ်တွေ မင်းလုံးချင်းထုတ်မှာပေါ့ ဟုတ်လား”

“အေးလေဗျာ။ စာအုပ်အဟောင်းတွေကို ဝေဖန်ရေးတို့ သုံးသပ်ချက် တို့ဆို ရေးလို့ရတယ်ဆို အဘပဲပြောထားတာ။ အခု ကျွန်တော် သုံးသပ်ချက် ရေးပြီး စာအုပ်ထုတ်ရမှာပေါ့”

"ဟေ"

ကျွန်ုပ်လည်း မည်သို့ ပြောပြရှင်းဆိုရန်အလို့ငှာ မတတ်သာတော့။ ထပ်ရှင်းပြနေလျှင် အမှုက ကျွန်ုပ်ကို လုံးလုံးချည်း ပတ်ပေတော့မည်။ ထို့ကြောင့် . . .

"အေးအေး . . . မင်းအဲသည့်စာအုပ်တွေ ထုတ်မယ်ဆိုလည်း ထုတ်။ ကျွန်ုပ်ကိုတော့ နောင်လာမပတ်သက်နဲ့တော့"

ဟုသာ ဆိုလိုက်ရ၏။ ကျွန်ုပ်၏ စကားကို စိန်အုံးမှ မကျေမနပ်ဖြင့်

"မပတ်သက်ပေါင်ဗျာ။ နောင်တစ်ချိန် ကျွန်တော် ဘက်ဆဲလား စာရေးဆရာကြီးဖြစ်မှ လက်ဆွဲနှုတ်ဆက်ချင်လို့ ဆိုပြီး မျက်နှာချိုလာမသွေးနဲ့"

ဟု ဆို၍ ဆောင့်ဆောင့်ဆောင့်ဆောင့်နှင့် ထွက်ခွာသွားလေတော့၏။

* * *

မကြာပါ။ အနီဝတ္ထုများ (သုံးသပ်ချက်ဟုဆိုသော) အထုတ်ကောင်း၍ စိန်အုံးမှာ ဒုတိယအကြိမ် တရားစွဲခြင်း ခံရပေသည်။ ဤတစ်ကြိမ်တွင် မည်သူက အာမခံလုပ်ပေး၍မည်သို့ဖြစ်နေသည်ကိုကျွန်ုပ်မသိတော့။ ကျွန်ုပ်လည်း အနီသူငယ်နှင့် မပတ်သက်လိုတော့၍ လုံးဝသွားမတွေ့တော့ဘဲ ကျွန်ုပ်၏ မပြီးနိုင်မစီးနိုင်သော မော်ဒန်ဝတ္ထုတို့ကိုသာ သဲသဲမဲမဲ ဆက်ရေးနေမိတော့၏။

အမှန်တော့ ခပ်တည်တည်နှင့် ပေါက်ကရဖြစ်အောင် ရေးရသည့် အလုပ်မှာ လွယ်ကူလှသည်မဟုတ်။ အသေအချာ စဉ်းစားလျှင်လည်း အတွေးက ပေါ်ချင်မှ ပေါ်သည်။ ထို့အပြင် ကျွန်ုပ်တို့လို သက်ကြီးများအဖို့ ယခုခေတ် လူငယ်များလို တွေးရန် ရေးရန်မှာ ပိုခက်လှ၏။ ထို့ကြောင့် ကျွန်ုပ် ရေးလက်စမော်ဒန်ဝတ္ထု လက်စသတ်နိုင်ရန်အတွက် အိမ်ထဲတွင် မြန်မာသတ်ပုံကျမ်းကို ကိုင်ပြီး ပေါက်ပြဲနေသော အိမ်ထရံကာထားသော ဝေါလ်ရှီများကို ကြည့်ရင်း အတွေးနယ်ချဲ့မိ၏။

တစ်ခါတစ်ရံမှာလည်း မလိုအပ်တဲ့ ကိစ္စတွေကို တီထွင်တတ်တဲ့ လူတွေရယ် လေယာဉ်ပျံကြီးတွေ စီးပြီး ဟိုးအနတ္တတံတိုင်းကြီးရဲ့ အပြင်ဘက် ခရီးထွက်တတ်ကြရဲ့။

အဲသည်မှာ ဘာတွေ တွေ့တယ်ထင်သလဲ။

ဂြိုဟ်ပျံတွေလား။ သက်ရှိတွေလား။ ကျမ်းစာအုပ်အဟောင်းတွေလား။ ဒိုင်နိုဆော့ခြေရာတွေလား။ ပီကာဆိုရဲ့ ပန်းချီကားတစ်ချပ်လား။ ချစ်သော မြင့်စမ်းရီရဲ့ အနမ်းတချို့လား။

တစ်ခုမှမဟုတ်။ သူတို့ တွေ့ရှိခဲ့တာ အသုံးမကျတဲ့ နှင်းဆီတစ်ပွင့်။

ဘယ်သူမှ တယုတယစိုက်ပျိုးခြင်းမရှိဘဲ ရှင်သန်နေတဲ့ လှတပတ နှင်းဆီပန်းတစ်ပွင့်။

အဲဒီနှင်းဆီပန်းကလေးဟာ ငိုလား ငိုရဲ့။ ရယ်လား ရယ်ရဲ့။ ပြုံးသလား ပြုံးရဲ့။ ဒါပေမယ့် သူ့ရဲ့အဆိပ်ဆူးတွေကိုတော့ ဘယ်သူမှ မမြင်အောင် လူတွေရဲ့ သွေးကြောထဲမှာ နှစ်မြှုပ်ဝှက်ကွယ်ထားတယ်။

"ဟော . . . ကြည့်စမ်း"

"ကုပ်ကုပ်ကွေးကွေး ကိုကိုကြီး၊ ကတ်ကြေးကို ကိုင်၊ ကျမ်းကြီးကိုကြည့်၊ ကျန်ကျောင်းကို ကြောင်ကြီးက ကိုက်၊ ကိန်...ကိန်...ကိန်"

"ဟဲ့ . . . တလွဲ"

အတွေးကောင်းနေတုန်း ဒိန်းဒေါင်းဖျက်ပြန်ပြီ။ ဘယ်သူရှိဦးမှာတုံး မထီတရီ စိန်အုံး။

စိန်အုံးမှ ကျွန်ုပ်အား ပြုံးဖြီးဖြီးကြည့်၍ . . .

"ဘာတွေများ အတွေးလွန်နေတာတုံး အဘရဲ့။ ကျွန်တော်ရောက်နေတာကြာပြီ။ ကတ်ကြေးတစ်ဖက် သတ်ပုံကျမ်းတစ်ဖက်နဲ့ ကျန်ကျောင်းပုံကြီးကို ကြည့်ပြီး ဘာတွေများ စဉ်းစားနေလဲ"

ဟု မထိတထိ ကလိစကားကြောင့် ကျွန်ုပ်မှာ လွန်စွာ စိတ်ဆိုးရချိမ့်တကား . . .။

"မင်း ဘာလာလုပ်ပြန်ရတာတုံးကွဟေ . . . မင်း ငါ့အိမ်ကို မလာနဲ့လို့ ပြောထားတာ ပြောလို့မရဘူးလား"

ဟု ဒေါသတကြီး ဆိုလိုက်သော်လည်း စိန်အုံးမှ ဂဲ(ခဲ)နှင့် ချော် အပစ်ခံရသော ဘဲ(ဝမ်းဘဲ)လို ထီမထင်ဟန်နှင့် အိမ်ထဲသို့ ဖင်ခါ၍ လျှောက်လှမ်းဝင်ခဲ့ပြီး . . .။

"အလုပ်ရှိလို့ပေါ့ဗျ။ အလုပ်မရှိလို့ကတော့ အားအားနဲ့မှယားယား အဘတို့လို သက်ကြီးရွယ်လွန် အဘိုးအိုဆီကို ဘယ်သူကမှ အလုကြည့်ဖို့ မလာချင်ပေါင်"

သူ၏ စကားကြောင့် ကျွန်ုပ်၏ အူနုတူထုသလို အခံရခက်စွာဖြင့်...

"အေး. . .ကျွန်ုပ်ကလည်း မောင်ရင့်လို မျက်နှာမွဲ ကျွဲပြဲစီးလာသလို ရုပ်မျိုးနဲ့ မပတ်သက်ချင်လို့ကို ပြောနေတာ။ မောင်ရင် မြန်မြန်ပြန်ရင် ကောင်းမယ်"

ကျွန်ုပ်၏ ဒေါသတကြီးစကားကို စိန်အုံးမှ အပြုံးမပျက်ဘဲ...

"ကိစ္စပြီးရင် ပြန်မှာပေါ့ဗျ။ ဒီလို ငရဲမီးလို ကျောက်မီးသွေးလို

www.burmeseclassic.com

ပူတဲ့အိမ်မျိုး ဘယ်သူမှ ကြာရှည်မနေပေါင်ဗျာ”

သူ၏ စကားကြောင့် ကျွန်ုပ်မှာ ပို၍ စိတ်ညစ်သွားရ၏။ သူ့ကို သည်ပုံစံအတိုင်း နှင်နေလျှင် မည်သို့မျှ ထွက်သွားစရာ အကြောင်း မမြင်သဖြင့် . . .

“ဘာကိစ္စလဲ။ မြန်မြန်ပြော မြန်မြန်ပြန်ကွာ။ ငါ ဒီမှာ အလုပ်တွေ ရှိသေးတယ်”

ဟု ဆိုလိုက်ရာ စိန်အုံးမှာ ယခုမှ အလိုကျသလိုဖြင့် မနဲလေး ဘဲဥနှင်သလို မခို့တရို့ပြုံးပြီး . . .

“ဒီလို အဘရဲ့။ တလောက ကျွန်တော်စာအုပ်ထုတ်တဲ့ အကြောင်း အဘသိမှာပေါ့။ ကိုယ်နဲ့ပဲ ကံမစပ်လို့လား မသိဘူး။ တစ်ခုမှ အဆင်မပြေဘူးဗျာ။ ဟိုလူက တရားစွဲလိုက်၊ သည်လူက အမှုလုပ်လိုက်နဲ့ နာမည်ပျက်တာသာ အဖတ်တင်တယ်”

“ဟ . . . ဖြစ်မှာပေါ့။ မောင်ရင် လုပ်တာကရော ဟုတ်လို့လား။ သူများ ဝတ္ထုတစ်ပုဒ်လုံး ပြန်ကူးရေး သူများဝတ္ထုတွေ တစ်လုံးမှလည်း မပြင်၊ စာမူခလည်းမပေးဘဲ ပြန်ထည့်လိုထည့်နဲ့ တရားအစွဲခံရတာတောင် နည်းသေး။ အမှန်ဆို မောင်ရင့်လိုလူမျိုး တစ်ခါတည်း ကြိုးမိန့်ချ၊ သေရင် ဝိညာဉ်ကိုပါ တစ်ခါ လျှပ်စစ်ကုလားထိုင်နဲ့ သတ်၊ ပြီးရင် အဲဒီဝိညာဉ် အသေကို တစ်သက်တစ်ကျွန်းပို့၊ ကျွန်းပေါ်မှာ မောင်ရင့်ဝိညာဉ်အသေရဲ့ စာရေးတဲ့လက်ကို ကျောက်ထုခိုင်း၊ ကျောက်ထုခိုင်းလို့ မရရင် ကြာပွတ်နဲ့ ရိုက်၊ ဓားနဲ့ နုတ်နုတ်စင်း၊ ဟင်းအိုးထဲထည့် မဆလာနဲ့ နယ်ပြီး ချက်၊ ကျက်တော့မှ အားလုံး ပုရွက်ဆိတ်စာ ချကျွေးလိုက်သင့်တယ်”

ကျွန်ုပ်၏ စကားကြောင့် စိန်အုံး၏ မျက်နှာမှာ ကတ္တရာပုံး မှောက်သလို မည်းနက်သွားပြီး . . .

“အဲသည်လို မေတ္တာမဲ့တဲ့စကား မပြောပါနဲ့”

“မေတ္တာကို တုံးနေတာကွ”

ကျွန်ုပ်လည်း အကွက်ဆိုက်တုန်း ခပ်နိုမ်နိုမ် ဖိပြောလိုက်လေသည်။ သို့သော် ငါးဖယ်ထက်ပင် ခေါင်းမာလှသော အနီသကောင့်သားမှာ ချက်ချင်းမျက်နှာကို ပြုံးဖြီးဖြီးလုပ်ပြီး . . .

“အခု ကျွန်တော် အဲသည့် စာရေးတဲ့အလုပ် မလုပ်တော့ပါဘူး။ ကိုယ်ပိုင်တဲ့ ရုပ်ရှင်၊ ဗီဒီယိုပဲ ပြန်ရိုက်တော့မလို့။ အဲဒါ အဘကို အကူအညီ လာတောင်းတာ”

"ဟေ . . . ဘာရှုပ်ဦးမှာတုံး"

ကျွန်ုပ်၏ စကားကို စိန်အုံးမှ မခို့တရို့ပြုံးပြီး . . .

"မရှုပ်ပါဘူး အဘရဲ့။ အခု ကျွန်တော် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေ ပြန်ရိုက်ဖို့ အဘဆီမှာ အကူအညီလာတောင်းတာပါ"

သူ၏ အဘဆီက အကူအညီလာတောင်းတာပါ ဟူသော စကား တစ်ခွန်းသည် ကျွန်ုပ်၏ ဦးနှောက်ထဲ သပွတ်အူအထွေးလိုက် ပစ်ထည့်လိုက် သလို စိတ်ရှုပ်ရချိမ့်၏။ အဘယ့်ကြောင့်ဆိုသော် သူရိုက်သော ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကားများတွင် မနေနိုင်မထိုင်နိုင် ဝင်ပါမိ၍ ခံခဲ့ရသည့် အကြိမ်ပေါင်း ကလည်း မနည်းလှတော့။ ထို့ကြောင့် တစ်ခါရောဂါဖြစ်ဖူး အထူးကုဖိုး နားလည်နေသော ကျွန်ုပ်မှ . . .

"ဘာလဲ . . . မင်းဇာတ်ကားတွေမှာ မင်းသား ဒါမှမဟုတ် လူကြမ်း ဒါမှမဟုတ် ဇာတ်ပို့ဇာတ်ရံအနေနဲ့ ဝင်ပါခိုင်းဦးမလို့လား။ တော်ပါ ကွာ. . .ငါ့ဘာသာ ငါထမင်းကြမ်းခဲကလေးပဲ ပန်ကာတပ်စားပါရစေ။ မင်းဇာတ်ရှုပ်ထဲတော့ မပါပါရစေနဲ့"

ကျွန်ုပ်၏ အကြောက်အကန် ငြင်းဆန်သော စကားကို စိန်အုံးမှ ထီမထင်ဟန်ဖြင့် . . .

"သရုပ်ဆောင် မလုပ်ခိုင်းပါဘူးဗျာ။ အဘတို့လို ပါးရည်တွန့်ရွဲ့ စပ်ဖြဲဖြဲနဲ့ ဆံပင်အဖြူရောင်၊ မျက်လုံးကြောင်၊ အမောင်တောင်မှန်း မြောက်မှန်း မသိတဲ့ လူကို သရုပ်ဆောင် မလုပ်ခိုင်းတော့ပါဘူး။ အခုဟာက အဘကို ဇာတ်လမ်းလေးတင် ရေးခိုင်းမှာပါ"

"အောင်မာ . . . အသားက နက်ပြာပြာ၊ မျက်နှာက သေး၊ နှုတ်ခမ်းငယ်ထူရွဲရွဲနဲ့၊ မေးစေ့အောက် နှုတ်ခမ်းမွေးပေါက်လို့ ငါးခူခြောက် ထက်မည်း . . . မွဲတဲ့ ငပွေးကများ ငါ့ကို ဘာဇာတ်ရေးခိုင်းမှာတုံး"

ကျွန်ုပ်၏ ဆတ်ဆတ်အထိမခံစကားကို စိန်အုံးမှလည်း အားကျမခံ . . .

"ပြောင်းတိုတစ်ဖက်၊ ပြောင်းရှည်တစ်လက်နဲ့ ကျိုက်ထီးရိုး သေနတ်ကိုင်ကာစွဲ၊ အဖော်မမှန် မလျော်ကန်သည့်အရေးကြောင့်၊ ဂျပန်တစ် လှည့်၊ အင်္ဂလိပ်တစ်ပြန်၊ သူကြီးတစ်ဖုံ၊ ဓားပြတစ်နည်း၊ နိုင့်ထက်စီးနင်း လုပ်သူတွေကို ဘယ်တော့မှ လွတ်လပ်ရေး မရတဲ့ ဟိုမင်းသားလို အပြုတ်နှံ တော်လှန်ပေးမယ့် တော်လှန်ရေးဇာတ်ကလေး လိုချင်လို့ပါ အဘ"

သူ၏ စကားကို ကျွန်ုပ်မှလည်း မဆိုင်းမတွပင် . . .

www.burmeseclassic.com

"ဒါလေးများကွာ။ ပထမပိုင်း မင်းသားရှုံးလို့ နောက်ပိုင်း မင်းသားနိုင်။ စတိုင်လ်အတွက် လောင်းကုတ်ဝတ်။ လုံးဝမချွတ်ရမှာက ဦးထုပ်စုတ်နော်။ ဇာတ်ရှုပ်ချင်တော့ လူဆိုးဖြစ်၊ အပြစ်မမြင်တာက မင်းသမီး ကွမ်းတောင်ကိုင်၊ အပိုင်ကြံချင်တာက သူကြီးသားက အရီးများထံ အပူကပ်၊ လူပြတ်တော့ မူးဟန်နဲ့ တောကြီးကြား တစ်ခါကြံ၊ ပြုံးဖြီးဖြီး ကြာကူလီဟန်နဲ့ သူ (လူကြမ်း) ပြောရမှာက . . .

"ညီမလေးကို အစ်ကိုကြီးက အတည်ကြံတာပါ"

"လွှတ်နော်။ နင်မယုတ်မာနဲ့။ အဟင့်...ဟင့်...ဟင့်"

"တောက်"

အကြံပက်စက် မုန့်ပျားသလက်လောက်မှ ဓားက်မနက်၊ ကိုယ့်အမျိုးသားအချင်းချင်း မကြံကောင်း မစည်အပ်၊ ကြံရက်လေခြင်းဆိုပြီး မာန်တက်ကာ မင်းသားကြိမ်း . . .

"ငါသေရင်တောင် ဥဒါန်းမကျေဘူး ကွ...ကွ...ကွ..." (အက်ကိုးသံ)

ဆိုပြီး အသည်းကွဲသလို ဟန်အပြည့်နဲ့ လှန်မဟော့ တိုက်ပွဲ၊ အလဲလဲအကွဲကွဲ ကျည်ဆန်ကြား လောင်းကုတ်ဖားနဲ့ ပြောင်းတို ပြောင်းရှည်ထုတ်၊ ပြကွက်ကို စတုပ်ပါတ် တွေးမတတ်အောင် အနေးပြ၊ အဆွေးကျတော့ မျက်ရည်သုံး၊ လူကြမ်းရှုံးတော့မှ အကဲပါပါ အသည်းနာနာနဲ့ ပရိသတ်စွဲမက်အောင် ဒီလိုပြောပြီး ဒီလိုပစ်။

"ဒါက အမေ့အတွက် ဒိုင်းဆွှောင့်"(ပြောင်းတို)

"ဒါက ချစ်သူ့အတွက် ဒိုင်းဆွှောင့်" (ပြောင်းရှည်)

"ဒါက တိုင်းပြည်နဲ့လူမျိုးအတွက် ဒိုင်းဆွှောင့် ဒိုင်းဆွှောင့်" (ပြောင်းတို၊ ပြောင်းရှည်)

"ဇာတ်လမ်းဆုံးသော် ရဲတွေရောက်၊ ကွဲလောက်တယ် ထင်ရင် ပေးညား၊ ညားလောက်တယ်ထင်ရင် ကျည်ဆန်မှန်။ (မှတ်ချက်။ အချစ်ဇာတ်လမ်းမဟုတ်၍ မြန်မာဇာတ်လမ်းတို့၏ မူအတိုင်း ကားပေးတိုက်၍ မရသောကြောင့် ကျည်ဆန်သာ ပေးမှန်လိုက်ရပါသည်။ ဤကား စကားချပ်) ဇာတ်သိမ်းမှာ ကျီစယ်ဟန်ပြကွက် ပြန်သုံးလို့ မလျော်မကန် ရေးအပ်သည့် ကိုကိုကြီးရဲ့ မြန်မာဗီဒီယိုတော်လှန်ရေးဇာတ်"

ကျွန်ုပ်၏ စကားဆုံးသည်နှင့် စိန်အုံးမှ အားရဝမ်းသာဖြင့် . . .

"ဟာ . . . ကောင်းလိုက်တဲ့ တော်လှန်ရေး ဗီဒီယိုဇာတ်လမ်း

ဇာတ်ကွက်ဗျာ။ ဒီဇာတ်လမ်းမျိုးမှ ပရိသတ်အကြိုက်မတွေ့ရင် ဘယ်ဇာတ်လမ်း မျိုးကို ကြိုက်တော့မှာလဲ။ ကြာတယ်ဗျာ။ အခုပဲ ပရိဂျူဆာကို ပြောပြီး ရိုက်တော့မယ်ဗျာ"

ဟု ဆိုပြီး ကုပ်ကွ ကုပ်ကွနှင့် ထွက်ခွာသွားချေတော့သည် တမုံ့။

ဟုတ်ပေ၏။ ထိုဇာတ်ကားနှင့်ပင် စိန်အုံးမှာ နေ့ချင်းညချင်း စူပါ ဒါရိုက်တာ ဖြစ်သွားရလောက်အောင် ပေါက်သွားလေသည်။

ကျွန်ုပ်သည်လည်း ဇာတ်လမ်းရေးခ ဘာခ ညာခမရသော်ငြား လည်း ဘာမှ မဟုတ်သည့် ဇာတ်လမ်းဖြစ်သည့်အပြင် အနှီစိန်အုံး ဤကဲ့သို့ ရက်ရှည်လများ ကျွန်ုပ်အား မပတ်သက်ဘဲနေသည်ကိုပင် စိတ်ချမ်းသာရချိမ့် တကား။ မည်သို့မျှပင်မဆိုဘဲ ဆိတ်ဆိတ်သာနေလိုက်တော့၏။

သို့သော် ကျွန်ုပ်၏ တောင်းဆုမပြည့်ခဲ့ပါ။ ထို တော်လှန်ရေး ဇာတ်ကားထွက်ပြီး သိပ်မကြာခင်မှာပင် စိန်အုံးမှာ ကျွန်ုပ်ထံသို့ ကွကော့ ကွကော့နှင့် ပြန်ရောက်လာပြန်ပေသည်။

ကျွန်ုပ်ကို မြင်သည်နှင့် စိန်အုံးမှာ အသားအစားခံထားရသော ဖရဲသီးစိတ် ရှုံးလောက်အောင် ဟောက်ပက်ပက်ပြုံးပြီး . . .

"ဟာ . . . အဘတွေ့မှ တွေ့ပါမလားလို့ဗျာ။အခန့်သင့်လိုက်လေ"

ကျွန်ုပ်လည်း အနှီသူငယ်ကို သိပ်ရောရောဝင်ဝင် စကားမပြောလို သောကြောင့် . . .

"ဘာကိစ္စလဲ"

ဟု တိုတိုတုတ်တုတ် မေးလိုက်၏။ ကျွန်ုပ်၏အမေးကို စိန်အုံးမှ မထင်မှတ်ဘဲ လူကြားထဲ မိုးမျှော်သီးကိုက်မိသော ဆယ်ကျော်သက် အပျိုမလေး လိုစပ်ဖြဲဖြဲပြုံးပြီး

"အဘရဲ့ တော်လှန်ရေးကား ပေါက်သွားတာ အဘလည်း သိမှာ ပေါ့"

"အဲသည်တော့"

"အဲသည်တော့ . . ."

စိန်အုံးမှ စကားကို မဆက်သေးဘဲ သူ၏ မွဲခြောက်ခြောက် အောက်နှုတ်ခမ်းကို သွားပြာကြီးများဖြင့် ဟန်ပါပါကိုက်လိုက်ပြီးအတန်ကြာမှ

"အဲသည်တော့ အဘဆီက ဇာတ်လမ်းလေးတစ်ပုဒ် ထပ်လိုချင် လို့ပါ"

"ဇာတ်လမ်း နောက်တစ်ပုဒ်"

www.burmeseclassic.com

ကျွန်ုပ်၏ အမေးကို စိန်အုံးမှ အားတက်သရောဖြင့် . . .

"ဟုတ်တယ် အဘ။ ဇာတ်လမ်းလေးတစ်ပုဒ်လောက်ရေးပေးပါဦး။ ဒီတစ်ခါ အချစ်ဖန်စီလေးပေါ့ အဘရယ်"

"အချစ်ဖန်စီ"

"ဟုတ်တယ် အဘ။ အချစ်ဖန်စီ။ လူငယ်ကြိုက်၊ လူကြီးစွဲ၊ အဘိုးကြီး အဘွားကြီး အသည်းကွဲမယ့် ဇာတ်ကလေးရေးပေးပါ"

ဟု ဆိုလာလေသည်။ အမှန်အားဖြင့်ဆိုသော် ဇာတ်လမ်းတစ်ပုဒ်ရေးရန်မှာ လွယ်ကူလှသည့် အလုပ်မဟုတ်။ အချိန်များစွာယူ၍ အကွက်စေ့အောင် ရေးပါသော်မှ ဇာတ်လမ်းကောင်းတစ်ခု ဖြစ်ချင်မှ ဖြစ်ချေမည်။ သို့သော် ကျွန်ုပ်မှာ အနီးသူငယ်ကို အမြင်ကတ်ရချိမ့်တကား လွယ်လွယ်ကူကူပင် ဤသို့ ရေးပေးလိုက်၏။

"ဘုဘောက်ချစ်ကွဲညား"

ကျွန်ုပ်ရေးပေးလိုက်သော စာရွက်ကိုကြည့်၍ စိန်အုံး၏ မျက်နှာသည် အသည်းရောင် အသားဝါရောဂါသည် နနွင်းလူးလိုက်သလို ဝင်းထိန်သွားပြီး အားရဝမ်းသာ ရင်ခေါင်းသံကြီးဖြင့် . . .

"ဒါမှ အချစ်ဖန်စီ.. ဒါမှ အချစ်ဖန်စီဇာတ်... ကောင်းတယ်ဗျာ... ဘာတဲ့ . . . **'ဘုဘောက်ချစ်ကွဲညား'** ကြိုက်ပြီဗျာ။ မြန်မာဇာတ်ကားမဲပြာပုဆိုးလို ချစ်ကြိုက်ကွဲညားဆိုတဲ့ သီအိုရီထဲမှာ ဘုဘောက်နှစ်လုံးထည့်လိုက်တာကိုက အရသာရှိတာ"

"တစ်ခါတည်း ပညာရှင်ကို ဆန်သွားတာပဲဗျာ။ အဘ ရေးပေးလိုက်မှ ကျွန်တော် အများကြီး ဖြန့်ကားစဉ်းစားမိသွားပြီဗျာ။ မင်းသားနဲ့ မင်းသမီး စတွေ့တာနဲ့ တိုက်မိမယ်။ ဘုဘောက်ကျမယ်။ ပြီးရင် ချစ်သွားမယ်။ ချစ်သွားပြီးမှ မကြာခင် မိဘတွေရဲ့ ဇာတ်လမ်းဟောင်းကြောင့် ကွဲသွားကြမယ်။ နောက်ဆုံးကျမှ မိဘတွေ အမြင်မှန်ရပြီး ပေးစားလို့ ညားသွားကြမယ်"

"ကောင်းတယ်ဗျာ။ မင်းသား မင်းသမီးနာမည်ကိုပါ သူများနဲ့မတူ ထူးထူးခြားခြား ဆန်းဆန်းပြားပြားနဲ့ ခေါ်လို့ကောင်းအောင် မင်းသားကိုက အောင်ဘုထောင်၊ မင်းသမီးကိုက ဘောက်ဖတ်မဆိုပြီး ပေးလိုက်မယ်။ ဇာတ်လမ်းနဲ့ အံမဝင်သွားဘူးလား။ ပြောနေကြာတယ်ဗျာ။ အခုပဲ သွားရိုက်လိုက်တော့မယ်"

ဟု ဆို၍ လိန်ကျစ်လိန်ကျစ်နှင့် ဆင်းသွားပြန်လေတော့၏။

မကြာပါ။ ကျွန်ုပ်ရေးပေးလိုက်သော ဘုဘောက်ချစ်ကွဲညား

ဇာတ်လမ်းဖြင့် စိန်အုံး၏ အောင်မြင်မှုသြဇာတိက္ကမမှာ ထိန်းမနိုင် သိမ်းမရ လောက်အောင် ပို၍ ကျော်ကြားသွားလေတော့သည်။ ကျွန်ုပ်သည်လည်း ကျွန်ုပ်ရေးပေးလိုက်သော ဘာမဟုတ် ညာမဟုတ် ဇာတ်လမ်းကို အခြေခံ၍ ရိုက်ကူးရာမှ အောင်မြင်ကျော်ကြားသွားသည်ဆိုတော့ ပီတိသောမနဿ ဖြစ်၍ မဆုံးတော့။ ထို့အပြင် အနီစိန်အုံးမှာလည်း ကျွန်ုပ်၏ ဇာတ်လမ်းများဖြင့် သူအောင်မြင်ကျော်ကြားလာသည်ဆိုတော့ ကျွန်ုပ်နှင့် ကံစပ်သည်ဟု ယူဆ၍ လား။ ကျွန်ုပ်အား ပို၍ ကြည်ညိုလေးစားလာ၍ လားတော့မသိ ကျွန်ုပ်ထံ ထပ်မံရောက်ရှိလာပြန်သည်။

"အဘ ဒီတစ်ခါ ကျွန်တော်ရုပ်ရှင်ရိုက်မှာမို့ ဇာတ်လမ်းကောင်း ကောင်းလေးတစ်ပုဒ် ရေးပေးပါ အဘ"

သူ၏ စကားကြောင့် ကျွန်ုပ် မျက်လုံးပြူးသွားရလေသည်။

ဟေ . . . မင်းက ရုပ်ရှင်ရိုက်မှာ"

ကျွန်ုပ်၏စကားကို စိန်အုံးမှ ပါးဖြဲနားဖြဲ ပြုံးပြီး . . .

"ဟုတ်တယ် အဘ။ ရုပ်ရှင်ရိုက်မှာ။ ဒါကြောင့် ဇာတ်လမ်းကို သူများနဲ့ မတူတဲ့ ဟဲဗီးဒရမ်မာ ဟာသအက်ရှင် ဖန်စီဇာတ်ကြမ်းအလွမ်း ကလေးရေးပေးပါ"

သူ၏ စကားကြောင့် ကျွန်ုပ်ပို၍ အံ့အားသင့်သွားရလေသည်။

"ဘာလဲ ဟဲဗီးဒရမ်မာ ဟာသအက်ရှင်ဖန်စီဇာတ်ကြမ်းအလွမ်း"

ကျွန်ုပ်၏ ကြောင်တောင်တောင် အမေးကို စိန်အုံးမှ မဆိုင်းမတွပင်...

"ဇာတ်လမ်းလေဗျာ...ဇာတ်လမ်း။ ရုပ်ရှင်ကားကြီး ရိုက်မှာဆိုတော့ ရသစုံပါအောင် ဟဲဗီးဒရမ်မာ ဟာသအက်ရှင်ဖန်စီဇာတ်ကြမ်း အလွမ်းဇာတ် ကလေးရေးပေးပါ"

သူ၏ စကားကို ကျွန်ုပ် စဉ်းစားကြည့်၏။ ထိုသို့ ရသစုံပါသည့် ဇာတ်လမ်းမျိုး မည်သို့ကောင်းမည်နည်း။ ဇာတ်ကျောလေးတစ်ခုကိုပင် ထောင့် စေ့အောင် ရေးနိုင်၊ ရိုက်နိုင်ရန်မှာ လွန်စွာ ခက်ခဲလှပေသည်။

ယခုကဲ့သို့ ရသစုံအောင် မည်သူရေးနိုင်မည်နည်း။ သို့သော် ကျွန်ုပ် မှာ အနီသူငယ်ကို ကြည့်မရသူဖြစ်သောကြောင့် ပြီးပြီးရော သဘောမျိုးနှင့် သူပြောသလို ရသစုံပါအောင် ဤသို့ ရေးသားပေးလိုက်လေ၏။

'ဟဲဗီးဒရမ်မာ'

မြေကြီးတွင် အသည်းပုံရေး၍ ထိုအသည်း၏ အလယ်တည့်တည့် တွင် မီးပုံရှို့ပြီး မင်းသားမှ မီးပုံဘေး ဒူးထောက်၍ လေးဖြူ၏ စုန်းမသီချင်း

www.burmeseclassic.com

ကိုဆို။

"ဟာသ"

မင်းသားနှင့် လူရွှင်တော်တစ်စု၊ မင်းသမီးနှင့် အမျိုးသမီးလူရွှင်တော်တစ်စုတို့ ငပလီ သို့မဟုတ် ချောင်းသာကမ်းခြေတစ်ခုခုတွင် ဘီကီနီကို အချိုးမကျစွာ ဝတ်ပြီး စကားများကြသည့်အခန်းကို အော်ကြီးဟစ်ကျယ် ဖြစ်အောင် တစ်ယောက် တစ်ပေါက် ဆူညံစွာ အော်ဟစ်ပုံကို ရိုက်။

"အက်ရှင်"

မင်းသမီးတစ်ယောက်တည်း လမ်းလျှောက်လာတုန်း လူရမ်းကားတစ်စုက နှောင့်ယှက် မင်းသားရောက်လာ။ ထိုးကြ၊ ကြိတ်ကြ၊ ဒဂူညွှန့် ဒဂူညွှန့်။

"ဖန်စီ"

မင်းသားနှင့် မင်းသမီး ချစ်သူဖြစ်သွားကြပြီး ပန်းခြံထဲ လျှောက်ပြေးရင်း သီချင်းဆိုကခုန်စေ။

"ဇာတ်ကြမ်း"

မင်းသမီးကို လူဆိုးများ ပြန်ပေးဆွဲ။ မင်းသားမှ ပြောင်းတို၊ ပြောင်းရှည်ဆွဲပြီးလိုက်။ ပစ်ခတ် ဒိုင်းဒြောင့်၊ ဒိုင်းဒြောင့် . . .။

"အလွမ်း"

ဇာတ်လမ်းအဆုံးတွင် မင်းသားကို ကားတိုက်။ မင်းသမီးကို မြွေကိုက်။ နှစ်ယောက်လုံးသေ။ ဝိညာဉ်ချင်းပေါင်း။

"ပြီးပြီ"

ကျွန်ုပ်၏ဇာတ်လမ်းကိုကြည့် စိန်အုံးမှ . . .

"ဟာ . . . ကောင်းတယ်ဗျာ။ ဒါ ဟဲဗီးဒရမ်မာ ဟာသအက်ရှင် ဇာတ်ကြမ်းအလွမ်းဇာတ် ကြိုက်တယ်ဗျာ။ ဒါမှ ရသ၊ နောက်ပြီး အနှစ်သာရလည်းပြည့် နောက်ဆုံး အလွမ်းနေရာလေးမှာ မြန်မာတွေ ဇာတ်သိမ်းမှာ သုံးနေကျ မညားချင်ရင် ရိုက်နေကျ ကားတိုက်တာအပြင် မင်းသမီး မြွေကိုက်တာလေးပါ ထည့်ထားတာကိုက ထူးခြားတယ်။ ဖြစ်နိုင်ရင် နှစ်ဖက်မိဘတွေကိုပါ မဲပြာပုဆိုးလို ခေါက်ရိုးကျိုး နှလုံးရောဂါပေးမဖြစ်ဘဲ ထူးထူးခြားခြားမိုးကြိုးတစ်ယောက်တစ်လုံးလောက် ပစ်ထည့်လိုက်ရင် ဇာတ်လမ်းက မြိုင်သွားမယ်။ ပြောနေကြာတယ် အခုပဲ သွားရိုက်တော့မယ်"

❖ ❖ ❖

www.burmeseclassic.com



www.burmeseclassic.com

# ကိုယ်ပျောက်စန္ဒာ ပဥ္စလက်တိုက်ကွက်

နှင်းတောထူထပ်သော ထိုတစ်နေ့တွင် နေရောင်ခြည်သည် ကမ္ဘာ အပြင်ဘက်သို့ အလည်လွန်နေတုန်း။ အနွေးဓာတ်ရရန်နှင့် ချစ်သူရင်ငွေ့ကို ခိုလှုံရန် အခွင့်မရှိသော သက်ကြီး (ကျွန်ုပ်) သည် စောင်စုတ်ကိုသာ မှီခို ထွေးလုံ့ရင်း အပျင်းကြောကို 'အင်း' ခနဲ ဆွဲဆန့်လိုက်စဉ်...

'အလို'

ကျွန်ုပ်၏ ခြေထောက်နှင့် စမ်းမိနေသော ဝါးလုံးသေးသေးတစ် လုံး။ ဘယ်နှယ့်ကြောင့် အိမ်ထဲ ဝါးလုံး ရောက်နေပါလိမ့်။

သေချာစေရန် ခြေမနှင့် အသာထပ်စမ်းကြည့်၏။

'ဟယ့်.....အမွေးနဲ့ဟ။ ဝါးလုံးမှာ ဘယ်နှယ့် အမွေးတွေ ထွက် နေပါလိမ့်'

မသင်္ကာသည်နှင့် မှုန်နေသောမျက်လုံးကို အသာဖွင့်ကြည့်လိုက်ရာ

စုတ်ချွန်းချွန်း သဏ္ဍာန်တစ်ခုနှင့် ဖိုးဝရုပ်လေလျှော့ထားသလို သဏ္ဍာန်တစ်ခု။

'လူလော၊ နတ်လော၊ တစ္ဆေလော '

အနီးသဏ္ဍာန်နှစ်ခုကို မှုန်ဝါးဝါးမြင်ရ၍ ကျွန်ုပ်မှာ ရုတ်တရက် ကြောက်လန့် တုန်လှုပ်သွားသော်လည်း မအော်ရဲသေး။ ပိုမို ပီပြင်ရှင်းလင်း

စေရန် ခေါင်းရင်းနားထားသော ကျွန်ုပ်၏ လက်သုံးတော် မှန်ဘီလူးကိုယူ၍ အသာ ချောင်းကြည့်လိုက်ရာ . . .

ကြီးမားသောသွားပြန့်ကားသော မေးရိုး ဟောက်ပက်မျက်လုံးနှင့် လူပိန်တစ်ဦး။

'အလို . . . ပန်းချီကေလတ်'

ခုန ကျွန်ုပ်စမ်းမိသော အမွေးနှင့် ဝါးသည် အမှန်စင်စစ် ဝါးမဟုတ်။ ပန်းချီကေလတ်၏ ခြေသလုံးသာ ဖြစ်ပေမည်။

အမယ် . . . နောက်တစ်ယောက်။

ဘိန်းမုန့်ပုံသဏ္ဍာန် မျက်နှာဝိုင်း၌ နှမ်းစေ့ကပ်ထားသလို မျက်ပေါက်ကျဉ်းကျဉ်း။ (အလို့ . .ရယ်ပြသဟ) ကွမ်းချေးအထပ်ထပ်နှင့် လူတစ်ဦး။

'ဟဲ့ . . . သစ္စာပိုင်စိုး'

ကျွန်ုပ်ရှေ့၌ ဆောင့်ကြောင့်ထိုင်နေသူနှစ်ဦးမှာ နောင်တစ်ခေတ်စာပေလောကကို ဦးဆောင်မည့် ပန်းချီ ကေလတ်နှင့် စာရေးဆရာ သစ္စာပိုင်စိုးတို့ ပင်တည်း။ လက်ထဲတွင်လည်း အထုပ်တစ်ထုပ်စီနှင့် ။

"ဟဲ့ကောင်တွေ ဘာကိစ္စ ရှုပ်ရှုပ်ယှက်ယှက် အစောကြီး ရောက်လာရတာတုံး"

ကျွန်ုပ်၏ အမေးကို သစ္စာပိုင်စိုးမှ မဆိုင်းမတွပင်။

"ဟာ . . . အဘ။ ဒီနေ့ သီတင်းကျွတ် လပြည့်နေ့လေဗျာ "

" ဟဲ့ . . . အဲဒီတော့ ငါက လကိုမပြည့်အောင် လုပ်ပေးရမှာလား "

ကျွန်ုပ်၏ စကားကို ပန်းချီကေလတ်မှ . . .

"သြော် . . . အဘရယ်။ ကျွန်တော်တို့ မြန်မာ့ထုံးတမ်းစဉ်လာရှိတယ် မဟုတ်လား။ ဒီနေ့မှာ သက်ကြားအိုတွေ အရွယ်လွန်တွေ၊ တစ်သက်လုံး ကြည့်မရတဲ့ ယောက္ခမတွေ ၊ မကောင်းတတ်တဲ့ လူတွေ အားလုံးကို လိုက်ကန်တော့ရတာလေ"

အင်း . . . ပြောပုံကိုက တစ်ခုမှမကောင်း။

"ဟဲ့ . . . အဲသဟာနဲ့ ကျွန်ုပ်နဲ့ ဘာဆိုင်သတုံး။ ကျွန်ုပ်က မင်းတို့ တစ်သက်လုံး ကြည့်မရတဲ့ ယောက္ခမလည်းမဟုတ် "

ကျွန်ုပ်၏ စကားမဆုံးမီ သစ္စာပိုင်စိုးမှ . . .

" မကောင်းတတ်လို့ပေါ့ဗျ . . . မကောင်းတတ်လို့... "

ဤတော့မှ ကျွန်ုပ် ရှင်းသွားရတော့၏။ အနီးတစ်ဦးမှာ ပြောသာ

ပြောရသည်။ ကျွန်ုပ်ကို နှစ်နှစ်လိုလို ဂေါ့ချင် အဲလေ ကန်တော့ချင်ပုံ မရ။ တကယ်မကောင်းတတ်လို့ လာခဲ့ပုံရ၏။ ထိုသို့ မဟုတ်လျှင်လည်း အကြံဆိုးတစ်ခုတော့ ရှိပြီထင်၏။ သို့သော် ကျွန်ုပ်မှာလည်း မည်သူမျှ မဂေါ့စဖူး အဂေါ့ထူးသော ကြောင့် ကျေနပ်ပီတိကြီးစွာဖြင့်။

"ကိုင်းကိုင်း...ဂေါ့ချင်လည်း ဂေါ့ကြဗျား။ ဒါနဲ့ ယူလာတာက"

ပန်းချီကေလတ်မှ သူ့ရှေ့မှ အထုပ်ကို ကိုင်မြှောက်၍......

"ကလေး အနီးလေဗျာ။ တစ်တောင့်ထွာတောင်"

"ဟဲ့. . .ငါနဲ့ ကလေးအနီး ဘာဆိုင်သတုံး။ ငါ့လိုသက်ကြီးလူပျိုစင်ကို မင်း . . . သိက္ခာချတာလား"

ကျွန်ုပ်၏ စိတ်ဆိုးမာန်ဆိုးကို ကေလတ်မှ...

" အို . . . ဟို . . . ဒါ . . . ဒေါသထွက်စရာလား။ ဒီကလေးအနီးသာ အဘခါးမှာစည်းလိုက်ရင် မဟတ္တမဂန္ဒီနဲ့တောင်တူသွားပြီး လူတွေ ပိုကြည်ညိုသွားမှာ။ ကျွန်တော်က ပန်းချီမျက်စိနဲ့ ကြည့်ပြီး ဝယ်လာပေးတာ စေတနာ မစော်ကားနဲ့"

အနီသူငယ်မှာ ကျွန်ုပ်ကို အမှန်တကယ် စေတနာရှိပုံတော့ မရ။ ဤမျှ ချမ်းအေးလှသော ဆောင်းရာသီတွင် နံငယ်ပိုင်း ဝယ်လာပေးသည်ဆိုတော့ ကျွန်ုပ်ကို သေကြောင်းကြံစည်တာသာ ဖြစ်ပေမည်။ သို့သော် သူက အကျိုးသင့် အကြောင်းသင့် ရှင်းပြတော့လည်း ကျွန်ုပ်မှာ လက်သင့်ခံလိုက်ရသည်။ နံငယ်ပိုင်းဝတ်လိုက်လို့ မဟတ္တမဂန္ဒီနှင့် တူသွားလျှင် အကြောင်းမဟုတ်။ တော်ကြာ ဆာရီကြီးဝယ်လာပေးမှ ဆာရီကြီးတခြုံခြုံနှင့် လူအမြင်မသင့်တော် ဖြစ်ရပေမည်။

"ဟဲ့ . . . ဒါနဲ့ သစ္စာပိုင်စိုးကရော ဘာတွေတုံး"

သစ္စာပိုင်စိုးမှ အားတက်သရောဖြင့် . . .

"ဘော်ကြယ်သီးတွေပါ အဘ။ သုံးလုံးတောင်"

"ဟဲ့. . .ဘော်ကြယ်သီးတွေ ငါက ဘာလုပ်ရမှာတုံး။ မင့်. . တခြားဟာနဲ့ ကန်တော့ရင် တော်သေးတာပေါ့ "

သစ္စာပိုင်စိုး၏ မျက်နှာမှာ တစ်ချက်တည်း ညှိုးရော်သွား၏။ ပြီးမှ သက်ပြင်းကို ခပ်မှျင်းမျှင်းချပြီး . . .

"ကျွန်တော်လည်း ဒီထက်ကောင်းတာနဲ့ ကန်တော့ချင်ပါတယ် အဘရယ်။ ဒါပေမဲ့ . . ."

သစ္စာပိုင်စိုးမှ စကားကို ထပ်မဆက်သေး၍ ကျွန်ုပ်မှပင်.....

"ဒါပေမယ့်...ဘာဖြစ်တုံး"

သူ.....သက်ပြင်းချ၏။ ပြီးမှ....

"ဒါပေမယ့်.......လမ်းမှာက ဒါပဲ ကောက်ရခဲ့လို့ ဒါလေးပဲ ကန်တော့ရတာပါ။ ဒါထက်ကောင်းတဲ့ ကော်ခွက်စုတ်ကလေး သံပတ်ကား အပျက်ကလေးများ ကောက်ရရင်လည်း ကျွန်တော် ရက်ရက်ရောရော ကန်တော့မလို့ပါပဲ။ ဒါပေမယ့် ကံက မကောင်းချင်တော့.....ရွှတ်"

သဘာဝ ဝတ္ထုများကို ပီပီပြင်ပြင် ရေးသားနေသည့် စာရေးဆရာ ပီပီ ပြောရင်းပြောရင်းနှင့် မျက်ရည်ဝိုင်းလာသည်။ အသံများ တုန်ရီလာသည်။

"ကျွန်တော်လည်း လမ်းတစ်လျှောက် ကျီးကန်းတောင်းမှောက် ရှာပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုက ကံမကောင်းတာ . . . ဟင်း"

"တော်.......တော်ပါပြီကွယ်။ မင်းအပြောနဲ့တင်ငါပါမျက်ရည်ဝိုင်း ရပါပြီ။ မင်းရဲ့ ကျေးဇူးသိတတ်တဲ့ စိတ်ကို ဂုဏ်ပြုသောအားဖြင့် အကျီမရှိတဲ့ အဘရင်ဘတ်မှာ ရာသက်ပန် အပေါက်ဖောက်ပြီး ဆွဲထားပါ့မယ်ကွယ်"

ကျွန်ုပ်တို့ စကားမဆုံးမီ စာရေးဆရာများ ဖြစ်ကြသော ဆရာနန္ဒာ မိုးကြယ်၊ ဆရာမောင်ကျော်သာ(ပဲခူး)၊ ဆရာလက္ခဏာ၊ ကဗျာဆရာမောင်အောင်နီ၊ သတင်းထောက် အောင်မင်း(ဒလ)စသည်တို့အပြင် စာရေး ဆရာမ မန္တလေးခင်၊ ဆရာမ သန်းမြင့်အောင် စသည်ဖြင့် စုံညီစွာရောက်ရှိလာကြလေသည်။ သူတို့နှင့် အတူ ကျွန်ုပ်လက်ခံရရှိသော လက်ဆောင်ပစ္စည်း စာရင်းမှာ....

ဆရာနန္ဒာမိုးကြယ်မှ သူ့မိန်းမဆရာမ သျှက်ပြုး(မြန်မာစာ) မသိ အောင် ဖြုတ်ယူလာသော ထဘီ အထက်ဆင့်တစ်ခု၊ (သူ့အပြောအရ ကျွန်ုပ်၏ ပြတ်လုလု လွယ်အိတ်ကြိုးတွင် တပ်ရန်ဟူ၏) ဆရာမောင်ကျော်သာ (ပဲခူး)မှ သူပန်းထိမ်လုပ်ရာတွင် အသုံးပြု၍ မရတော့သော ဖားဖိုတစ်ခု (ကျွန်ုပ်ပူအိုက်သော အခါ ထိုဖားဖိုကို ခြေနှင့်နင်း၍ လေအေး စက်သဖွယ် အသုံးပြုရန် ဟူ၏)ဆရာ လက္ခဏာမှ ကျွန်ုပ် အိမ်သုတ်ရန်ဟု ဆိုပြီး သူ့ပုံနှိပ် စက်တွင် သုံးမရတော့သော စက်ဆီအဟောင်း တစ်ပုလင်း၊ ကဗျာဆရာ မောင်အောင်နီမှ သူလေဖြတ်ပြီးကတည်းက သုံးလာသော သွားရည်ခံ လက် သုတ်ပဝါ တစ်ထည်၊ ဆရာမ မန္တလေးခင်မှ ကျွန်ုပ်ရေချိုးတိုင်း မွှေးကြိုင် နေစေရန်အတွက် ဆင်ချေးတုံး ဆပ်ပြာတစ်ပိုင်း၊ ဆရာမ သန်းမြင့်အောင် မှလည်း လမ်းထိပ်ကလေးတစ်ဦးဆီက ဗလအားကိုးနှင့် အနိုင်ကျင့်လုလာ သော ငါးကျပ်တန် ဘီစကွတ်မုန့် တစ်ထုပ်၊ (ဒါတောင် သူဖောက်စားလာ သေး၏) စသည်ဖြင့် လက်ဆောင်ပစ္စည်းများ စုံညီစွာဖြင့် ကျွန်ုပ်၏ ဆယ်

www.burmeseclassic.com

ပေပတ်လည် အိမ်မဟာကို အမှိုက်ပုံသဖွယ် တပျော်တပါးပြုလုပ်နေကြတော့၏။

ထို့အပြင် သတင်းထောက် အောင်မင်း (ဒလ) ကလည်း အားကျမခံ သူ၏ အိတ်ထဲမှ စုတ်ပြတ်သတ်နေသော ကင်မရာကို ထုတ်၍…

"အဘကို ရိုက်ချင်လို့ ရိုက်ပေးနေတာ မဟုတ်ဘူး။ ဆရာနန္ဒာမိုးကြယ်ရေးမယ့် 'ကြေကွဲပုံရိပ်တို့ ၊ လွမ်းသူ့ မှတ်တမ်း' တို့ 'သတိရအောက်မေ့' တို့အတွက် ဓာတ်ပုံ စုနေတာ"

ဟု ဆို၍ ဖလင်ပါလား၊ မပါလားမသိ ဓာတ်ပုံကို တဖျတ်ဖျတ်နှင့် ရိုက်နေလေတော့၏။

ဤသို့ဖြင့် အနီအဖွဲ့သားများ ကျွန်ုပ်၏ အိမ်မှ ဆန်များကိုချက်၊ လမ်းထိပ်ကုန်စုံဆိုင်မှ ကျွန်ုပ်နာမည်နှင့် အကြွေးယူကာ တပျော်တပါး ချက်ပြုတ်စားသောက်ကြပြီး ညနေစောင်းလတ်သော် အသီးသီး အလျှိုလျှို ပြန်ကြကုန်၏။

ပြန်သာ ပြန်ကြကုန်၏။ တစ်ယောက်မှ ကျွန်ုပ်ကို မငဲ့ သွားကြ။

မပြန်ဘဲ အသည်းမာမာ ခွဲပါပါ နှင့် ငေါင်းစင်းစင်း ကျန်နေသူ သုံးဦးလည်း ရှိ၏။ ထိုသုံးဦးမှာ ပန်းချီ ကေလတ်၊ ဆရာ နန္ဒာမိုးကြယ်နှင့် ဆရာမ မန္တလေးခင်။

ကျွန်ုပ်တို့လည်း ရောက်တတ်ရာရာ စကားများကို ပြောဆိုနေကြရင်း ပြောစရာလည်းကုန် လွန်စွာလည်း ပျင်းရိလာသောအခါ ကျွန်ုပ်၏ မျက်နှာရိပ် မျက်နှာကဲကို သိသော ဆရာနန္ဒာမိုးကြယ်မှ……

"ရွှင်မြူးတက်ကြွစေတဲ့ ဆေးရည်တစ်မျိုးတော့ လိုပြီထင်တယ်"

အလဲ့……ရွှင်မြူး တက်ကြွစေတဲ့ ဆေးရည်တစ်မျိုးတဲ့

စာရေးဆရာပီပီ အခေါ်အဝေါ်က ညက်ပ။ ကျွန်ုပ်လည်း ယခုပင် လိုရင်း ရောက်တော့သလို ဟန်ပင် မဆောင်နိုင်တော့ဘဲ ဝမ်းခေါင်းသံကြီးနှင့် တစ်ခွန်းသာ ပြန်ပြောလိုက်၏။

"အိမ်း…"

"ဆရာနန္ဒာမိုးကြယ် အမြော်အမြင် အကောင်းဆုံး။ ဒါကြောင့် တက်ကျမ်းတွေ ရေးပြီး အောင်မြင်နေတာ"

ပန်းချီကေလတ်မှ အားတက်သရော ဝင်ရောက်ထောက်ခံသည်။

"ကြုံတုန်း ဒကာခံပါရစေ"

ဆရာမ မန္တလေးခင်၏ စေတနာစကား။

"ကောင်းပေလေ့"

ကျွန်ုပ်၏ မှတ်ချက်။

" ကိုင်း.......ချီတက်ဖို့ "

အကောင်သာ သေးသော်လည်း ဤကိစ္စမျိုးတွင် အင်မတန်လျင်မြန်လှသော ပန်းချီကေလတ်မှ ဦးဆောင်ချီတက်သွားလေတော့၏။

* * *

လမ်းထိပ် စိုးလေးဆိုင်ရောက်ပြီး ရှင်မြူးတက်ကြွစေသော ဆေးရည် အနည်းငယ် မှီဝဲလိုက်သောအခါ ကျွန်ုပ်တို့ စကားဝိုင်းမှာ ပို၍ ရှင်မြူးစိုပြည်လာလေတော့၏။ ဆရာမ မန္တလေးခင် တစ်ဦးသာ မိန်းကလေးပီပီ ရှင်မြူးတက်ကြွစေသော ဆေးရည်ကို မမှီဝဲ၍ အာမလုံး။ သို့သော် နဂိုကတည်းက ပေါက်ပေါက်ဖောက်သလို၊ တရုတ်မီးပန်းလွှတ်သလို စကားပြောနိုင်သောကြောင့် ကျွန်ုပ်တို့ စကားဝိုင်းတွင် ဝင်ဆံ့လေသည်။ ပန်းချီကေလတ်မှာ လည်း ထမင်းမစားရသည်မှာ မည်မျှကြာပြီလဲတော့ မသိ။ နည်းနည်းသောက်လိုက်သည်နှင့် အတော်ကိုမူးနေပြီ ။

ဆရာနန္ဒာမိုးကြယ်မှာလည်း မူးလာလျှင် သူ့ကိုယ်သူ ကောလိပ်ဂျင်နေဝင်းများ ဖြစ်သွားသည် ထင်၍လား မသိ။ စကားပြောလျှင်ပင် ကောလိပ်ဂျင်နေဝင်းစတိုင်အတိုင်း . . .

"ဒီမယ် ဦးဘချစ် ။ ဒါကတော့ ခင်ဗျားတို့ဘက်က အမြင်ကိုးဗျ။ မမူးချင်လို့ကတော့ သောက်ရေအိုးထဲက ရေပဲ ခပ်သောက်နေတော့မှာပေါ့ မဟုတ်ဘူးလား။ အဲဒီတော့ကာ"

စသည်ဖြင့် ကောလိပ်ဂျင်နေဝင်း စတိုင်အတိုင်း မျက်မှန်အပေါ်မှ ကျော်ကြည့်၍ စကားဝိုင်းနှင့်ဆိုင်သည်မသိ၊ မဆိုင်သည်မသိ၊ ကောလိပ်ဂျင်နေဝင်းနှင့် တူရင် ပြီးရောဟု စိတ်ပိုင်းဖြတ်ထားသည်ထင့်။ အဓိပ္ပာယ် ဖော်ရခက်သော စကားများကို နားကြားပြင်းကပ်လောက်အောင် ပြောနေသဖြင့် ကျွန်ုပ်လည်း မနေသာတော့ဘဲ ရုပ်ရှင်မင်းသား ခင်မောင်ရင်စတိုင်ဖမ်း၍

"ဟား...ဟား...ဒီမှာ ရာမ၊ မင်းက ဘိုလုပ်ချင်တယ် မဟုတ်လား။ ဘိုလုပ်ချင်တဲ့ကောင်ဆိုတာ ဟောဒီလို ခွက်ပုံးလေးတော့ ခိုးသောက်တတ်ရတယ်ကွ "

ဟု ဆိုပြီး ရှင်မြူးတက်ကြွစေသော ဆေးရည်ကို တစ်ခွက်ပြီးတစ်ခွက်မော့ယူ သောက်သုံးနေလိုက်လေတော့သည်။

ထိုစဉ် . . .

မထင်မှတ်သော အဖြစ်အပျက်တစ်ခုအတွက် မထင်မှတ်သော လူ

www.burmeseclassic.com

ငါးဦးကျွန်ုပ်တို့ နံဘေးစားပွဲဝိုင်းသို့ ရုတ်ခြည်းဝင်ရောက်လာလေသည်။ ထိုသူများကို မြင်သည်နှင့် ဆိုင်ရှင် စိုးလေးမှာလည်း ပျာပျာသလဲနှင့် အရက်ပုလင်းများ ချပေး၊ အမြည်းပွဲများ ပြင်ပေးနှင့် အလုပ်ရှုပ်သွားလေတော့၏။ ထိုသူများသည် ဤ ရပ်ကွက်အတွင်းမှ လူမိုက်များ ဖြစ်ပုံရ၏။ တစ်ကိုယ်လုံး ဆေးမင်ကြောင်တွေနှင့် ဗလတွေကလည်း အကြီးစားတွေ၊ တစ်ယောက်ဆိုလျှင် မျက်နှာတွင် ကန့်လန့်ဖြတ် ဓားခုတ်ရာကြီးက အထင်းသား။

ထိုသူများ ရောက်လာမှ စောစောက ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောနေကြသော ဝိုင်းများ အလျှိုလျှို ပျောက်ကုန်ကြ၏။

ထိုသူများသည် ရပ်ရည် ကြမ်းတမ်းရသည့်အထဲ ပြောသည့် စကားများမှာလည်း ဘယ်ကောင့်ကို ငါ. . .ဘယ်လိုဆော်ထည့်လိုက်တာ စသည့် လူမိုက် စကားများသာ။

ဆိုင်တွင်း၌လည်း ကျွန်ုပ်တို့ နှစ်ဝိုင်းတည်းသာ ကျန်တော့၏။ ကျွန်ုပ်တို့လည်း ထိုသူတို့၏ စကားများကို ဂရုမစိုက်အားဘဲ စာပေအကြောင်း၊ ရုပ်ရှင်အကြောင်း စိန်အုံးအကြောင်း စသည့်ဖြင့်သာ ငြင်းခုန် ပြောဆိုနေကြလေသည်။

"စိန်အုံးဆိုတဲ့ကောင် အဲသည်လို ကောင်ကွ။ ငါကလည်း ဘယ်ရမလဲကွ"

"အဲဒီတော့ကာ အဘအနေနဲ့ လုပ်ရမှာ တစ်ခုပဲ ရှိတာယ်။ အဲ. . တစ်ခုပဲရှိတော့တယ်။ ဒီမယ် စိန်အုံး . . ."

ကျွန်ုပ်၏ စကားပင်မဆုံး ဆရာနန္ဒာမိုးကြယ်မှ ကောလိပ်ဂျင်နေဝင်းစတိုင်နှင့် ဝင်ပြော၏။ ကေလတ်မှလည်း . . .

" ဟုတ်ရား။ ဒါရို . . . ဒီကောင် မလည်မဆုပ်ပေါ့ "

မည်မျှ မူးနေသည်တော့ မသိ။ ဂျင်ါး. . .အဲလေ. . .စကားပင် မပီတော့။ အာလည်းအတော်လုံးနေပြီ။ ထိုသို့ ဆိုပြီး သူ့အိတ်ကပ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ မီးညှိလိုက်သည်။

ထိုစဉ် မထင်မှတ်သော ကျွန်ုပ်ဘဝ တစ်သက်တာအတွက် ရာဇဝင်တွင်လောက်သော ပြဿနာတစ်ခုကြုံရလေသည်။ အကြောင်းမှာကား. . .

"ဟေ့ကောင်. . .မင်းလက်ထဲက ဆေးလိပ်ပေးစမ်း"

အော်သံတစ်ခု။ ဘေးဝိုင်းမှ လူတစ်စုထဲမှ မျက်နှာတွင် ဓားခုတ်ရာနှင့် လူ၏ မာရေကျောရေနိုင်လှသော အသံ။

ပြဿနာတော့ စပြီ။

"မင်းလက်ထဲက ဆေးလိပ်ကို ပြောတာ။ ပေးစမ်း"

ကေလတ်ကို လက်ညှိုးထိုး၍ ငေါက်သည်။ ရုတ်တရက်တော့ ကျွန်ုပ်တို့ အားလုံးကြောင်သွား၏။ အတန်ကြာမှ ကေလတ်မှ ကျွန်ုပ်ဘက်လှည့်၍ 'ဘယ်လိုလဲ' ဟူသော သဘောဖြင့် မျက်နှာရိပ် မျက်နှာကဲဖြင့် မေးသည်။ ကျွန်ုပ်မှာလည်း ပြဿနာမတက်ရင် ပြီးရောဆိုသော သဘောဖြင့် မေးဆတ်၍ ' ပေးလိုက် ' ဟူသော သဘောဖြင့် ပြန်ဖြေလိုက်သည်။ ဤတွင် ပန်းချီကေလတ်မှာ ကျွန်ုပ် မေးဆတ်ပြသည်ကို မည်သို့သဘောပေါက်သည်မသိ။ ဆေးပေ့ါလိပ်ကို အားရပါးရ နှစ်ဖွာ သုံးဖွာ ရှိုက်၍ ထိုသူများဘက်လှည့်ကာ သူဝတ်ထားသောအကျီကို ဘာမပြောညာမပြောနှင့် 'ဗြဲ' ခနဲနေအောင် ဆွဲဖြဲ ချွတ်ချလိုက်သည် . . .

"ဟာ"

တစ်ဖက်ဝိုင်းမှ လူမိုက်များ အားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြကုန်၏။ မဖြစ် ခံနိုင်ရိုးလား။ အနီ ပန်းချီကေလတ်မှာ ဝါးခြမ်းပြားကဲ့သို့ ပိန်လှီသည့် အပြင် အနုပညာဝါသနာပါသူများ ဝင်ခေါက်ချင်လောက်အောင် ဝါးပတ္တလား စီလွယ်ထားသလို နံရိုးက အပြိုင်းပြိုင်း။

ထို့အပြင် တစ်ဖက် လူမိုက်များ ကြောက်သွားလောက်အောင် ဟန်ရေးပြနေသည်ထင့် ရှိသမျှ ကြွက်သားများကို ညှစ်ထုတ်လိုက်ရာ ကြွက်သားများထွက် မလာဘဲ နံရိုးပြိုင်းပြိုင်းသာ ကိုင်းကန်ထွက်လာ၍ ကျွန်ုပ်ပင် သူ့နံရိုးများ အပြင်သို့ ပေါက်ထွက် ကန်ထွက်လာမည်စိုးပြီး သူ့နံရိုးကြားကို လက်နှစ်ဖက်နှင့် လှမ်းကာ ထားမိ၏။

ကေလတ်ကို အားကျသည်ထင့်။ ဆရာနန္ဒာမိုးကြယ်ကလည်း သူ၏ မှုပိုင်ဝတ်လစ်စလစ်မျက်မှန်ကို ချွတ်ပြီး ကေလတ်နည်းတူ အင်္ကျီကို 'ဗုစ်'ခနဲနေအောင် ဆွဲချွတ်လိုက်ရာ . . .

"ဟင် . . ."

တစ်ဖက်ဝိုင်းမှ လူမိုက်များ အားလုံး မျက်လုံး ပြူးကျယ်သွားကုန်။ လည်ပင်းထက် နီးတစ်ဖျားစာပင် မပိုသော ခန္ဓာကိုယ်ဘေးတွင် အချိုးမကျစွာ ပေါက်နေသော လက်ရှည်နှစ်ချောင်း ခန္ဓာကိုယ်နှင့် မလိုက်ဖက်အောင် ကြီးမားနေသော ဗိုက်အိုးလေး တစ်လုံး။

ထို့ပြင် ကေလတ်ကို အားကျသည်ထင့် ရှိသမျှ ကြွက်သားများ အစွမ်းကုန် ညှစ်ထုတ်လိုက်ရာ.......

"အလို......."

www.burmeseclassic.com

တစ်ဖက်ဝိုင်းမှ လူမိုက်များ အားလုံး အံ့အားသင့်သွား၏။ အကြောင်းမှာ ဆရာနန္ဒာမိုးကြယ်မှ ကြွက်သားများအစွမ်းကုန် ညှစ်ထုတ်လိုက်သော်လည်း ကြွက်သားများ ထွက်မလာဘဲ သူ၏ ရေဖျဉ်းစွဲသလို ဝမ်းဗိုက်ပူပူထဲမှ မြန်မာ အက္ခရာ ဂဏန်းခြောက်ပုံသဏ္ဍာန် အူများသာ အခွေလိုက်အခွေလိုက် ဗိုက်ပေါ်ထင်ကျန်နေသောကြောင့် ဖြစ်၏။

သူတို့နှစ်ဦး ကြည့်၍ ကျွန်ုပ်လည်း မနေသာတော့ ဝင်ထိန်းမှ သင့်တော်တော့မည်ဟု ဆုံးဖြတ်လိုက်ပြီး ဝတ်ထားသော အကျီကို 'ဗျိ' ခနဲနေအောင် ဆွဲဆုတ် ချွတ်ပစ်လိုက်ရာ . . .

"ဟိုက်"

ကျွန်ုပ်ကို ကြည့်ပြီ ထိုသူများ ပိုအံ့အားသင့်သွားလေသည်။ မအံ့ဩ ခံနိုင်ရိုးလား။ ဟိုနှစ်ယောက်ထက် မပိုသော ခန္ဓာကိုယ်နှင့် တွဲကျနေသော အရေပြားများ။

ကျွန်ုပ်လည်း သူတို့နည်းတူ ရှိသမျှ ကြွက်သားများကို ညှစ်ထုတ်ကြည့်သည်။ မရ ။

နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်သည်။ မရ။

ထို့ကြောင့် နောက်ဆုံး မထူးဘူး ညှစ်ထုတ်မရလျှင် ရသည့်အရာသာ ညှစ်ထုတ်မည်ဟု စိတ်ပိုင်းဖြတ်ပြီး ညှစ်ထုတ်လိုက်ရာ . . .

'ဂလုပ် . . .'

"ဟဲ့ . . .ပလုပ်တုတ်"

တစ်ဖက်ဝိုင်းမှ လူများ ဤသို့ အာမေဍိတ်သံ ထွက်သွားလောက်အောင် ကြီးထွားလာသော ကျွန်ုပ်၏ လည်စလုတ်။

ကျွန်ုပ်တို့၏ ဗလာငါးတန် ဖွံ့ထွားပုံကိုကြည့်၍ တစ်ဖက်ဝိုင်းမှ လူမိုက်များ ပါးစပ် ယပ်ကောင်ဝင်ဥရလောက်အောင် အံ့အားသင့်နေသည်။ ကျွန်ုပ်လည်း အခွင့်ကောင်းယူ၍ ဤအချိန်မျိုးတွင် အလစ် အငိုက်ဝင်ပစ်လျှင် ရပြီဆိုသော အတွေးနှင့် ရုတ်တရက်အထ၊ ဆရာမ မန္တလေးခင်မှ ကျွန်ုပ်၏ ပိန်လှီသော လက်နှစ်ဖက်ကို သူ၏ သန်မာသော လက်တစ်ဖက်နှင့် ဖမ်းချုပ်လိုက်ပြီး . . .

"အဘ. . .ဒီလိုပုံစံမျိုးနဲ့ ထချတာထက်စာရင် အရင်ဆုံး ပါးစပ်နဲ့ အနိုင်ယူပြီး ဆုံးမတာ ပိုကောင်းလိမ့်မယ်။ သူတို့ ပိုအံ့ဩသွားအောင် အဘက မျက်နှာ နဲ့ သရုပ်ဆောင်၊ ကျွန်မက လက်နဲ့သရုပ်ဆောင်မယ် "

ဟု တိုးတိုးတိတ်တိတ် တိုင်ပင်လေရာ ထိုအစီအစဉ်မှာ အသား

လည်း မနာ၊ ကျွန်ုပ်တို့လည်း အပေါ်စီးရမည် ဖြစ်၍ လက်ခံလိုက်ပြီး. . .

"ကဲ.....ဒါဖြင့် စမယ်"

ဟု ဆိုလိုက်သည်နှင့် ကျွန်ုပ်၏ ခန္ဓာကိုယ်နံဘေးမှ ထိုးထွက်လာသော လက်မောင်း မည်းမည်းထွားထွားတစ်ခု။

"အလို"

တစ်ဖက်ဝိုင်းမှ လူများ အားလုံးကြက်သေသေကုန်၏။ နောက်သူတို့၏ မျက်လုံးများကို အသေအချာ ပွတ်၍ ကျွန်ုပ်၏ ခန္ဓာကိုယ်နှင့် ခန္ဓာကိုယ်ထက် အဆမတန် ကြီးမားနေသော လက်မောင်းကြီးကို ဇဝေဇဝါကြည့်၏။ မှုးလည်းမှုးနေ၊ အရှေ့က လူတွေကလည်း ကွယ်နေကြ၍ ထင့်ဆရာမ မန္တလေးခင်၏ လက်မောင်းကို ကျွန်ုပ် လက်မောင်းဟုပင် ထင်နေပုံရ၏။ ကျွန်ုပ်လည်း ရရှိသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဟန်ပါပါနှင့် . . .

"ဒီမှာ . . .ကိုယ့်လူတို့"

ကျွန်ုပ်၏ စကားသံနှင့်လိုက်ဖက်အောင် ဆရာမ မန္တလေးခင်မှလည်း လက်ညှိုးကို ငေါက်ငေါက်ထိုး၏။

ပီပြင်ပေစွ . . .။

"ကိုယ့်လူတို့ ကျွန်ုပ်တို့ကို ဘယ်လိုကောင် အွတ်"

ကျွန်ုပ်စကားပင် မဆုံး။ ဆရာမ မန္တလေးခင်မှာ ပိုမို ပီပြင်စေရန်ထင့် သူ့လက်မောင်းသား ထွားထွားနှင့် ကျွန်ုပ်၏ ခါးကို ဟန်ပါပါထောက်လိုက်ရာ ခါးကို မထောက်မိဘဲ ကျွန်ုပ်၏ ဆဋ္ဌမနံရိုးကို ခပ်ဆတ်ဆတ်ထိုးမိ၍ ကျွန်ုပ်မှာ စကားပင် ထပ်မဆက်နိုင်တော့ . . .။

ကျွန်ုပ်လည်း ရုတ်တရက် အသက်ရှူ မရလောက်အောင် အောင့်သွားသဖြင့် ကြက်သေ သေသွားရလေ၏။

ကျွန်ုပ် အဖြစ်အပျက်ကို မြင်သည်နှင့် တစ်ဖက်ဝိုင်းမှ လူများ 'ဝုန်း' ခနဲ ပြေးထလာလေသည်။

ကျွန်ုပ်လည်း ဒီတစ်ခါတော့ သွားပြီ။ သူတို့ဝင်ရိုက်ရင် ငါ့တို့တော့ သေပြီ။ ငါ့ဘဝတော့ ဆုံးပြီဟု ထင်မှတ်နေစဉ်ပင် ကျွန်ုပ်ထင်မှတ်ထားသလို မဟုတ်ဘဲ . . .

"ဟေ့ကောင် . . . ယပ်တောင်၊ ယပ်တောင်"

"ရေခဲနဲ့ အုံရမယ်ထင်တယ်"

"နှာရှူဆေး လုပ်ပါဟ"

စသည့်ဖြင့် ပျာပျာသလဲ ဖြစ်ကုန်ကြ၏။ သူတို့အားလုံး ယပ်တောင်နှင့် ခပ်ပေးသူတွေက ခပ်ပေး။ ရေခဲနှင့် အုံပေးသူက အုံပေး။ နှာရှူဆေး နှင့် နှာခေါင်းနား တေ့ပေးသူက တေ့ပေးနှင့် ပြုစုပေးရာ အတန်ကြာမှပင် ကျွန်ုပ်လည်း ဟန်မပျက် စကားပြန်ပြောနိုင်လေသည်။

"မင်းတို့ ငါ့ကို ဘာကောင် "

ကျွန်ုပ်စကား မဆုံးမီ လူမိုက်များ ကြောက်လန့်တကြားဖြင့်...

"ဟာသိပါတယ်။ သိပါတယ်။ ကြောက်ပါပြီခင်ဗျာ။ နောက်မလုပ်တော့ပါဘူး "

စသည်ဖြင့် ဝိုင်းတောင်းပန်နေကြသဖြင့် ကျွန်ုပ်လည်း မာန်တက်ပြီး . . .

"အေး. . .မသိရင် မှတ်ထား။ ဗန်ဒိုလူကြီးဆိုတာ ငါပဲ "

"ဟာ . . . ဟုတ်ကဲ့ သိပါပြီ။ ဘန်ဂလိုကြီး။ အဲလေ. . .ဗန်ဒိုကြီးရယ်။ အဘတို့ အေးအေးဆေးဆေး သောက်ကြပါ။ လိုရင်ထပ်မှာပါ။ ကျွန်တော်တို့ ဒကာခံပါရစေ "

စသည့်ဖြင့် ပျာပျာသလဲနှင့် အငမ်းမရ ဝိုင်းဝန်းတောင်းပန်ပြီး ရှင်မြူးတက်ကြွစေသောဆေးရည်မှာပေး အမြည်းမှာပေးနှင့် လွန်စွာ ဂရုစိုက်နေကြသောကြောင့် ကျွန်ုပ်လည်း သက်ာမကင်း ဖြစ်လာပြီး . . .

"မင်းတို့ ငါ့တို့ကို တကယ်ကြောက်တာလား "

လူမိုက်များ အလန့်တကြားဖြင့် . . .

"ဟာ . . . ကြောက်ပါသော်ကောဗျာ။ တကယ်ကို ကြောက်တာပါ ဘုရားစူးရစေ့ "

ဤတွင် ပန်းချီကေလတ်မှ တစ်စခန်းထ၍ ငါးဇင်ရိုင်းသဖွယ် အရိုးများသော ရင်ကိုစွင့်၍ . . .

"ကျုပ်ရဲ့ ခန္ဓာကိုယ် ထွားကြိုင်းမှု အပေါ် ခင်ဗျားတို့ အံ့အားသင့် ကြောက်လန့်သွားတာ မဟုတ်လား "

ဆရာနန္ဒာမိုးကြယ်မှလည်း အားကျမခံ . . .

" ဘယ်ဟုတ်မလဲကွ ငါရဲ့ လက်မောင်းမှာ ထိုးထားတဲ့ အိမ်မြှောင် အတက်အဆင်းနဲ့ ငါ့ရဲ့ ပြတ်သားတဲ့ ဥပမိ တည်ကြည်မှုကို ကြည့်ရင်းကြည့်ရင်း ရိုသေလေးစားသွားတာကွ "

ဟု ဝင့်၍ ပနာယူနေသေး၍ ကျွန်ုပ်လည်း မနေသာတော့ဘဲ. . .

" အို. . .အိုး. . .ဘယ်နှယ့် ဟုတ်ရမှာတုံး။ ကျွန်ုပ်ရဲ့ ခန္ဓာ

ကိုယ် ကြံ့ခိုင်မှုနဲ့ လျင်မြန်ဖျတ်လတ်မှုတို့ကို ရိပ်မိသွားလို့ ဖြစ်မှာပါကွ။ ဟုတ်တယ် မဟုတ်လား သူငယ် ”

ဟု ဝင့်ဝင့်ကြွားကြွား မေးလိုက်ရာ ထိုသူများအားလုံး ခေါင်းကို ဖြည်းညင်းစွာ ယမ်းကြကုန်၏။

“ဒါဖြင့် ဘာကြောင့် ဒီလောက်တောင် ကြောက်ရသလဲ ရှင်းပြစမ်း” ဟုဆိုလိုက်ရာ ထိုသူများက ပျာပျာသလဲဖြင့်. . .

“ဒေါ. . .ဒေါသမထွက်ပါနဲ့ အဘရယ်။ ရှင်းပြဆို ရှင်းပြပါမယ်”

ကျွန်ုပ်လည်း အပေါ်စီးရနေပြီမို့ ပို၍ ဖိဟောက်လိုက်သည်။

“ဒါဆို မြန်မြန်ရှင်းကွာ”

လူမိုက်များအားလုံး ခေါင်းယမ်းပြီးမှ သက်ပြင်းကို လေးတွဲ့တွဲ့ချရင်း . . .

“အဘတို့ကို ကျွန်တော်တို့ကြောက်တာ တခြားမဟုတ်ဘူး အဘ။ ကျွန်တော်တို့က ဒီရပ်ကွက်မှာ နာမည်ပျက်ရှိတယ်။ နောက်ပြီး အဘတို့အကျီချွတ်လိုက်တော့မှသိတာ။ အဘတို့အားလုံး အကျီပွပွကြီးတွေ ဝတ်ထားလို့ မသိရပေမဲ့ အကျီချွတ်လိုက်တော့မှ အဘတို့ ခန္ဓာကိုယ်တွေက ကမ္ဘာ့ဍာန်း ခန္ဓာကိုယ်တွေ။ လေပြင်းပြင်းတိုက်ရင်တောင် လဲသွားလောက်တယ်။ နောက်ပြီး အဘတို့က အတော်ကို အမူးလွန်နေပြီ။ တကယ်လို့ ကျွန်တော်တို့နဲ့ ရန်ဖြစ်ပြီး အဘတို့ ထထိုးဦး၊ ကျွန်တော်တို့ ဘာမှမလုပ်ဘူး ထားဦး။ အမူးလွန်နေတဲ့ အဘတို့ ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်ဘဲ လဲသွားရင်တောင် ဒီလို ခန္ဓာကိုယ်မျိုးနဲ့ဆို ဘယ်လိုမဆို ဆုံးသွားနိုင်တယ်”

“အဲသည်လို ဆုံးသွားရင် ကျွန်တော်တို့နဲ့ ရန်ဖြစ်ပြီး ထိုးကြ၊ ကြိတ်ကြလို့ ဆုံးတယ်ဆိုပြီး နာမည်ပျက်ရှိတဲ့ ကျွန်တော်တို့ပဲ အမှုပတ်မယ်။ ဒါမှမဟုတ် အဘတို့ ပြေးထိုးဦး ကျွန်တော်တို့ လက်ကလေးနဲ့ လှမ်းတားထားလိုက်ရုံနဲ့ အဘတို့ နံရိုးတွေ အချိန်မရွေး ကျိုးသွားနိုင်တယ်။ အဲသည်လိုဆိုလည်း နာမည်ပျက် ရှိတဲ့ ကျွန်တော်တို့ပဲ အမှုပတ်မယ်”

“နောက်ဆုံး ကျွန်တော်တို့ ကိုယ့်ဘာသာကိုယ် မကျေနပ်လို့ စားပွဲခုံကို လက်နဲ့ ထုချလိုက်ဦး အဘတို့ထဲက တစ်ယောက်ယောက် လေဟပ်ပြီး လန့်ဖျပ်ဆုံးသွားနိုင်သေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အဘ၊ ကျွန်တော်တို့ အဘတို့နဲ့ ရန်ဖြစ်ရင် ဘုမသိဘမသိနဲ့ လူသတ်မှုဖြစ်ပြီး ထောင်ထဲရောက်သွားမှာ ကြောက်လို့ တောင်းပန်နေရတာပါ အဘရယ်။ ကျွန်တော်တို့ကို သနားရင် ဘာမှ လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့နော်။ အဘရယ် ရှိခိုးဆို ရှိခိုး

ပါ့မယ် ”

“ဟေ”

ထိုသူငယ် ရှင်းပြတော့မှ ကျွန်ုပ်တို့လည်း အဖြေရှင်းသွားတော့၏။ သူတို့ ကျွန်ုပ်တို့အား ကြောက်ရခြင်းမှာ သူတို့နှင့် ရန်ဖြစ်ပြီး မတော်တဆ ကျွန်ုပ်တို့ ဆုံးသွားလျှင် သူတို့ကို အမှုပတ်ပြီး သူတို့လူသတ်မှုနှင့် ထောင်ထဲ ရောက်မည်စိုး၍ပင် ဖြစ်လေသည်။

“အဘတို့ အင်္ကျီလေးတွေ ပြန်ဝတ်ထားကြနော်။ တော်ကြာ အအေးမိပြီး ဆုံးသွားရင် ကျွန်တော်တို့နဲ့ ရန်ဖြစ်ပြီး ရှော့ဖြစ်သွားတယ်ဆိုပြီး ကျွန်တော်တို့ အမှုပတ်နေပါဦးမယ်”

“အဘတို့ အိမ်ပြန်ကြမလား။ ကျွန်တော်တို့ အိမ်အရောက် လိုက်ပို့ပေးပါရစေ။ တော်ကြာ လမ်းမှာ အမူးလွန်လို့ မှောက်လဲပြီး ဆုံးနေရင် ကျွန်တော်တို့နဲ့ ရန်ဖြစ်လို့ထင်ပြီး နာမည်ပျက်ရှိတဲ့ ကျွန်တော်တို့ကို အမှုလာပတ်ပြီး ထောင်ထဲရောက်နေဦးမယ် ”

ဟု ဆိုပြီး ကျွန်ုပ်တို့ကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးသည့်အပြင် အိမ်ပေါက်ဝရောက်သော် . . .

“ကျေးဇူးကြီးလှပါတယ် အဘရယ်။ အဘတို့ အခုလိုရှောရှော ရှူရှူ အိမ်ပြန်ရောက်တာ ကျွန်တော်တို့ ထောင်ထဲရောက်မယ့် အရေးကို ကယ်တင်လိုက်သလိုပါပဲ။ အဲဒီအတွက် ကျေးဇူးတင်လွန်းလို့ ကျွန်တော်တို့ အဘကို ကန်တော့ပါရစေ”

ဟု ဆို၍ မြေပြင်သို့ ပြားပြားဝပ်မျှ ညွတ်တွား၍ ကန်တော့သွားကြလေတော့ချေသည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး ကျွန်ုပ်မှာ ရှက်လွန်း၍ အိမ်ထဲမှ အိမ်ပြင်သို့ မထွက်ရဲလောက်အောင် ဖြစ်ခဲ့ရသော်လည်း ကျွန်ုပ်တို့ ရပ်ကွက်ထဲမှာတော့ လွန်စွာ ဆိုးသွမ်းလှသော လူဆိုးလူမိုက်များပင် အစွယ်ကျိုး၍ မြေပြင်သို့ ပြားပြားဝပ် ကန်တော့ရသော ကျွန်ုပ်တို့လေးဦးမှာ ဒဏ္ဍာရီထဲမှ သူရဲကောင်းသဖွယ် ပြောမဆုံးပေါင် တောသုံးထောင်အဖြစ် တွင်ရစ်ခဲ့လေတော့သည်။

❖ ❖ ❖



 www.burmeseclassic.com 

# သူ့ကိုတစ်ခါမြင်ကတည်းက လူကြီးမှန်းသိပါတယ်

“ဒေါက် …..ဒေါက် …..ဒေါက် ”

“ဘယ်သူလဲ”

“ဟဲဗီးစူပါ မြန်မာဒါရိုက်တာ စိန်အုံးပါ”

နာမည်ကြားရုံနှင့် အသားပါ တဆတ်ဆတ်တုန်လောက်အောင် ဒေါသ ထွက်လှသဖြင့် တစ်လုံးတည်းသော စကားကိုသာ ပြောနိုင်၏။

“ပြန်”

“တိုင်ပင်စရာလေးရှိလို့ တံခါးလေး ဖွင့်ပါဦး ”

“ဖွင့်ဘူး။ တိုင်ပင်နဲ့”

“ဟင်း”(သက်ပြင်းချသံ)

“အဲဒါပဲ။ အဘတို့ လူကြီးတွေဟာ ပြောရဆိုရ နားလည်ရ အင် မတန်ခက်တယ်။ အပြင်လောကကြီးမှာ ဘာတွေဖြစ်နေတယ် ဆိုတာလည်း လေ့လာပါဦး”

“လေ့လာဘူး”

(သက်ပြင်းချသံ ထပ်မံကြားရ၏။)

“အဲသည်လို ခေါင်းမမာနဲ့လေ။ အဘကို ကျွန်တော်က ရာဇဝင်မှာ

စာတင်ပြီး ကမ္ဘာကျော်မယ့် အိုင်ဒီယာတစ်ခုတိုင်ပင်ချင်လို့။ ဒီထက် ပိုထူးခြားတာက တကယ် နိုင်ငံကျော်သွားမှာက အဘဗျ၊ အဘ ”

“ရာဇဝင်မှာ စာတင်ပြီး နိုင်ငံကျော်သွားမယ်ဆိုပါလား”

ကျွန်ုပ်သာ ကမ္ဘာကျော်သွားလို့ကတော့ ကျွန်ုပ်စဥ်းစားရပြီ။ အနည်းငယ် တွေဝေသွားမိ၏။ ထို့နောက် စိန်အုံး၏ အစီအစဥ်ကိုလည်း အနည်းငယ် သိချင်သွားမိ၏။ ထို့ကြောင့် လေသံကို လျှော့ပြီး ……

“မင်းမှာ ကမ္ဘာကျော်မယ့် ဘာအစီအစဥ် ရှိလို့လဲ”

ကျွန်ုပ်အနည်းငယ် လေသံပျော့သွားသည်ကို သိသော စိန်အုံးမှ အားတက်သရောဖြင့် ……

“သိပ်ကောင်းတဲ့ အိုင်ဒီယာပေါ့ အဘရာ။ အဲဒါက ထူးထူးခြားခြား မဟုတ်ဘူးအဘ။ အပျိုမ,မဂ္ဂဇင်းမှာ ရေးထားတဲ့ ‘အာနိုးနှင့် ကြော်ငြာ’ တို့ ‘ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ’ တို့ကို ကျွန်တော်ဖတ်မိပြီး မျက်ရည်ဝိုင်းလောက်အောင် ခံစားရတယ်ဗျာ။ အဲသည် ဇာတ်လမ်းလေးတွေဖတ်ပြီးမှ ကျွန်တော် ဒီ… အိုင်ဒီယာကို ရလိုက်တာ။ ကောင်းတယ်ဗျာ ”

“ဟဲ့ …. အဲသည့်ဇာတ်လမ်းတွေက မင်းတို့ကို သရော်ပြီး ရယ်စရာရေးထားတာ။ မင်းက ဘာကိစ္စ မျက်ရည်ဝိုင်းနေရတာတုံး”

“အဲဒါပဲလေ။ လွမ်းစရာဇာတ်ရိုက်ရင် ရယ်ရမယ်။ ရယ်စရာဇာတ်ရိုက်ရင် ဒေါသထွက်ရမယ်။ ဒါ…. မြန်မာမှုပဲ”

“အလို….. အထူးအဆန်းပါလား။ ဒါနဲ့ ငါက ဘယ့်နှယ်ကြောင့် နိုင်ငံကျော်ရမှာတုံး”

“ရှင်းပြမယ်လေ။ အခုကျွန်တော် အဲသည် ဇာတ်လမ်းလေးတွေ အားလုံးပေါင်းပြီး နိုင်ငံကျော်မယ့် ဗီဒီယိုကား ရိုက်မလို့ဗျ”

“ဟဲ့….ဟဲ့ ကြည့်လုပ်ပါဦး ။ အဲသည် ဇာတ်မှာပါတဲ့ အာနိုးတို့၊ ဂျိမ်းကင်မရွန်တို့ စပီးဘတ်(ခ်) တို့ဟာ ကမ္ဘာကျော် အင်္ဂလိပ်မင်းသားတွေ၊ အင်္ဂလိပ် ဒါရိုက်တာတွေဟ၊ မောင်ရင်က အဲသည်ဇာတ်တွေ ပြန်ရိုက်မယ် ဆိုတော့ အဲသည် လူတွေကို ပြန်ငှားနိုင်လို့လား ”

“ဟင်း”

(သက်ပြင်းချသံ ကြားရ၏)

“အဲဒါကြောင့် အဘကိုပြောတာ။ အပြင်လောကကိုလည်း လေ့လာပါဦးလို့ ။ အပြင်မှာ ဘယ်သူရောက်နေတယ် ထင်သတုံး”

“ဘယ်သူ ရောက်နေလို့တုံး”

"အဘကိုယ်တိုင် တစ်ချက်လေ့လာကြည့်လိုက်လေ"

စိန်အုံး၏စကားကြောင့် ကျွန်ုပ်စိတ်ဝင်စားသွားမိ၏။ ထို့ကြောင့် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် အိမ်ထရံကို အနည်းငယ် ဖြဲ၍ ကြည့်လိုက်ရာ အိမ်ရှေ့တွင် လှပသေသပ်စွာ ရပ်ထားသော မာစီဒီကားသစ်တစ်စီး။ ကားပေါ်တွင် ခန့်ညားစွာ ထိုင်နေသော လူတစ်ယောက်။ မသဲမကွဲ အသေအချာ ကြည့်လိုက်မှ.....

"အာနိုး.....မိတ်ဆွေကြီး အာနိုး"

"သိပ်အံ့သြသွားသလား။ အဲဒါကြောင့် ပြောတာ အပြင်လောကကို လည်း လေ့လာပါဦးလို့ ။ အပြင်မှာ ဒီထက် အံ့သြစရာတွေ အများကြီးရှိသေးတယ်။

ကျွန်ုပ်လည်း စိန်အုံး၏စကားဆုံးအောင် နားမထောင်တော့ဘဲ အိမ်တံခါးကို 'ဝုန်း' ခနဲ ဆွဲဖွင့်ပြီး အိမ်အပြင်ထွက်လိုက်မိ၏။

ထို့နောက် ကျွန်ုပ်မိတ်ဆွေကြီး အာနိုးကိုကြို၍ အိမ်ရှေ့ ကမန်းကတန်းလှမ်းထွက်လိုက်ရာ စိန်အုံးမှ ကျွန်ုပ်ရှေ့ ပိတ်ရပ်လိုက်ပြီး ကျွန်ုပ်လက်ကိုဆွဲ၍

"အိုး.....ဟိုး.....နေပါဦး အဘရယ်။ သူက အဘကိုဂါရဝပြုဖို့ လာတာပါ။ အဘ အိမ်ပြင်ကနေ အေးအေးဆေးဆေး စောင့်နေပါ။ သူဆင်းလာပါလိမ့်မယ်"

ဟု ဆို၍ လက်ကိုဆွဲပြီး အိမ်ကပြင်တွင် ထိုင်ခိုင်းသောကြောင့် ကျွန်ုပ်လည်း ယောင်နနနှင့် ထိုင်လိုက်မိ၏။ ထို့နောက် စိန်အုံးမှ ကားဆီသို့ ဝေ့ကြည့်ပြီး လက်ခုပ်နှစ်ချက် ဆင့်တီးလိုက်သည်။

"ဖြောင်းဖြောင်း"

လက်ခုပ်သံကြားသည်နှင့် အာနိုးကြီး ကျွန်ုပ်ကို ဟန်ပါပါ ဆတ်ခနဲ ဝေ့ကြည့်သည်။ ကျွန်ုပ်ကို တွေ့သွားသောအခါ ဘယ်တော့မှ မရယ်မပြုံးလိုသော အာနိုးကြီးရယ်ပြ၏။

ကျွန်ုပ်လည်း အလိုက်သင့် ပြန်ရယ်ပြမိ၏။

ကျွန်ုပ်ရယ်ပြသည်ကို မြင်သည်နှင့် လှစ်ခနဲ မျက်စပစ်လိုက်သည်။

"ဟင်"

အာနိုးကြီး၏ ထူးခြားသောအပြုအမူကြောင့် ကျွန်ုပ် ရုတ်တရက် ကြောင်သွားမိ၏။ ကျွန်ုပ် ကြောင်သွားသည်ကို မကျေနပ်သလို ဟန်မျိုးဖြင့် အာနိုးကြီး မျက်စောင်းထိုးပြန်၏။

'အလို' အာနိုးကြီး ဘယ်လိုဖြစ်သွားပါလိမ့်။

ကျွန်ုပ်၏ အတွေးမဆုံးမီ အာနိုးကြီးမှာ သူ၏ ကြီးမားတုတ်ခိုင်သော မေးရိုးကြီးကို အရှေ့သို့ ငေါထွက်လာအောင် နှုတ်ခမ်းကို ခတ်ချွန်ချွန်စူပြီး သူ့လက်ဖဝါးနှင့် နှုတ်ခမ်းကို ရွရွကလေးထိကာ ဖလိုင်းကစ်(စ်)ပေးသည်။

အာနိုးကြီး အပြုအမူကြောင့် ကျွန်ုပ်ပင် ယောင်ကမ်းကမ်းနှင့် ဖလိုင်းကစ်(စ်) ပြန်လုပ်မိ၏။ ထိုတော့မှ အာနိုးကြီး ကျေနပ်သွားဟန်ဖြင့် ကားတံခါးကို ဖွင့်လိုက်သည်။

ဆင်းလာပါပြီ အာနိုးကြီး။

မြေပြင်သို့ စတင်ထိတွေ့သော ခြေလှမ်းနှင့် အတူ ကျွန်ုပ်၏ အာမေဋိတ် . . .

'ဟဲ့ . . . လေဒီရှူး'

'အလို ခြေသလုံးမွေး'

'ပေါ်လာပြီ ခန္ဓာကိုယ်တစ်ဝက်'

'ဟဲ့ ......တလွဲတွေ'

'ထွက်လာပြီ တစ်ကိုယ်လုံး'

"အောင်မလေး သေပါပြီ... "

ကားပေါ်မှ ဆင်းလာသူမှာ ကျွန်ုပ်၏ မိတ်ဆွေအာနိုး အစစ်မဟုတ်ပါ။ အာနိုးနှင့် မျက်နှာတစ်ခွက် ၊ ချွတ်စွပ်တူသော အာနိုးအတု မိန်းမလျာ တစ်ဦးပင် ဖြစ်၏။ ကြည့်ပါဦး။ သူ...လမ်းလျှောက်လာပုံ။

ကြီးမားခန့်ထည်သော မေးရိုးကြီးမှ အားမနာ ကြာမူဟန်ပန်မျက်နှာ ပေးနှင့် အပျို့ဖျန်းကလေး ကျူရှင်ပြန် လက်ဖက်ရည်ဆိုင်ရှေ့ ဖြတ်လျှောက် ရသလို အမူပိုစွာ ဘယ်ယိမ်းညာနွဲ့ ကနွဲ့ကလျ လျှောက်လှမ်းပုံမှာ အသည်း ယားစရာ။

ထိုအာနိုးကို ကြည့်ရင်း ကျွန်ုပ်သာ ဆရာလက္ခဏာဖြစ်ပါက ဝတ်ထားသော လက်စွပ်များနှင့် ချွတ်ပေါက်မိမည်။ ဆရာမောင်မြေသွေး ဖြစ်ပါက ခွက်ပုန်းမှော့ရန် ဖွက်ထားသော လက်ကျန်အရက်ပုလင်းဖြင့် ထရိုက်မိမည်။ ဆရာ နန္ဒာမိုးကြယ်ဖြစ်ပါက ဖလက်တွဲရန် ဆောင်ထားသော အရိုးအသွားနီးတစ်ပြားစာ ခဲတံချွန်ဓားနှင့် ထထိုးမိမည်လားမသိ။

ကြည့်ပါဦး။ ထိုအာနိုး ကျွန်ုပ်နားရောက်သည်နှင့်......

"ဟယ်. . .အဘကို များက တော်တော်ကြီးပြီထင်တာ။ အသက် ငယ်ငယ်လေးပဲ။ ဟာပဲ ဟာကို များဟာကို"

ဟုဆိုလိုက်ပြီး . . .

"ဟယ် . . . ကြည့်ပါဦး။ မုတ်ဆိတ်ကြီးက အသည်းယား စရာ။ နုတ်ကြည့်မယ်နော်"

ဟုဆို၍နှစ်ရှည်လများ တယုတယတသသထားခဲ့သော မုတ်ဆိတ်များကိုသူ၏ လက်သည်းနီဆိုးထားသော လက်ဖြင့် ခပ်ဆတ်ဆတ်ဆွဲ၍ နှစ်ပင်သုံးပင် နုတ်သွားသေး၏။ ကွယ်…မျက်ရည်များပင် ဝိုင်းရပြန်ပြီ။

"ကိုင်း. . .ဘယ့်နှယ်လဲ။ အခုတော့ ပိုအံ့အားသင့်သွားရပြီ မဟုတ်လား"

စိန်အုံး၏ စကားကို နားထောင်ရင်း ကျွန်ုပ်အား မျက်စောင်းထိုးလိုက်၊ အောက်နှုတ်ခမ်းကိုကိုက်၍ သူ့လက်သီးဆုပ်နှင့် ကျွန်ုပ်၏ ပြောင်နေသောနဖူးကို ခပ်ဖွဖွလေးထုမလို လုပ်လိုက်။

နှုတ်ခမ်းစူပြလိုက်နှင့် အမျိုးမျိုးလုပ်ပြနေသော အာနိုးကြီးကိုလည်း အထိတ်တလန့်ကြည့်ရင်း . . .

" အဲ. . .အံ့သြရပါပြီကွယ်။ အဲ. . .ဒါ. . .ဒါနဲ့ ဒါကြီးကို ဘာကိစ္စ ကျွန်ုပ်အိမ် ခေါ်ခဲ့ရတာလဲဟင်"

ကျွန်ုပ်၏ စကားဆုံးသည်နှင့် စိန်အုံးမှာ ဘာကို သဘောပေါက်သွားသည်မသိ။ ရုတ်တရက် သူ၏ မည်းညစ်ညစ်မျက်နှာ ဝင်းလက်သွားပြီး......

"ဟာ. . .ကောင်းလိုက်တာဗျာ။ အဲဒါကြောင့် အဘကို ချစ်နေရတာ "

ဟဲ့. . . ဆို၍ သူပါ ကျွန်ုပ်၏မေးဖျားကို ဆွဲညှစ်သလိုနှင့် မုတ်ဆိတ် နှစ်ပင် သုံးပင် ဆွဲနုတ်သွားပြန်၏။ အငိုထူသော ကျွန်ုပ်ပို၍ပင် မျက်ရည်ဝိုင်းသွားမိ၏။ မုတ်ဆိတ်ကို အစိမ်းလိုက် နုတ်သွား၍ နာလွန်း၍ ဖြစ်သည်။ သို့သော် ကျွန်ုပ်နာကျင်မှုကို ဂရုမစိုက်အားသေးဘဲ မရှင်းသည်များ ကို ထပ်မေးရလေ၏။

"ဘာ. . .ဘာကို ကောင်းတာလဲဟင်။ ဘာကြောင့် အဘကို တစ်ဖက်သတ်ကြီး ချစ်နေရတာလဲဟင်"

"နာမည်ကိုပေါ့ဗျ။ ကျွန်တော်က သူ့ကို မင်းသားတင်ရိုက်ဖို့ ကို နာမည်ဘာပေးရမယ်ဆိုတာ စဉ်းစားနေတာ။ ခုန အဘ ပြောလိုက်မှ နာမည်ရသွားပြီ "

"ဘ. . .ဘာများ စကားမှားပြီး ဘာနာမည် ပေးလိုက်မိလို့လဲဟင်။

"နာမည်ကြီး စူပါမင်းသား ဒွေးနဲ့ လည်း နာမည်ချင်းလည်း ခပ်ဆင်ဆင်။ လူတွေလည်း ခေါ်ရလွယ်အောင် သူ့ကိုမှည့်လိုက်တော့မယ် ဗေဒင်ဆရာခလည်း သက်သာသွားပြီ . . . မကောင်းဘူးလားဟင် "

ဟု ဆိုပြီး အာနိုး ဘက်လှည့် မေးလိုက်ရာ အာနိုးမှ . . .

" ကိုကို့ဘော. . . ကိုကို့ဘော"

အမူပို အချွဲလွန်သွား၍ ကိုကို့ သဘောဆိုသည်ပင် ကောင်းစွာမပီတော့ဘဲ ကိုကို့သဘောမှပင် ကိုကို့ဘောဖြစ်သွားရချေတော့သည် တမုံ့။

"ဒါ. . .ဒါနဲ့ သူ့ကို မင်းသားတင် ရိုက်မယ်ဆိုတာ ဘယ်ဇာတ်လမ်းလဲဟင်"

ကျွန်ုပ်၏ အမေးကို စိန်အုံးမှ မဆိုင်းမတွပင် . . .

"အာဘဇာတ်လေ။ အာဘ အပျိုမ မဂ္ဂဇင်းမှာ ရေးထားတဲ့ အာနိုးနှင့် ကြော်ငြာနဲ့ ပြုတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများတို့မှာ အာနိုးနေရာက ထားပြီး ရိုက်မှာ"

"ဟဲ့..ဒါဖြင့် ဂျိမ်းကင်မရွန်နေရာကရော"

စိန်အုံးမှ မဆိုင်းမတွပင် . . .

" ကျွန်တော်ပဲလေ။ ဂျိမ်းကင်မရွန်နဲ့ တူတာဆိုလို့ မြန်မာပြည်မှာ ကျွန်တော်ပဲ ရှိတာပဲ "

"ဟဲ့ . . . တလွဲတွေတော့ ဖြစ်ပြီထင်ပ။ ဒါနဲ့ စပီးဘတ်(ခ်) နေရာကရော"

"ရှုတင်ထမင်းချက်တဲ့ မာမွတ်လေ။ သူလည်း စပိဘတ်(ခ်)လို မုတ်ဆိတ်ရှည်နဲ့ပဲဟာ"

"သေပါပြီ ။ စပိ(စ်)မာမွတ်ဘတ်(စ်) အဲလေ။ ဒါနဲ့.....ဒါနဲ့။ မင်း. . .မင်း စိန်အုံးနေရာကရော ဘယ် . . . ဘယ်သူလဲ"

"ဟ . . . အာဘလေဗျာ။အာဘကျွန်တော်နဲ့ ချွတ်စွပ်တူတာ ကျွန်တော့် ဥပမိ မီတာဆိုလို့ မြန်မာပြည်မှာ အာဘ တစ်ယောက်တည်းရှိတာပဲ"

"အောင်မလေး သေပါပြီဗျ ။ လူပေါင်းမှားပြန်ပဟ "

" မမှားနဲ့ဦး မနက်ဖြန် ရှုတင်စမှာ စောစောလာခဲ့ "

* * *

ထိုအချိန်ကတည်းက လူပေါင်းမှားမှန်းသိသော်လည်း နဂိုပိုးအခံရှိသော ကျွန်ုပ်နောက်တစ်နေ့ မနက်ကို ရှုတင်သို့ မသွားဘဲမနေနိုင်။ ထို့ကြောင့် မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့်သာ ရှုတင်ရှိရာသို့ ကုပ်ချောင်းချောင်း

နှင့် ရောက်သွားလေသည်။

ကျွန်ုပ်ရောက်သွားချိန်တွင် ရှုတင်၌ လူအတော်စုံနေပြီ။ ကျွန်ုပ်ကို မြင်သည် နှင့် စိန်အုံးမှ . . .

"ဟာ . . . အဘ။ တယ်နောက်ကျတာကိုး။ ရိုက်ကွင်းက စနေပါပြီ။ ဒါရိုက်တာဆိုတာ နောက်ကျလို့မရဘူးလေ "

စိန်အုံး၏စကားကြောင့် ကျွန်ုပ်မျက်လုံးပြူးသွားရ၏။

'ဟဲ့. . .ငါက ဒါရိုက်တာမှ မဟုတ်ဘဲ"

စိန်အုံးမှ ကျွန်ုပ်ကို မခန့်လေးစားကြည့်၍ . . .

"ကျွတ်. . .ဒီဇာတ်လမ်းမှာ အဘက စိန်အုံး။ စိန်အုံးက ဘာဖြစ်လဲ" ဟုဆို၍ ကျူရှင်ဆရာက တပည့်ကျောင်းသားများကို တိုင်ပေးသလို တိုင်ပေးသဖြင့် ကျွန်ုပ်လည်း ယောင်နနနှင့် . . .

"ဒါရိုက်တာ"

ဟုအနောက်က လိုက်ဆိုလိုက်မိ၏။ စိန်အုံးက ကျေနပ်သွားဟန်ဖြင့်

"ကဲ . . . လိုက်ဆို"

"အဲဒီတော့ အဘက"

"စိန်အုံး"

"စိန်အုံးက"

"ဒါရိုက်တာ"

"အဲ . . . အဲဒီတော့ အဘဟာ ဒါရိုက်တာ မဟုတ်လား"

"ဟုတ်ပါတယ် "

"ဒါဆို ဟုတ်ပြီ။ နောက် သင်ခန်းစာတစ်ခုစမယ်။ လမ်းထိပ်မှာ လန်ဒန်သုံးလိပ် သွားပြေးဝယ်လိုက်"

"ဘာကွ"

ကျွန်ုပ် ဒေါသတကြီး အော်လိုက်သည်ကို စိန်အုံးက ဂရုမစိုက်ဘဲ

"ဘာကွတွေ ဘာတွေ လုပ်မနေနဲ့။ ဒါရိုက်တာဆိုတာ မင်းသား လုပ်ခိုင်းတာလုပ်ပေးရတယ်"

"မင်းက ဘာကောင်မို့ ငါက ဝယ်ပေးရမှာလဲ"

"အဲသည်လို မပြောနဲ့လေ။ ဒီဇာတ်မှာ စိန်အုံးသည် ဂျိမ်းကင်မရွန်၊ ဂျိမ်းကင်မရွန်သည် ဒီဇာတ်မှာ မင်းသား။ အဲဒါကြောင့် ဂျိမ်းကင်မရွန်ခေါ် မင်းသားစိန်အုံးပြောတယ်။ စိန်အုံးခေါ် အဘကိုကိုကြီး လမ်းထိပ်မှာ ဆေးလိပ်သွားဝယ်ပေးပါ။ ဒါပဲ။ ရှင်းပါတယ်နော် "

ဟု ဆိုလိုက်ရာ....ကျွန်ုပ်လည်း ဘာမှမတတ်နိုင်။ မှတ်သား ထိုက်လေစွ။

* * *

တကယ်ရာဇဝင်တွင်အောင်ရိုက်မည်ဆိုသော အနိဋ္ဌာတ်ကား မဟာ ကြီးမှာ တကယ်ရိုက်လိုက်သောအခါ တစ်ရက်တည်းနှင့် ပြီးသလောက်ဖြစ် နေပြီ။ စိန်အုံး မင်းသားတင်ရိုက်မည်ဆိုသော မင်းသား အာနိုးမှာလည်း မကျေနပ်။

ကျေနပ်နိုင်ပါ့မလား။ မိတ်ဆွေတို့သာ စဉ်းစားကြည့်။ အနိဋ္ဌအာနိုး မှာလည်း ခေါင်းဆောင်မင်းသားသာ အမည်ခံထားရသည်။ တကယ် ရိုက်တော့ သူ၏ ရာဇဝင်တွင်လောက်သည့် လက်မောင်းပိန်ကြီးကို ကင်မရာ ရှေ့တစ်ခါသာ ထွက်ညှစ်ပြရပြီး ကျန်သည့်အခန်းအားလုံး ဂျိမ်းကင်မရွှန် နေရာယူထားသော စိန်အုံးမှပင် မင်းသမီးနဲ့တွဲကလိုက် သားရေကွင်းဝါးပြီး သီချင်းဆိုဟန်နှင့် ပန်းခြံထဲ လျှောက်ပြေးလိုက်။ မင်းသမီးနှင့် ကုလားထိုင် တစ်လုံး စီတွင်ထိုင်ပြီး တောင်စဉ်ရေမရ စကားတွေ လျှောက်ပြောလိုက်နှင့် တစ်ကားလုံး သူ့ခြေ သူ့လက်သူ့အခန်းချည်းသာ။ စပီးဘတ်(စ်) နေရာ သရုပ် ဆောင်ရမည့် ရှုတင်ထမင်းချက် မာမွတ်မှာလည်း ကင်မရာရှေ့ တစ်ချက်သာ ခေါင်းဝင်ခါပေးရသည့် အပြင် ဒါရိုက်တာ နေရာယူထားသော ကျွန်ုပ်မှာလည်း ကင်မရာရှေ့ကို ယောင်လို့ပင် ဖြတ်မလျှောက်ရသေး။ သို့ဖြင့်ပင် ထိုနေ့ နေစောင်းသွားလေသည်။

"ကဲ . . .ဒီနေ့ ရှုတင်သိမ်း နောက်တစ်ခါမှ ဇာတ်သိမ်းခန်း ဆက်ရိုက်မယ်။ ဇာတ်သိမ်းခန်းကို အဘနဲ့ပဲ ရာဇဝင်တွင်အောင်ရိုက်မယ်။ ဒီနေ့ တော့ သိမ်းတော့ "

ဟု ဆိုလိုက်ရာ တစ်ခန်းမှ မရိုက်ရသေးသော ကျွန်ုပ် ဇာတ်သိမ်း ခန်း ကျွန်ုပ်နှင့် အပီအပြင် ရာဇဝင်တွင်အောင် ရိုက်မည်ဆိုသောအခါ ဝမ်း သာအားရပင် ကျေနပ်လိုက်ရလေသည်။ မင်းသား အာနိုးကတော့ စူပွပွ . . .

* * *

ဤသို့ဖြင့် ကျွန်ုပ်နှင့် ဇာတ်ဝင်ခန်းကို ရာဇဝင်တွင်အောင် အပီအပြင် ရိုက်မည်ဆိုသော စိန်အုံးမှာ လုံးဝပေါ်မလာတော့။ ကျွန်ုပ်လည်း ကျွန်ုပ်၏ အနုပညာစွမ်းကို ဒီတစ်ခါ မီးကုန်ယမ်းကုန်ချမည်ဟု အားခဲထားသော်လည်း စိန်အုံးမှာလုံးဝပေါ်မလာတော့။

တစ်လ . . .

နှစ်လ . . .

ခြောက်လ . . .

ကျွန်ုပ် လုံးဝစိတ်လျှော့လိုက်သည်။ ဤကဲ့သို့ လုံးဝယုံချင်စရာ မကောင်းသော အနီလူကိုမှ ယုံကြည်မိသည့်အတွက် ကျွန်ုပ်ကို ကျွန်ုပ်သာ အပြစ်တင်နေလိုက်တော့၏။ သို့သော် နာမည်ကြီးရန် ကံဇာတာပါသော အကျွန်ုပ်ထံ မထင်မှတ်အချိန်၌ ရာဇဝင်တွင်မည့် အဖြစ်အပျက်တစ်ခု ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာလေ၏။

* * *

ထိုနေ့ . . .

ချမ်းချမ်းစီးစီးနှင့် အိပ်ရာဝင်ကွေးကောင်း၍ ကွေးနေစဉ် အိမ်ရှေ့ အလောတကြီးဖြင့် ကားတစ်စီး ထိုးဆိုက်လာသည်။ နောက်......ပြေးလာ သောခြေသံများ ။ ပြီးနောက် ခေါ်သံတစ်ခု။

"အဘ . . . အဘ။ ထပါဦး အဘ"

"ဟေ့ . . . ဘယ်သူလဲကွ"

"ကျွန်တော် စိန်အုံးပါ။ အမြန်ထပါ အဘ"

စိန်အုံး ဘာကိစ္စကြောင့် ဤမျှ အရေးတကြီး၊ဤအချိန်ကြီး ရောက်လာပါလိမ့်။

"အဘ. . .မြန်မြန်ထပါဗျ။ ဒီမှာ အရေးကြီးနေလို့ "

ထပ်မံခေါ်သံကြောင့် ကျွန်ုပ်လည်း ကမန်းကတမ်းထပြီး . . .

"အေး . . . အေး။ လာပါပြီ ဘာကိစ္စ"

ဟု ဆို၍ အလောတကြီး အိမ်တံခါးကို ဆွဲဖွင့်လိုက်ရာ စိန်အုံး သူ့ နောက်မှာ ကင်မရာ အဖွဲ့သားများ။

"မြန်မြန်လုပ်အဘ။ ဟိုတစ်ခါ ကျွန်တော်တို့ ရာဇဝင်တွင်အောင် ရိုက်မယ်ဆိုတဲ့ ဇာတ်ကား၊ ဇာတ်သိမ်းခန်း ရိုက်မယ်"

ဟိုက် . . . ဟုတ်ပဟ။ နာမည်ကြီးချင်တော့လည်း အဲသလို အခွင့်က ကြုံပါပကော။ ကျွန်ုပ်လည်း ဝမ်းသာအားရ . . .

"ဘယ်မှာ ရိုက်မှာလဲ"

"ဒီမှာပဲ ရိုက်မှာပါ။ အဘအိမ်ရှေ့ဆင်းနေ။ ခဏနေ သရုပ်ဆောင် တွေ လာတော့မယ် "

"ဟဲ့ . . . နေပါဦး။ အင်္ကျီလေးဘာလေး"

ကျွန်ုပ်၏ စကားကို ကိုစိန်အုံးမှ အလျင်အမြန်ဖြတ်၍ . . .

"ဟာ. . . လဲမနေပါနဲ့ တော့ အဘရာ။ မမီတော့ဘဲနေမယ်။ ဒီအတိုင်းသာနေ သူတို့လာရင်သာ နာမည်မေးရင် စိန်အုံးလို့ဖြေလိုက်။ ကျန်တာကတော့ အဘလည်း အက်တာအိုပဲ။ ကြည့်သာပြောဟောဟိုမှာ လာကုန်ပြီ "

ဟု ဆို၍ သူ့ကင်မရာမင်းများအား ညွှန်ကြားနေချိန် အိမ်ရှေ့ သို့ အပြင်းထိုးဆိုက်လာသော ရဲကားတစ်စီး။ ဆင်းလာကြသော ရဲများနှင့် ရပ်ကွက်လူကြီးများ။

အောင်မာ။ စိန်အုံးက ဒီတစ်ခါတော့ လူအစစ်တွေသုံးသား။ရဲများ ကလည်း ကျွန်ုပ်တို့နယ်မြေမှ ရဲအစစ်များ။ ရပ်ကွက်လူကြီးမှာလည်း ကျွန်ုပ်တို့ ရပ်ကွက်လူကြီးအစစ်များဖြစ်သည်။ ကျွန်ုပ်အတွေးမဆုံးမီ ရပ်ကွက်လူကြီး များ နှင့် ရဲများ ကျွန်ုပ်ရှေ့ရောက်လာပြီး . . .

"အဘနာမည်"

ကျွန်ုပ်လည်း စိန်အုံးသင်ပေးသည့်အတိုင်း . . .

"စိန်အုံးပါ"

ကင်မရာမီးများ တဖျတ်ဖျတ် . . .

ရဲများနှင့်ရပ်ကွက်လူကြီးများ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ခေါင်းညိတ်ကြသည်။ အောင်မာ သည်လူတွေ တာဝန်တွေသာ ကျေပွန် အောင်ထမ်းဆောင်နေကြတာ သရုပ်ဆောင်တော့ မဆိုးပဟ။

"ဒါဆို. . .အဘ ဟိုသူငယ်ဆီကလိမ်ထားတဲ့ ဆယ်သိန်း ဘယ်ရောက်သွားပြီလဲ"

ဟိုက် . . . ဘယ့်နှယ့် ဇာတ်ပြောင်းသွားပါလိမ့်။ ရိုက်တုန်းက အချစ်ကား။ အင်းလေ. . .ထားပါတော့ မြန်မာဗီဒီယိုကဖြစ်တတ်ပါတယ်။

သူတို့ညွှန်ပြရာကို ကြည့်လိုက်ရာ ကားပေါ်တွင် အခန့်သားမဲ့ ရွဲ့ ပြီး ထိုင်နေသော အာနိုး။ အောင်မာ ငါလို အက်တာအိုကိုများ မခန့်လေး စားကြည့်လို့။

"ပြောလေ။ အဲဒီသူငယ်ဆီက လိမ်သွားတဲ့ ငွေဆယ်သိန်းရော"

ကျွန်ုပ်လည်း အပီအပြင်ဆုံး ဖြစ်စေရန် မျက်လွှာကို ချလိုက်သည်။ ဦးခေါင်းကိုငုံ့ လိုက်သည်။ သက်ပြင်းကို မှျင်းမှျင်း ချလိုက်သည်။ ပြီးမှ..

"အဘ.....ဖဲရိုက်လိုက်လို့ ကုန်သွားပါပြီ "

"ဘာဗျ"

www.burmeseclassic.com

ကျယ်လောင်သော အော်ဟစ်သံနှင့် အတူ ကျွန်ုပ်ထံ ပြေးဝင်လာသော စိန်အုံး။ သူ့မျက်လုံးမှာ ဒေါသဖြင့် ဝင်းဝင်းတောက်နေသည်။

သူ့ပုံကိုကြည့်ရသည်မှာ ကျွန်ုပ်ကို တကယ် ဆွဲထိုးတော့မည်ပုံ။ ရပ်ကွက်လူကြီးများ အချိန်မီဆွဲလိုက်၍သာ ကျွန်ုပ်ထံသို့ မရောက်လာခြင်းဖြစ်၏။ ရပ်ရှင်မှာသာဆို ဤတစ်ကွက်တည်းနှင့် သူရော ကျွန်ုပ်ပါ အကယ်ဒမီ ရလောက်ပေသည်။ စိန်အုံးမှ ဒေါသတကြီး အော်ဟစ်၍ . . .

"လွှတ်စမ်းပါဗျာ။ ကျုပ် ဒီအဘိုးကြီးကို ဆုံးမချင်လွန်းလို့။ နောက်ခင်ဗျားနဲ့ တွဲတွဲနေတဲ့ ကောင်မလေးကရော"

ကျွန်ုပ်လည်း ယခင်ထက် မလျှော့သော အမူအရာဖြင့် . . .

"အဲဒါ . . . အဘရဲ့ သုံးယောက်မြောက် မယားပါကွယ်"

ကင်မရာမီးများ တဖျတ်ဖျတ် ကျွန်ုပ်၏ အကောင်းဆုံးအက်ရှင် အကယ်ဒမီရှော့။

"ကျုပ်က ခင်ဗျားကို လူကြီး လူကောင်းမှတ်နေတာ အမှန်တော့ ခင်ဗျားက လူလိမ်ကြီးကိုး"

စိန်အုံး၏ ဒေါသတကြီးအော်သံ . . .

"မထင်ရဘူးနော်။ ကျုပ်တို့က ဒီအဘိုးကြီး အသက်ကြီးပြီ ဘုရားတရားနဲ့ နေတယ်မှတ်တာ"

ရပ်ကွက်လူကြီးများ(မှတ်ချက်) ပီပြင်၏။

"ကဲ . . . ကဲ စခန်းကျမှ ဆက်ရှင်းကြတာပေါ့ ။ ကဲ... ရဲဘော် လက်ထိပ်ခတ်ပြီး ခေါ်ခဲ့"

"ချောက်"

ရဲများ၏ အကောင်းဆုံး သရုပ်ဆောင်မှု။

* * *

ဤသို့ဖြင့် ကျွန်ုပ်ရာဇဝင်တွင် ဇာတ်သိမ်းခန်းအတွက် ရဲစခန်းရောက်ကြောင်း သတင်းသည် အနုပညာလောကတွင် တောမီးပမာ ပျံ့နှံ့သွားသော် ကျွန်ုပ်နှင့် သိကျွမ်းခင်မင်သော သတင်းထောက်များ၊ စာနယ်ဇင်းဆရာများ ရောက်လာကြပြီ။ ကျွန်ုပ်ကို ဓာတ်ပုံရိုက် သတင်းယူကြနှင့် ကျွန်ုပ်လည်း ရဲစခန်းရောက်မှ လွန်စွာ မျက်နှာပွင့်နေရသည်။

သို့သော် ကျွန်ုပ်၏ မိတ်ဆွေ စိန်အုံးမှ လုံးဝပေါ်မလာတော့ပါ။ ကျွန်ုပ်လည်း နောက်အခန်း ဘာဆက်လုပ်ရမလဲကို သိလို၍ စောင့်နေသော်လည်း စိန်အုံးလုံးဝပေါ်မလာ။

တစ်ရက် . . .နှစ်ရက် . . .ပေါ်မလာ။

သုံးရက် . . .

သုံးရက်မြောက်သောနေ့တွင် ကျွန်ုပ်ထံ ဝမ်းသာရမည်လား။ ဝမ်းနည်းရမည်လား မသိသည့် သတင်းတစ်ခု ရဲသားလေးတစ်ဦးမှ ယူဆောင်လာသည်။

"အဘ. . .အဘတို့ သတင်းဂျာနယ်ထဲပါလာပြီ။ ဂျာနယ်တွေမှာ ဒီဇိုင်နာလုပ်နေတဲ့ အဘတူ သန်းဇော်သစ်က အဘကို ချစ်လို့ ကျေးဇူးဆပ်ချင်လို့တဲ့။ ဂျာနယ်ဖောင်ပိတ်ချိန်နဲ့ ဆုံနေတာတောင် မရမက အဘပုံမျက်နှာဖုံးမှာ ဖိုးကာလာနဲ့ ထည့်ပေးလိုက်တယ်တဲ့"

ကျွန်ုပ်လည်း လွန်စွာဝမ်းသာသွားပြီး...

'ဟေ . . . ဟုတ်လား။ သန်းဇော်သစ်က အားကိုးရပဟ။ ပြစမ်းပါဦး "

"မောင်ရင်ရယ် အဘကြည့်ချင်လို့ပြပါ။ အဘပုံ ချောလားဟင်။ ပြုံးပြုံးကြီးလား မော်ဒယ်နဲ့တူလား။ စမိုင်းလ်နဲ့ဆို လိုက်မလား"ဟု ကျွန်ုပ်၏ အလောတကြီး အမေးကို ရဲသားလေးမှ စိတ်မရှည် ဟန်ဖြင့် . . .

'ဟာ. . .ကိုယ့်ဘာသာ ကိုယ်ကြည့်ဗျာ ဂျာနယ်ထဲ သတင်းပါတာ ဝမ်းသာစရာမှတ်လို့ 'ဟုဆို၍ ဂျာနယ် လာထိုးထည့် ပေး၍ ကျွန်ုပ်လည်း အလျင်အမြန် ဖွင့်ကြည့်လိုက်ရာ . . .

ဂျာနယ်မျက်နှာဖုံးတွင် ပြုံးပြုံးကြီး ကျွန်ုပ်ပုံ ဖိုးကာလာနှင့် ခတ်ပုံ အောက်တွင် ရေးထားသောစာမှာ.....

နယ်လှည့်လိမ်နေသော နာမည်ကြီး လူလိမ်။

ရော်နယ်ဒိုစိန်အုံး (ခေါ်) စိန်အုံး (ခေါ်) ကိုကိုကြီး။

နေအိမ်တွင် လက်ရဖမ်းဆီးမိပြီ။

"ဟိုက် . . . သေပဟ"

* * *

**(ထိုသို့ဖြစ်ပြီး နောက်တစ်နေ့မှာပင် စိန်အုံးမှာ ငွေလှည့်လိမ်လည်မှုနှင့် ဖမ်းဆီးခံရပြီး ကျွန်ုပ်မှာ အစိုးရသက်သေ အဖြစ် တရားရုံးတွင် ထွက်ဆိုပေးခဲ့ရ၏။ ဤကား စကားချပ်)**

**အကြည်တော်**

www.burmeseclassic.com



# အကြည်တော်

# ပြတ်ထွက်သွားသော ကျောရိုးဆစ်ကလေးများ

ILLUSTRATED BY KO SAN 2003